Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၇) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ　မြန်မာသက္ကရာဇ် (၁၃၆၈)　( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ၈၈မျိုးဆက်များဦးဆောင်ကျင်းပသော ရှစ်လေးလုံးနှစ်ပတ်လည်အခမ်းအနားသို့ ပရိသတ်နှစ်ထောင်ကျော်လာရောက်



တောင်လေးလုံးကျောင်းတိုက်၌ကျင်းပသော ရှစ်လေးလုံးနှစ်ပတ်လည်အခမ်းအနားတွင် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် စုစုနွေးတို့ကို အတူတကွတွေ့မြင်ရစဉ်

လွန်ခဲ့သော (၁၈) နှစ်က (၈) လေးလုံး ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးသွားသောရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ရည်စူးလှူဒါန်းသည့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားဝင်း၊ ဘုရားကြီးတိုက်၊ သိပ္ပံကျောင်းတွင် မင်းကိုနိုင် ဦးဆောင်သော ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများက ဦးဆောင်၍ ပထမဆုံးအကြိမ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ရှစ်လေးလုံးမတိုင်မီတရက်အလို၊ ဩဂုတ် (၇) ရက်နေ့ကတည်းက အခမ်းအနားပြုလုပ်မည့် ခြောက်ထပ်ကြီးဘုရားသို့ ရဲများ၊ သတင်းတပ်ဖွဲ့ဝင်များ၊ စစ်တပ်များနေရာအနှံ့ချထား၍ တင်းကြပ်စွာစောင့်ကြည့်နေသော်လည်း လူနှစ်ထောင်ကျော်တက်ရောက်သော အခမ်းအနားသည် အနှောင့်အယှက်မရှိဘဲပြီးဆုံးသွားခဲ့သည်။

မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများ တက်ရောက်သောအခမ်းအနားသို့ အရေးအခင်းကိုကိုယ်တွေ့ကြုံခဲ့ရသူများ၊ ရန်ကုန်မြို့မှ နိုင်ငံရေးခေါင်းဆောင်များ၊ မြို့ခံပြည်သူလူထုနှင့် မျိုးဆက်သစ်များသာမက နယ်မှပြည်သူများလည်း ရေလမ်းကုန်းလမ်းမှတဆင့်လာရောက်၍ ကျဆုံးသူများအားဂါရဝပြုကြောင်း ပြသခဲ့ကြသည်။

အခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သော ရှစ်လေးလုံးကာလက ကျောင်းသားခေါင်းဆောင်ဖြစ်သူ မင်းကိုနိုင်က “နယ်တွေကတောင် တက်လာကြတယ်ဗျာ၊ ရရာရထားတွေ ကားတွေ သဘော်တွေနဲ့ရောက်လာခဲ့ကြတာပဲ၊ တကယ့်ကို ပင်ပန်းကြီးစွာနဲ့ ရောက်လာခဲ့ကြတာပါ။ ဘာကိုပြနေသလဲဆိုတော့ ကျနော်တို့ပြည်သူတွေဟာ တကယ်တမ်းခြိမ်းခြောက်မှုတွေ ဘယ်လိုပင်ရှိလင့်ကစား ကျနော်တို့ပြည်သူတွေဟာ အမှန်တရားအတွက်ဆိုရင် ရဲရဲကြီးတိုးရဲတယ်ဆိုတဲ့အချက်ကိုပြနေတာ။ အဲဒါကိုတော့ ကျနော်အင်မတန်အားရမိတယ်” ဟု ပြောသည်။

ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုကိုကြီးကလည်း အခမ်းအနားတခုခုလုပ်တိုင်း အာဏာပိုင်များဘက်မှသံသယစိတ်နှင့် မလိုလားအပ်သောတုံ့ပြန်မှုများပြုလုပ်၍၊ စောင့်ကြည့်ခြင်း၊ လုံခြုံရေးတင်းကြပ်ထားခြင်း၊ မလိုအပ်ဘဲအင်အားသုံးခြင်းများပြုလုပ်နေလျှင် အာဏာပိုင်များနှင့်ဒီမိုကရေစီရေးလှုပ်ရှားသူများအကြား နီးစပ်နိုင်သည့်အခြေအနေနှင့် အလှမ်းကွာနေမည်ဖြစ်ကြောင်းပြောသည်။

“ကျနော်တို့မှာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နိုင်တဲ့အခွင့်အလမ်းနဲ့ နည်းလမ်းတွေသာရှိမယ်ဆိုရင် ငြိမ်းချမ်းစွာပဲဆက်လက်ဆောင်ရွက်သွားမှာပဲ၊ ဒီလိုလူစုလူဝေးမျိုးတွေကျင်းပခြင်းအတွက်လည်း ကျနော်တို့အပေါ်မှာ ဘာမှစိုးရိမ်ကြောင့်ကြဖြစ်စရာမလိုဘူး။ ဒါကိုပဲ ကျနော်အသိပေးချင်တယ်” ဟု ကိုကိုကြီးဆိုသည်။

ရှစ်လေးလုံးမျိုးဆက်များနှင့်အတူမကြာ

[redacted]

ကရင်အမျိုးသားသွေးစည်းမှုကို ခေါင်းဆောင်များက အပြောမဟုတ်၊ လက်တွေ့သက်သေပြ

စာမျက်နှာ (၃) အထူးဆောင်းပါး

မင်းဆိုးကို မိုးကြီး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### "တရားဥပဒေစိုးမိုးရေးသည် အဓိက"

ခေတ်သစ်လူ့အဖွဲ့အစည်းတိုင်း၏ ယဉ်ကျေးမှုဆိုင်ရာတိုးတက်မြင့်မားမှု (Culture Development) ကို ယင်းအဖွဲ့အစည်းအတွင်း ချမှတ်ကျင့်သုံးသော တရားဥပဒေစိုးမိုးရေ (Rule of Law) စနစ်မည်မျှတိုးတက်ကောင်းမွန်သည်ဆိုသည့်အချက်က ပြဋ္ဌာန်းလျက်ရှိသည်။ အာဏာရှင်သက်ဦးဆံပိုင်စနစ်ကျင့်သုံးသောနိုင်ငံများတွင်ပင် ၎င်းတို့ ချမှတ်ကျင့်သုံးသောဥပဒေများကို သက်ဆိုင်ရာအစိုးရများက အတိအကျလေးစားလိုက်နာဖို့ ကြိုးပမ်းကြသည်ကိုတွေ့ရသည်။

သို့သော် နိုင်ငံအသီးသီးရှိအစိုးရများက အဓိကဂရုစိုက်လေးစားရသော ဤဥပဒေသကား မြန်မာစစ်အစိုးရအဖို့ ရယ်ပွဲဖွဲ့စရာပင်ဖြစ်သည်။ (၁၉၈၈) ခုနှစ်ကတည်းက အာဏာသိမ်းယူထားသောနအဖအစိုးရသည် စစ်အစိုးရဟု ပြောင်ကြေညာကာ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များကိုထုတ်ပြန်ကာ တိုင်းပြည်ကိုအုပ်ချုပ်လျက်ရှိသည်။ ဗိုလ်ခင်ညွန့်ကို အရေးယူသောကိစ္စနှင့်စပ်လျဉ်း၍ အနာဂတ်တပ်မတော်အကြီးအကဲလောင်းဟု ယူဆခြင်းခံနေရသူ ဗိုလ်ရွှေမန်းက "ဥပဒေအထက်မှာ ဘယ်သူမှမရှိ"ဟု မိုးတလုံးလေတလုံးပြောကြားခဲ့သည်။ တရားဥပဒေစိုးမိုးရေးပျက်ပြယ်နေသော လူ့အဖွဲ့အစည်း၏ဆိုးကျိုးကို အပြင်းအထန်ခံစားနေရသော မြန်မာပြည်သူတို့အဖို့ ဗိုလ်ရွှေမန်း၏ပျက်လုံးအား ငိုအားထက် ရယ်အားမသန်နိုင်တော့။ ငွေများတရားနိုင်သည့်ခေတ်၊ ခေတ်ပျက်သူဌေးများစီးပွားဖြစ်သည့်ခေတ်၊ ဥပဒေအရ ကောင်းရောင်းကောင်းဝယ်လုပ်စားပါက မကြီးပွားနိုင်ဘဲ အာဏာပိုင်များနှင့် သားပေးသမီးယူပြုပါမှ သူဌေးဖြစ်သည့်ခေတ်၊ လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးနယ်ပယ်အသီးသီးတွင် လက်သင့်ရာစားတော်ခေါ်ကြသည့်ခေတ်ကြီးတွင် ကမ္ဘာမီးလောင်၍ သားကောင်ချနင်းရသည့်အဖြစ်ကား ကြေကွဲဖွယ်ရာအတိ။ အူမ မတောင့်နိုင်၍ သီလမစောင့်နိုင်ကြသည့် မြန်မာပြည်သူတို့ကား နေ့တဓူဝ ရင်နင့်စရာအဖြစ်ဆိုးများကိုတွေ့နေရသည်။

အဖိနှိပ်ခံပြည်သူများအတွင်း အများစုကြီးဖြစ်သော တောင်သူလယ်သမားများမှာ မတရားပြုမှုများ ပို၍ခါးစီးခံကြရသည်။ အထူးသဖြင့် နအဖလက်ပါးစေ စစ်မှုထမ်းဟောင်းအဖွဲ့နှင့်စစ်တပ်တို့မှ တောင်သူလယ်သမား၏စားကျက်မြေများကို အဓမ္မသိမ်းယူမှုများမှာ နအဖလက်ထက်တွင် ထူးပြီးမဆန်းတော့သော မရိုးနိုင်သည့် အဖြစ်ဆိုးများဖြစ်သည်။ အင်္ဂလိပ်အုပ်ချုပ်သောကိုလိုနီခေတ်တွင်ပင် မြီရှင်ချစ်တီးကုလားလက်သို့ လယ်ထိုးအပ်ရသည့် လယ်သမားသည်ပင် တရားဥပဒေအရ ထိုက်တန်သည့်အခွင့်အရေးကိုရရှိသေးသည်။ ကိုလိုနီခေတ်မြန်မာလယ်သမားများ၏ မြေးမြစ်များဖြစ်ကြသော ယခုခေတ်လယ်သမားများမှာ ကိုလိုနီခေတ်က ၎င်းတို့ဘိုးဘွားများ ကျွန်အဖြစ်ရရှိခဲ့သော ဥပဒေပါအခွင့်အရေးများလောက်ပင်မရရှိကြတော့။ ပို၍ဆိုးဝါးသည်မှာ ထိုကဲ့သို့သော ဥပဒေပါအခွင့်အရေးများကို မတရားလုယူသိမ်းပိုက်သူမှာ တစိမ်းတရံစာ နိုင်ငံခြားသားမဟုတ်၊ တနိုင်ငံထဲသားများဖြစ်သည့် နအဖစစ်အာဏာရှင် ဗိုလ်ချုပ်များဖြစ်နေခြင်းပင်ဖြစ်သည်။

နဝတ/နအဖလက်ထက်တွင် ထောင်နှင့်ချီ၍ လယ်မြေများမတရားသိမ်းယူမှုထဲမှ ကမ္ဘာကျော်ခဲ့သော အမှုတခုမှာ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာက စားကျက်မြေများကို စစ်မှုထမ်းဟောင်းအဖွဲ့နှင့် နယ်မြေခံစစ်တပ်ကသိမ်းယူခဲ့မှုဖြစ်သည်။ လယ်သမားများက (ILO) သို့တိုင်ကြားရာတွင် ကူညီဦးဆောင်ခဲ့သည်ဟု အာဏာပိုင်များ၏စွပ်စွဲခြင်းခံရသူ ရှေ့နေဦးအေးမြင့်ကို (၂၀၀၅) ခုနှစ် အောက်တိုဘာလတွင် ထောင် (၇) နှစ်ချခဲ့သည်။ သို့သော် (ILO) ၏ တိကျ၍ ခိုင်မာသောဖိအားကြောင့် အာဏာပိုင်များက ဦးအေးမြင့်အား (၁၁) လအကြာ ထောင်မှလွှတ်ပေးခဲ့ရသည်။ ဤအဖြစ်အပျက်နှင့်စပ်လျဉ်း၍ ဦးအေးမြင့်၏ ရပ်တည်ချက်နှင့် ကိုယ်ကျိုးစွန့်မှုမှာ အတုယူစရာဖြစ်သည်။ ဥပဒေသမားတယောက် ထားရှိကျင့်သုံးရမည့်ကျင့်ဝတ်ကို "ကျနော်က ဥပဒေသမား၊ ရှေ့နေတယောက်၊ ပြည်သူရှေ့က ရပ်တည်ပေးရမယ်၊ ဥပဒေအရမှားနေပြီဆိုရင် လူကြီးတွေကိုတင်ပြရမယ်၊ ထပ်ဖမ်းရင်လဲ ဖမ်းလေဗျာ၊ ဘာတတ်နိုင်မှာလဲ ရှေ့ကတယောက်က ဒီလိုဖောက်ဘူးရင် နောက်တပ်သားကလည်း လိုက်မှာပေါ့ဗျာ"ဟု ဦးအေးမြင့်က ဖော်ပြခဲ့သည်။

မှန်ပေသည်။ တရားဥပဒေစိုးမိုးရေးကို ဥပဒေသမားများပညာရှင်များက ရှေ့ဆောင်ရမည်ဖြစ်သည်။ အများပြည်သူတရပ်လုံး၏နစ်နာချက်များကို တရားဥပဒေနှင့်အညီ ဖျက်သိမ်းပစ်ရမည်ဖြစ်သည်။ လောကပါလတရား (၃) ပါးနှင့်ကိုက်ညီသော ဒီမိုကရေစီလူ့ဘောင်သစ်ကိုတည်ထောင်ရာ၌ ဦးအေးမြင့်ကဲ့သို့သော ပြည်သူ့ဘက်ကရပ်တည်၍ ကိုယ်ကျိုးစွန့် အနစ်နာခံကာ တရားဥပဒေစိုးမိုးရေးအတွက် တိုက်ပွဲဝင်လျက်ရှိသည့် နိုင်ငံသားကောင်းများတည်ရှိရာ မြန်မာနိုင်ငံကားဂုဏ်ယူစရာအတိပင်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေးကို ပြည်သူတို့၏နှလုံးသည်းပွတ်ပမာ စောင့်ထိန်းရ၏။ တရားဥပဒေစိုးမိုးရေးဟူသည့် စကားရပ်သည်ပင် ဒီမိုကရေစီလူ့ဘောင်အတွက် အတော်အတန်ပြီးပြည့်စုံသော လက္ခဏာကိုဆောင်သည်။ အပြန်အလှန်အားဖြင့် တရားဥပဒေစိုးမိုးရေးမရှိပါက ဒီမိုကရေစီဆိုသည်မှာ အိပ်မက်ပင် မက်နိုင်သောအခြေအနေမဟုတ်ဟု ဆိုရမည်ဖြစ်သည်။ ဒီမိုကရေစီရေးရေရှည်အမြစ်တွယ်ခိုင်မာရေးအတွက် တရားဥပဒေစိုးမိုးမှုသည် ထပ်ခါတလဲလဲ မွမ်းမံနေရမည့် အနုပညာပစ္စည်းတရပ်ဖြစ်သည်။ သို့ပါ၍ ဦးအေးမြင့်ကဲ့သို့ ဥပဒေပညာရှင်တဦး၏ ယခုကဲ့သို့ကြိုးပမ်းမှုသည် မြန်မာပြည်တွင် တရားဥပဒေစိုးမိုးမှုကြိုးပမ်းရေးသမိုင်းတွင် ကမ္ပည်းတင်ထိုက်စရာဖြစ်ပါပေကြောင်း ဖော်ပြရပေသည်။❖

# မြန်မာ့အရေးဆောင်ရွက်မည့် ကမ္ဘောဒီယားလွှတ်တော်အမတ်များအဖွဲ့ ဖွဲ့စည်း



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကိုယ်စားလှယ်များနှင့် မြန်မာအရေးဆောင်ရွက်သော အာဆီယံပါလီမန်အမတ်များအဖွဲ့မှ ကိုယ်စားလှယ်များအတူတကွ

ကမ္ဘောဒီယားပါလီမန်အမတ်များအဖွဲ့နှင့် အာဆီယံ (၆) နိုင်ငံမှ လွှတ်တော်အမတ်များပါဝင်သောအစည်းအဝေးတရပ်ကို ကမ္ဘောဒီယားနိုင်ငံ ဖနွမ်းပင်တွင် ဩဂုတ်လ (၂၅) ရက်နေ့ကကျင်းပပြီး မြန်မာအရေးဆောင်ရွက်မည့် ကမ္ဘောဒီးယားလွှတ်တော်အမတ်များအဖွဲ့ကို စတင်ဖွဲ့စည်းလိုက်ကြသည်။

ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ မြန်မာနိုင်ငံမှလွှတ်တော်အမတ်များအပြင် နိုင်ငံခြားသံတမန်များ၊ ပညာရှင်များ စုစုပေါင်းတရာကျော်တက်ရောက်သော အစည်းအဝေးအဖွင့်မိန့်ခွန်းတွင် အသစ်ဖွဲ့စည်းလိုက်သော ကမ္ဘောဒီးယားအမတ်များအဖွဲ့၏ ဥက္ကဋ္ဌ ဟွန်ဆွန်ချွေးက ကမ္ဘောဒီးယားနိုင်ငံ၏ အဓိက (၃) ပါတီမှ အမတ်များပါဝင်သော မိမိတို့အဖွဲ့သည် မြန်မာ့ဒီမိုကရေစီအရေးအတွက် အခြားအာဆီယံနိုင်ငံများတွင် ဖွဲ့စည်းထားသော လွှတ်တော်အမတ်များအဖွဲ့နှင့်ပူးပေါင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးပြဿနာ၊ လူကုန်ကူးမှုပြဿနာများ၊ နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သစ်တောပြုန်းတီးမှုများသည် ဒေသတွင်းနိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း နအဖအုပ်စု၏ အကျင့်ပျက်လာဘ်စားမှုနှင့် စီမံခန့်ခွဲမှုညံ့ဖျင်းမှုများကြောင့် ပြည်သူလူထုမှာ မဆင်းရဲသင့်ဘဲ ဆင်းရဲတွင်းနက်နေရသည်ဟု သူက ဝေဖန်သည်။

"ဥပမာ တိုင်းပြည်ဘတ်ဂျက်အတွက် ခရီးသွားလုပ်ငန်းလို့ အလားအလာကောင်းတွေရှိလျက်နဲ့ မြန်မာလူထုက ဆင်းရဲတွင်းနက်နေတယ်။ ပြဿနာက အာဏာသိမ်းအုပ်စုဟာ အဓိကစီးပွားရေးလုပ်ငန်းတွေနဲ့ အရေးကြီးတဲ့ အရင်းအမြစ်တွေကိုချုပ်ကိုင်ထားပြီး အလွဲသုံးစားလုပ်နေတာကြောင့်ဖြစ်တယ်"ဟု သူက အလေးပေးပြောကြား ခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့အရေးကြိုးပမ်းနေသော အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AIPMC ၏ ဥက္ကဋ္ဌ မလေးရှားလွှတ်တော်အမတ် မစ္စတာ ဇစ်အေဗရာဟမ်က အာဆီယံ၏ မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းချက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသောနအဖကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကကြားဝင်ရေး နိုင်ငံတကာ၏ကြိုးပမ်းမှုများကို အာဆီယံအနေဖြင့်ပူးပေါင်းသွားလိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

အစည်အဝေးတွင် မြန်မာလွှတ်တော်အမတ်များအဖွဲ့မှ ဒေါက်တာ စန်းအောင်ကလည်း မြန်မာ့နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေများ၊ မြန်မာနိုင်ငံတွင် စစ်အုပ်စုက ၎င်းတို့အာဏာတည်မြဲရေးနှင့် လွှတ်တော်တွင် စစ်တပ်က အမတ်နေရာ (၉၀) ရရှိရေးကြိုးပမ်းဆောင်ရွက်နေမှုများကို အကျဉ်းရုံးဆွေးနွေးခဲ့သည်။

မြန်မာ့အရေးဆောင်ရွက်သော အာဆီယံလွှတ်တော်များအဖွဲ့သည် ထိုနေ့ တနေ့တည်းတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် အစိုးရည္ဌေဂေဟာ၌ တွေ့ဆုံခဲ့သည်။

❖



# ရန်သူ၏သပ်လျှိုဖြိုခွဲမှုများကို တော်လှန်ရေးသတိရှိရှိဖြင့်အချိန်မီသုံးသပ်

## ကရင်အမျိုးသားသွေးစည်းမှုကို ခေါင်းဆောင်များကအပြောမဟုတ်၊ လက်တွေ့သက်သေပြ

ကရင်ခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲနေမှုများအပေါ် ဆွေးနွေးအဖြေရှာရန် ဩဂုတ်လ (၂၁) ရက်နေ့က လွတ်မြောက်နယ်မြေတွင် ကေအဲန်အယ်လ်အေ တပ်မဟာ (၇) မှ ခေါင်းဆောင်များနှင့် ကေအဲန်ယူ ဗဟိုကော်မတီဝင်ခေါင်းဆောင်များတွေ့ဆုံခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကေအဲန်ယူဗဟိုမှ ခေါင်းဆောင်များနှင့် ဇူလိုင်လအတွင်းက ကေအဲန်ယူဗဟို၏အမိန့်ကိုမနာခံကြောင်း ကြေညာချက်တွင် လက်မှတ်ရေးထိုးခဲ့သောတပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးနာဒါမြတို့အပြင် တပ်မဟာ (၇) လက်အောက်ခံတပ်ရင်းများမှ တပ်ရင်းမှူးများလည်းတက်ရောက်ခဲ့ကြသည်။

ကေအဲန်ယူဗဟိုမှ ပဒိုအားတိုး၊ ဗိုလ်ချုပ်မြ၏ကတော်၊ ခရိုင်အတွင်းရေးမှူး ပဒိုအောင်မော်အေးတို့တက်ရောက်သောဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ၏ဦးဆောင်မှု အောက်တွင် စစ်ဘက်နှင့် အုပ်ချုပ်ရေးဘက်မှ တညီတညွတ်တည်းရှိနေကြောင်းကို ခေါင်းဆောင်များက သက်သေပြခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် တပ်မဟာ (၇) ၏အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ဌေးမောင်က "အခုချိန်ကစပြီး ရှေ့ကို အားလုံးညီညီညွတ်ညွတ်နဲ့တော်လှန်ရေးဆင်နွှဲဖို့ ဆုံးဖြတ်ကြတယ်။ ဗဟိုနဲ့ကျနော်တို့ကြားမှာ ဘာမှပြဿနာမရှိတော့ပါဘူး"ဟု ပြောကြားလိုက်ပြီး ကရင်ခေါင်းဆောင်များအတွင်း စည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ လအတန်ကြာဖြစ်ပေါ်နေသော ကောလာဟလများကိုချေဖျက်ပစ်ခဲ့သည်။

ကေအဲန်ယူသည် လွန်ခဲ့သော (၅၇) နှစ်ကတည်းက ကရင်အမျိုးသား၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကရင့်ကြမ္မာကရင်ဖန်တီးရေး စသော စောဘဦးကြီး၏ လမ်းညွှန်မိန့်ကြားချက်များအတိုင်း စစ်အုပ်စိုးသူအဆက်ဆက်ကို ဆန့်ကျင်တိုက်ပွဲဝင်နေသော သမိုင်းအစဉ်အလာကြီးမားသော တော်လှန်ရေးအင်အားစုဖြစ်ပြီး လွတ်မြောက်နယ်မြေရှိ ဒီမိုကရေစီအင်အားစုများကို ဦးဆောင်မှုပေးနေသောအဖွဲ့အစည်းလည်းဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံးနှင့် စစ်တပ်အုပ်စိုးသူများအကြားတွင် (၁၉၄၉)၊ (၁၉၆၀)၊ (၁၉၆၃)၊ (၁၉၉၆)၊ ခုနှစ်တို့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ပြေလည်မှုမရခဲ့ပေ။ သို့သော် ကေအဲန်ယူဘက်မှ ဗိုလ်ချုပ်ကြီး စောဘိုမြကိုယ်တိုင်တက်ရောက်ခဲ့သောသမိုင်းဝင် (၂၀၀၄) ခုနှစ် ဇန်နဝါရီလဆွေးနွေးပွဲတွင် ကေအဲန်ယူနှင့် နအဖတို့အကြား ယာယီအပစ်အခတ်ရပ်ဆိုင်းရန် သဘောတူညီမှုရရှိခဲ့သည်။

ကေအဲန်ယူနှင့် နအဖတို့ ယာယီအပစ်အခတ်ရပ်ဆိုင်းအပြီးတွင် ကေအဲန်ယူအထွေထွေအတွင်းအရေးမှူး ပဒိုမန်းရှာက "ဆွေးနွေးပွဲတွေမအောင်မြင်တဲ့အကြောင်းကတော့ နိုင်ငံရေးပြဿနာကို တရားမျှတစွာမဖြေရှင်းဘဲ လက်နက်ချအညံ့ခံဖို့သာတောင်းဆိုခဲ့လို့ဖြစ်တယ်။ ယခုတကြိမ်လည်း အပစ်အခတ်ရပ်ဆိုင်းထားပြီး နိုင်ငံရေးပြဿနာကို ဆွေးနွေးအဖြေရှာဖို့ ကေအဲန်ယူကကြိုးပမ်းနေတာဖြစ်တယ်"ဟု မိုးကြိုးသို့ပြောကြားခဲ့သည်။ ထိုသို့အပစ်အခတ်ရပ်စဲထားသော်လည်း ယခုနှစ်ဇူလိုင်လကုန်အထိ ကေအဲန်ယူနှင့်နအဖကြားခေါင်းဆောင်များ (၃) ကြိမ်သာတွေ့ဆုံခဲ့ပြီး နယ်စပ်တွင်လည်း တိုက်ပွဲကြီးငယ်အကြိမ် (၉၀၀) ကျော်ဖြစ်ပွားခဲ့ကြောင်း ကေအဲန်ယူပြန်ကြားရေးဌာနတာဝန်ခံ ဗိုလ်မှူးလှငွေကပြောသည်။

ကေအဲန်ယူခေါင်းဆောင်များက နအဖသည် တဖက်ကကေအဲန်ယူနှင့် အပစ်အခတ်ရပ်စဲရေးယူထားသော်လည်း အခြားတဖက်တွင် ကေအဲန်ယူအပေါ် အပုတ်ချစွပ်စွဲမှုများ၊ ကရင်လူမျိုးအရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်မှုများအပြင် နိုင်ငံရေးကြားပွဲစားများမှတဆင့် ကရင်စစ်ဘက်နှင့် အုပ်ချုပ်ရေးခေါင်းဆောင်များအကြား သွေးကွဲအောင် သတ်လျှိုဖြိုခွဲမှုများပြုလုပ်ခဲ့သည်ဟု ပြောသည်။

ယခုနှစ်အစောပိုင်းမှစတင်သော နအဖ၏ထိုးစစ်အတွင်း ကရင်ရွာပေါင်း (၂၇၀၀) ကျော်မီးရှို့ခံခဲ့ရပြီး၊ အပြစ်မဲ့ရွာသား (၁၈၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့များကသတင်းထုတ်ပြန်ထားသည်။ ၎င်းတို့အနက် တသောင်းကျော်သည် တောတောင်များတွင် အစာရေစာ၊ ဆေးဝါးပျက်လပ်သည့်ဒုက္ခနှင့် မိုးရာသီ၏ဆိုးရွားမှုဒဏ်ကိုခံနေရပြီး တထောင်ခန့်မှာ နယ်စပ်ဒုက္ခသည်စခန်းများ ဆီရောက်ရှိသွားကြသည်။

ဩဂုတ်လနှောင်းပိုင်းက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Antoino Guterresနှင့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Ellen Sauerbrey တို့သည် ကရင်ဒုက္ခသည်များအရေးကို ကမ္ဘာကြီးအား မီးမောင်းထိုးပြသည့်အနေဖြင့် ကရင်အများစုခိုလှုံရာ ထိုင်းနိုင်ငံရှိ ထန်ဟင်းဒုက္ခသည်စခန်းသို့သွားရောက်ခဲ့သည်။ ကမ္ဘာတဝှမ်းတွင် ဒုက္ခ

**အထူးသတင်းဆောင်းပါး**

သည် သန်း (၂၀) ကျော်ရှိပြီး မြန်မာနိုင်ငံမှ စစ်ပြေးဒုက္ခသည်အရေအတွက်မှာ (၁) သိန်းခွဲခန့်ဖြစ်ကြောင်း ထိုင်းအစိုးရနှင့်ကုလသမဂ္ဂကထုတ်ပြန်သော ကိန်းဂဏန်းများအရသိရသည်။ ၎င်းတို့အနက် တသိန်းတသောင်းမှာ ကရင်လူမျိုးများဖြစ်သည်။

နအဖသည် ကရင်လူမျိုးများအပါအဝင် မြန်မာနိုင်ငံရှိလူနည်းစုတိုင်းရင်းသားများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများပြုလုပ်နေကြောင်း တိုင်းရင်းသားဒေသများတွင် (၅) နှစ်ကျော်သွားရောက်လေ့လာခဲ့သူ မစ္စတာ ရိုင်းဟော်တန်က ယမန်နှစ် ဇွန်လကတွင် သုတေသနစာတမ်းတစောင်ထုတ်ပြန်ခဲ့သည်။

နအဖသည် အဲန်အယ်လ်ဒီပြီးလျှင် ကေအဲန်ယူကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခံနေသဖြင့် လူမျိုးတုံးမည့်အန္တရာယ်နှင့် နီးစပ်သူများမှာ ကရင်လူမျိုးများဖြစ်ကြောင်း နိုင်ငံရေးခေါင်းဆောင်တဦးက ပြောသည်။ တော်လှန်စစ်အရှိန်ပြင်းနေစဉ် (၁၉၉၂) နှစ်က တပ်မဟာ (၇) နယ်မြေတွင် ဖြစ်ပွားခဲ့သော နာမည်ကျော် ခွေးအိပ်တောင်တိုက်ပွဲအပြီးတွင် နအဖစစ်ဆင်ရေးမှူး ဗိုလ်ချုပ်မောင်လှက "နောင်နှစ် (၅၀) ကြာရင် ကရင်လူမျိုးတွေကို ပြတိုက်ထဲမှာပဲတွေ့ရစေမယ်"ဟု ကြိမ်းဝါးဖူးကြောင်း အဆိုပါနိုင်ငံရေးခေါင်းဆောင်က ပြောသည်။ ၎င်းတိုက်ပွဲတွင် နအဖစစ်သားတသောင်းခွဲအကျအဆုံးဖြင့် ဆုတ်ခွာခဲ့ရသည်။

နအဖတပ်တွင်း ရာထူးအပြောင်းအလဲများကြောင့် ဗိုလ်ချုပ်မြ၏ ရန်ကုန်ခရီးစဉ်နောက်ပိုင်းတည်းက ရပ်တန့်ခဲ့သော ကေအဲန်ယူနှင့် နအဖတို့၏ နိုင်ငံရေးဆွေးနွေးပွဲများသည် ယမန်နှစ်၊ ဧပြီလ မေလမှိုင်ဆွေးနွေးပွဲအပြီးတွင် ပြန်လည်ရပ်တန့်ခဲ့ပြန်သည်။ ၎င်းကာလအတွင်း နအဖသည် ကေအဲန်ယူကို အကြမ်းဖက်သမားအဖြစ် ကြိမ်ကြိမ်စွပ်စွဲခဲ့သည်။

ဒီဇင်ဘာဆန်းပိုင်းတွင် နအဖကိုယ်စားလှယ်များသည် တပ်မဟာ (၇) မှ ခေါင်းဆောင်တချို့နှင့် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် သီးခြားတွေ့ဆုံမှုများပြုလုပ်ခဲ့သည်။ ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းမှ မဟုတ်သော နအဖ၏လုပ်ရပ်ကို မရိုးသားသောချဉ်းကပ်မှုအဖြစ် ကေအဲန်ယူခေါင်းဆောင်ပိုင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။

"ကျနော်တို့ အတွင်းပိုင်းကဝင်ပြီးတော့ သွေးခွဲနေတာ၊ ဖြိုခွဲနေတာဖြစ်တယ်။ ဒါ ကျနော်တို့ သွားနေတဲ့လမ်းကြောင်းမဟုတ်ဘူး။ ကျနော်တို့နဲ့မပတ်သက်ဘူး။ ဘယ်တိုင်း၊ ဘယ်တပ်မဟာနဲ့မှလည်းမပတ်သက်ဘူး"ဟု ကေအဲန်ယူအထွေထွေအတွင်းရေးမှူးက ပြတ်ပြတ်သားသားတုံ့ပြန်ခဲ့သည်။

ဘန်ကောက်ဆွေးနွေးပွဲကို အဓိကစီစဉ်သူ ဆရာတီးသည် ဘာသာရေးဆရာတဦးဖြစ်ပြီး ကရင့်တော်လှန်ရေးသို့ အပေါ်ဆီးမှ ခုန်ဝင်လာကာ ရေပေါ်ဆီဝင်လုပ်ခဲ့သူဖြစ်ပြီး ကေအဲန်ယူမှထုတ်ပစ်ပြီး နောက်ပိုင်းတွင် ဒီကေဘီအေနှင့်စီးပွားရေးလုပ်ကိုင်ကာ၊ ဒီကေဘီအေ၏ နိုင်ငံခြားရေးဝန်ကြီးယောင်ယောင်လုပ်ကိုင်နေသူတဦးဖြစ်ကြောင်း ကေအဲန်ယူခေါင်းဆောင်ကြီးများသို့ ကရင်လူငယ်များ၏အိတ်ဖွင့်ပေးစာတစောင်တွင် ဖော်ပြထားသည်။

ဇူလိုင်လအတွင်းကလည်း နအဖထောက်လှမ်းရေးအရာရှိ ဒု-ဗိုလ်မှူးကြီး မြထွန်းဦးသည် ကေအဲန်ယူဆက်သွယ်ရေးအရာရှိများကို အကြောင်းမကြားဘဲ ကျန်းမာရေးမကောင်းသူ ဗိုလ်ချုပ်မြနှင့်လာရောက်တွေ့ဆုံခဲ့သည်။ မြထွန်းဦးက ရန်ကုန်တွင် ဆေးဝါးကုသပေးမည်ဟု အကြောင်းပြကာ ဗိုလ်ချုပ်မြအားခေါ်ယူခဲ့သော်လည်း တော်လှန်ရေးအတွေ့အကြုံများသော ဗိုလ်ချုပ်မြက ထိုကိစ္စကိုလက်မခံခဲ့ပေ။

အဆိုပါ ခရီးစဉ်အတွင်း ကေအဲန်အယ်အေအရာရှိများနှင့်တွေ့ဆုံရာတွင် မြထွန်းဦးက မိမိတို့အနေဖြင့် စစ်သားချင်းသာစကားပြောလိုကြောင်း၊ ကေအဲန်ယူခေါင်းဆောင်များနှင့်မတွေ့လိုကြောင်း ပြောကြားခဲ့သည်။ မြထွန်းဦး၏ခရီးစဉ်တွင် လိုက်ပါခဲ့သော စောပလာထူးမှာ စက်ာပူတွင်နေထိုင်သော ကရင်လူမျိုး၊ သန်းကြွယ်သူဌေးတဦးဖြစ်ပြီး ငြိမ်းချမ်းရေးပွဲစားလုပ်ကိုင်ကာ နအဖထံမှ စီးပွားရေးလုပ်ကိုင်ခွင့်များရရှိ အောင်ကြိုးပမ်းနေသူဖြစ်ကြောင်း ကရင်လူငယ်များ၏ ဇူလိုင်လထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ စောပလားထူးနှင့် မြထွန်းဦးတို့ ခရီးစဉ်မတိုင်မီတွင် စောပလာထူးနှင့်ဇနီးတို့သည် ဗိုလ်ချုပ်မြထံသွားရောက်၍ ဗိုလ်ချုပ်မြ၏ ရန်ကုန်ခရီးစဉ်အတွက် စီစဉ်ထားကြောင်း ပြောဆိုခဲ့သော်လည်း ဗိုလ်ချုပ်မြက လက်မခံခဲ့ပေ။

ဇူလိုင်လ (၁၀) ရက်နေ့တွင် တပ်

[redacted]

**စောဘဦးကြီး၏မူ (၄) ချက် ......**

**(၁) လက်နက်ချအညံ့ခံခြင်း အလျှဉ်းမလုပ်။**

**(၂) ကရင့်လက်နက် ကရင့်လက်ထဲတွင်ရှိရမည်။**

**(၃) ကရင်ပြည် ပြီးပြည့်စုံရမည်။**

**(၄) ကရင့် ကံကြမ္မာ ကရင့်ဖန်တီးရမည်။**



တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်မှ ဆွေးနွေးစဉ်

# ကယ်တင်ရှင် ငါကိုယ်တိုင်ပဲ

ဇွန်မှိုင်း



**"စတီးဝဒ်ထဲမှာတုန်းကလည်း ကျမ လက်ထဲကပန်းစီးကို သိမ်းလို့မရဘူး၊ ပန်းစီးကို မပေးဘူး၊ ပန်းစီးကို အမြဲပိုက်ထားတာ။ ပိုက်ပြီးတော့ ကျမ အထုပ်ကလေးကိုသိမ်း၊ ကားပြာကြီးပေါ်တက်သွားပြီးတော့ ဟိုလည်းကျရော အဲဒီကားပြာပေါ်က လမ်းကြောင်းရဲက 'အဲဒီ ပန်းစီးက ဘာဖြစ်လို့ယူလာတာလဲ' လို့ မေးတယ်၊ ကျမက ဒီပန်းစီးက ကျမဘဝအတွက်ပေ့ါ မလဲနိုင်ဘူး။ ဒီပန်းစီးကို အထိကိုမခံနိုင်ဘူး။ ကျမအထုပ်တွေကို ယူရင်ယူထားလိုက်၊ ကျမပန်းစီးကိုတော့ အထိမခံဘူး"**

(၁)

"ကျမ အခု ပြန်လွတ်လာပြီ

ဒါပေမယ့် ကျမ မပျော်ဘူး၊ ကျမ ဝမ်းနည်းတယ်၊

ဘာကြောင့်လည်းဆိုရင် ကျမကို ပြန်လွှတ်လိုက်ပေမယ့် အဓမ္မလုပ်အားပေးခိုင်းစေမှုတွေက ကျမတို့နိုင်ငံမှာ ဆက်ရှိနေတုန်းပဲလေ"

ဇွန် (၆) ရက်နေ့ညက ရေဒီယိုအင်တာဗျူးတခုမှာ သူမအသံကို စကြားရတယ်။ ပြီးတော့ အဲဒီအင်တာဗျူးထဲမှာပဲ သူမက အခုလို ဆက်ပြောပြန်ပါတယ်။

"ကျမ အခုထွက်လာတော့ ထောင်ပုံစံ အင်္ကျီ ကျမနဲ့တပါတည်းယူခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမသိနေတယ်လေ၊ ကျမတို့နိုင်ငံဒီမိုကရေစီမရမချင်းတော့ ထောင်ထဲကို အချိန်မရွေးပြန်ရောက်သွားနိုင်သေးတာပဲ ဥစ္စာ"

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ် (HRDP) မှာ လုပ်တဲ့ ဇွန် (၆) အလုပ်သမားလှုပ်ရှားမှု အထိမ်းအမှတ်စကားဝိုင်းကအပြန် ဒီစကားကိုကြားလိုက်တော့ ကျနော် ကြက်သီးထသွားတယ်။

'အာဂ အမျိုးသမီးလေးပါလား' လို့ ရင်ထဲကနေ အလေးပြုမိလျက်သားဖြစ်သွားတယ်။

ဟုတ်တယ် ကျနော်တကယ်အလေးပြုမိပါတယ်။

(၂)

'ပုံစံ' ဆိုပြီး လည်ချောင်းခြစ် အာဏာကုန်အော်လိုက်တဲ့အသံ။

အဲဒီအသံကြားလိုက်တာနဲ့ ရောက်တဲ့နေရာမှာ လူတိုင်းငုတ်တုတ်ထိုင်ချ၊ လက်နှစ်ဖက်ကို လက်သီးရှုရှုဆုပ်ပြီး ကိုယ့်ဒူးနှစ်ဖက်ပေါ် ဆန့်လျက်ပုံစံနဲ့တင်ထား၊ ခေါင်းကို ဒူးနှစ်လုံးကြားဆီ ကိုးဆယ်ဒီဂရီငုံ့ပြီးကပ်ထား။

နည်းနည်းလေးမှ မလှုပ်လိုက်နဲ့ ယောင်လို့မှမော့မကြည့်လိုက်နဲ့.....

နည်းနည်းလှုပ်လိုက်တာနဲ့ ကျောပေါ်ကို သားရေပတ်တချောင်း ရှမ်းကနဲမြည်သံနဲ့ အတူကျလာပြီသာမှတ်။

မယုံမရှိနဲ့ ဒါဟာ နေ့စဉ်နဲ့အမျှအကျဉ်းသားတိုင်း မကြုံချင်လည်း ကြုံရ၊ မကြားချင်လည်းကြားနေရတဲ့ နေ့တဓူဝမြင်ကွင်းတွေ။

ဖိတ်ဖိတ်လက်နေအောင် တိုက်ထားတဲ့ စစ်ဖိနပ်ကို အကျအနစီးပြီး၊ လက်ထဲမှာ ပေါ်လစ်ရောင်ပြောင်လက်နေတဲ့ သစ်ကနက်သားနံပါတ်တုတ်ကို ဟန်ပါပါကိုင်ပြီး၊ တာဝန်ကျ ထောင်မှူးဆိုတဲ့လူက စိတ်ကြီးတဝင်ဝင်နဲ့ တိုင်းခန်းလှည့်လည်နေလိမ့်မယ်။

သူ့ဘေးမှာလူသတ်၊ အလောင်းဖျောက်၊ မုဒိမ်းကျင့်၊ ဓါးပြတိုက်ဆိုတဲ့အမှုတွေကို အလီလီကျူးလွန်ခဲ့တဲ့ လူဆိုးလူပေ လူစိတ်ပျောက်နေတဲ့သူတွေက အခြံအရံများအဖြစ် တုတ်တရမ်းရမ်း သားရေပတ်တပြင်ပြင်လိုက်ပါလာလိမ့်မယ်။

တွေ့တဲ့လူကိုရိုက်နှက်၊ တွေ့တဲ့လူကို ကန်ကျောက်၊ သူ့စိတ်ထဲ မထင်ရင် မထင်သလို တွေ့တဲ့သူကို အနိုင်ကျင့်စော်ကားသွားလိမ့်မယ်။ လူတယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ ဘယ်နားမှာမှ ရှာမရတော့လောက်အောင် အနင်းချေ အဖျက်သိမ်းခံရလိမ့်မယ်။

အဲဒီနေရာဟာ.... ထောင်ဖြစ်တယ်။

အဲဒီထောင်ဆိုတဲ့ အလွန်အကျည်းတန်လှတဲ့နေရာဟာ သူမကို ကြောက်အောင်၊ လန့်အောင်၊ ဦးကျိုးသွားအောင် ဘာကြောင့်များမစွမ်းနိုင်ဖြစ်သွားရတာလဲ။

(၃)

"ကျနော် ဒီဆုကို စုစုနွေးရတယ်လို့ သိလိုက်ရတဲ့ အခုလိုအချိန်မှာ ကျနော့်မျက်စေ့ထဲမှာ သူ့ကို စီရင်ချက်ချလိုက်တဲ့နေ့က မြင်ကွင်းကို ပြန်ပြီးတော့မြင်မိတယ်။ သူ့ကို ထောင်ကျစေချင်တဲ့ တရားလိုတွေ၊ သူ့ကို ထောင်ချတဲ့အမိန့်ကို ဖတ်နေရတဲ့ တရားသူကြီးတွေ၊ သူတို့က တုန်လှုပ်နေကြတယ်။ စုစုနွေးကိုယ်တိုင်ကတော့ သူ့ကို တရားစွဲနေတဲ့တရားလိုနဲ့ အမိန့်ချနေတဲ့ တရားသူကြီးကို ရန်လိုတဲ့မျက်လုံးမျိုး သို့မဟုတ် အာဃာတတွေနဲ့ အညိုးထားတာမျိုးမတွေ့ရဘူး။ သူဟာ သူလုပ်သင့်လုပ်ထိုက်တဲ့ ဝတ္တရားတခုကိုလုပ်ခဲ့ပြီး အဲဒီအတွက် အရာရာကို ရင်ဆိုင်ဖို့ အသင့်ပဲဆိုတဲ့ အိန္ဒြေမျိုးနဲ့ အမိန့်ချတာကို နားထောင်နေခဲ့တယ်။"

ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုမင်းကိုနိုင်ရဲ့စကားပါ။

အဲဒီကာလတွေဆီက.... မစုစုနွေးကို တရားစွဲနေပြီ၊ သူ့ကို ထောင်မကျ ကျအောင်ချဖို့ လိမ်ဆင်သက်သေတွေနဲ့ အမှုတခုတည်ဆောက်နေကြပြီ၊ ဒီနေ့ သူ့ကို စီရင်ချက်ချတော့မယ်၊ အဲဒီတရားရုံးကို ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ရောက်နေကြပြီ၊ တရားရုံးတခုလုံးနဲ့ ရုံးရဲ့ဘေးဝဲယာမှာ မစုစုနွေးကို ချစ်ခင်စာနာထောက်ခံကြတဲ့ သူတွေနဲ့ပြည့်လျှံနေပြီ၊

စတဲ့ စတဲ့ သတင်းတွေကို ကျနော်တို့ ရင်တခုန်ခုန်နဲ့စောင့်ပြီးနား ထောင်နေခဲ့ကြရပါတယ်။

(၄)

" 'တရားခံ မစုစုနွေး ထောင်ဒဏ် (၁၈) လ တပေါင်းတည်းကျခံစေ' လို့ ကျမကိုလည်း အမိန့်ချလိုက်ရော ကျမ ဇတ်ကနဲဆို ကျမကိုအားပေးနေကြတဲ့ အကိုတွေနဲ့ အဖွဲ့ချုပ်ဝင်တွေအားလုံးကို ကျမကြည့်လိုက်တယ်၊ ကျမ ဘာမှမဖြစ်ဘူးလို့ အားလုံးကိုလှမ်းပြောလိုက်ပြီး ကျမလက်နှစ်ဖက်ကို လာကိုင်တဲ့ အရာရှိကို ကျမကို လက်ထိပ်မခတ်ပါနဲ့ ကျမ အေးဆေးစွာလိုက်မှာပါလို့ တခွန်းပြောလိုက်ပါတယ်။"

အမိန့်ချတဲ့နေ့က အဖြစ်အပျက်ကို မစုစုနွေးပြန်ပြောပြတာပါ။ သူမရဲ့ ရဲတင်းတည်ငြိမ်မှုကို သူ့ကိုထောင်ချပစ်ဖို့ အရူးအမူးကြိုးစားခဲ့ကြတဲ့သူတွေတောင် မင်သက်မိကုန်ကြတယ်။

အဲဒီနေ့မှာပဲ သူမကိုချက်ချင်း ရန်ကုန်ကိုပို့ပါတယ်။ ရန်ကုန်ရောက်ပြီးတဲ့ မြင်ကွင်းကိုတော့ သူမက အခုလို ဆက်ပြောပြပါတယ်။

"စတီးဝဒ်လည်းရောက်ရော ကျမကို လက်ထိပ်ခတ်ပြီး အရာရှိနှစ်ယောက်ကအပေါ်ကိုတွဲပြီးခေါ်သွားပါတယ်။ ခေါ်သွားပြီး ဟိုလည်းကျရော ကျမကို ဓာတ်ပုံရိုက်ပါတယ်။ ဓာတ်ပုံရိုက်တော့ (၂၈၄၊ ၅၀၆) ဆိုတဲ့ တုတ်ကြီးမှာ ရေးထားတဲ့ဥစ္စာကြီးကိုကိုင်ပြီးတော့ လက်ယာ လက်ဝဲဘေးနှစ်ပုံကို ရိုက်ပြီးတော့ ရှေ့တည့်တည့်က တပုံရိုက်ပါတယ်။"

သူမဟာ ဘာကိုမှ အမှုထားပုံမရဘူး၊ သူ့ကို စွဲဆိုလိုက်တဲ့စွဲချက်တွေနဲ့ ပုဒ်မတွေကိုလည်း ဂရုထားပုံမရဘူး။ သူမဟာ သူလုပ်စရာရှိတာကို ကိုမင်းကိုနိုင်ပြောသလို ရဲရဲတင်းတင်းလုပ်လိုက်တာကလွဲလို့ သူ့အပေါ်ကျလာမယ့် ဘာဒုက္ခကိုမှ ကြိုတင်စဉ်းစားထားပုံမရဘူး။ ဘယ်လိုဒုက္ခမျိုးကိုမှလည်း စိုးရိမ်ထိတ်လန့်ဟန်မရှိဘူး။

(၅)

ဒီလိုနဲ့ သူမကို ထောင်ပို့တော့မယ်။

စတီးဝဒ်အချုပ်ခန်းကနေ အင်းစိန်ဗဟိုအကျဉ်းထောင်အထိ မောင်းပို့မယ့်လမ်းကြောင်းကားလို့ခေါ်တဲ့ အပြာရောင် အချုပ်ကားကြီးဆီကို သူမကို ခေါ်သွားကြပြီ။

သူမလက်ထဲမှာက ကော့မှူးတရားရုံးမှာကတည်းက သူမကို ချစ်ခင်ထောက်ခံစိတ်နဲ့ ဝိုင်းပေးလိုက်တဲ့ပန်းစီးတစီး။

ဒီပန်းစီးနဲ့ပတ်သက်လို့ သူမရဲ့အမြင်က....

"စတီးဝဒ်ထဲမှာတုန်းကလည်း ကျမ လက်ထဲကပန်းစီးကို သိမ်းလို့မရဘူး၊ ပန်းစီးကိုမပေးဘူး၊ ပန်းစီးကို အမြဲပိုက်ထားတာ။ ပိုက်ပြီးတော့ ကျမအထုပ်ကလေးကိုသိမ်း၊ ကားပြာကြီးပေါ်တက်သွားပြီးတော့ ဟိုလည်းကျရော အဲဒီကားပြာပေါ်က လမ်းကြောင်းရဲက 'အဲဒီ ပန်းစီးက ဘာဖြစ်လို့ယူလာတာလဲ' လို့ မေးတယ်၊ ကျမက ဒီပန်းစီးက ကျမဘဝအတွက်ပေ့ါ မလဲနိုင်ဘူး။ ဒီပန်းစီးကို အထိကိုမခံနိုင်ဘူး။ ကျမ အထုပ်တွေကို ယူရင်ယူထားလိုက်၊ ကျမပန်းစီးကိုတော့ အထိမခံဘူး။"

ဟုတ်တယ် ဒီပန်းစီးဟာ သူမရဲ့ဘဝ၊ သူမရဲ့ တန်ဖိုးထားမှုဖြစ်တယ်။

ဒီလိုပန်းစီးမျိုးဆိုတာ ငွေဘယ်လောက်ပုံပေးပေးဝယ်ယူလို့ရတာမျိုးမဟုတ်ဘူး။

(၆)

ဒီလိုနဲ့ အဲဒီညနေမှာပဲ သူမ ထောင်ကို ရောက်ခဲ့ရပါပြီ။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာမှ မိုးတွေကသည်း၊ လျှပ်စီးတွေက လျှပ်၊ မိုးခြိမ်းသံတွေကလည်း တခြိမ်းခြိမ်းနဲ့ပါ။

မစုစုနွေးဟာ လေးဘက်နာကလည်းရှိ၊ နှလုံးရောဂါကလည်း အသက်ရှူလို့ခက်လာသည်အထိ ပိုဆိုးလာ၊ သောက်နေကျဆေးကိုလည်း ထောင်ဗူးဝမှာအသိမ်းခံရ။

ထောက်လှမ်းရေးက နောက်က'ကြပ်' ပေးလိုက်တာကြောင့် ထောင်အာဏာပိုင်အဆင့်ဆင့်ရဲ့ ထောင်တွင်းဖိနှိပ်ဗိုလ်ကျမှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရပါတော့တယ်။

ဒီလိုနဲ့ ထောင်တွင်းတိုက်ပွဲတွေ၊ ထောင်ကျအကျဉ်းသားအခွင့်အရေးတိုက်ပွဲတွေဟာ မစုစုနွေးရဲ့ နေ့စဉ်ဘဝတွေဖြစ်လာခဲ့ပါတယ်။ ဘယ်နေရာပဲရောက်ရောက် ရောက်တဲ့နေရာမှာ မတရားတာမှန်သမျှကို ခေါင်းငုံ့မခံ တမ်းတင်ပြတောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ သူမ၊ ထောင်ရဲ့ ခါးသီးမှုတွေကို ရောဂါတဖက်နဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့တဲ့သူမ၊ ILO ညီလာခံရဲ့ "အတင်းအဓမ္မလုပ် အားပေးခိုင်းစေမှုတွေနဲ့ပတ်သက်ပြီး တိုင်တန်းခဲ့မှုကြောင့် ဖမ်းဆီးအရေးယူခံထားရသူအားလုံးကို ဇူလိုင်လမကုန်ခင် အကုန်ပြန်လွှတ်ပေးရန်"ဆိုတဲ့ တောင်းဆိုချက်အောက်မှာ သူမ ပြန်လည်လွှတ်မြောက်လာခဲ့ပါတယ်။

'လျော့ပေါ့သက်သာ'နှင့် ပြစ်ဒဏ်မပြည့်ခင် ပြန်လွှတ်ခံရသူတချို့ဆိုရင် အပြောအဆိုတွေ တုန့်ဆိုင်းသွားတတ်ကြတယ်။

တချို့ဆို အလုပ်အကိုင် အနေအထိုင်တွေပါ ကိုယ်ရှိန်သတ်သွားတတ်ကြတယ်။

တချို့ဆို ရှူးနှမ်းစွာပဲ ဘက်ပါပြောင်းသွားတတ်ကြတယ်။

ယုံကြည်ချက်တခုကို မျက်လုံးအိမ်သဖွယ် မြဲမြဲမြံမြံ ဆုပ်ကိုင်ထားနိုင်ဖို့ဆိုတာ အရာရာကိုစွန့်လွှတ်ရဲရမှာပါ။

ဘဝတာတိုတိုမှာ အရသာချိုချို ရှာချင်သူများအဖို့ တော်လှန်ရေးခရီးဆိုတာ ကြမ်းလွန်း၊ ကြာလွန်း၊ ရှည်လွန်း သွားတတ်တာကလား။

(၇)

ထောင်က ပြန်ထွက်လာပြီးတဲ့နောက် သူမ ဘယ်လိုရပ်တည်ခဲ့ပါသလဲ။

သူမဟာ ဘယ်လိုအမျိုးအစားဖြစ်ပါသလဲ။

ဒေသဆိုင်ရာအာဏာပိုင်များက သူမကို မျက်စေ့ဒေါက်ထောက် အမြဲစောင့်ကြည့်နေပြီး ဒုက္ခအမျိုးမျိုးပေးနေတဲ့ကြားကပဲ၊ နောက်ထပ်တခါ ပြန်ဖမ်းနိုင်ဖို့အတွက် အကွက်ချောင်းရမယ် ရှာနေတဲ့ကြားကပဲ သူမဟာ သူမယုံကြည်ရာကို ဖြောင့်ဖြောင့်မတ်မတ်လုပ်ခဲ့တယ်။ ပြောစရာရှိတာကို ရဲရဲပြောဖို့ လုပ်စရာရှိတာကိုရဲရဲလုပ်ဖို့ သူမ ဘာအကြောင်းနဲ့မှ မတွန့်ဆုတ်ခဲ့ဘူး။

သူမဟာ သာမန် ကျေးလက်တောသူလေးတယောက်၊ ပညာရေးအရဆိုရင်လည်း ပြောပလောက်အောင် အဆင့်မြင့်မြင့်သင်ကြားခွင့်ရခဲ့သူမဟုတ်ပေမဲ့ သူမရဲ့ ရိုးသားတည်ငြိမ်ရဲရင့်တဲ့ ပိုင်းဖြတ်မှုတွေကတော့ တကယ်ကို ထင်သာမြင်သာရှိလှပါတယ်။ အဲဒါကြောင့်လည်း ကိုမင်းကိုနိုင်က သူ့ရဲ့အမြင်ကို အခုလိုပြောပြပါတယ်။

"အခြေခံအားဖြင့် မစုစုနွေးမှာရှိတဲ့ အရည်အချင်းတွေက ရိုးသာမှုရယ်၊ သတ္တိပြောင်မြောက်မှုရယ်ပါ။ အဲဒီမှာ ကျနော်တွေ့ရတာက သူက လောကဓံအကောင်း၊ လောကဓံအဆိုးတွေကို မတုန်လှုပ်တာ ကျနော်တွေ့ရတယ်။ အခု သူဆုရတဲ့အခါမှာလည်း သူတည်တည်ငြိမ်ငြိမ်ပဲ၊ သူ့အမှုကို ရင်ဆိုင်ပြီးတော့ ပြစ်ဒဏ်ကျခံလိုက်ရတဲ့ အချိန်မှာလည်း ရဲရဲရင့်ရင့်ပဲ ကားပေါ်တက်

[redacted]

# မြန်မာပြည်သို့ချေးထားသော ဘတ်သန်းလေးထောင်ကိစ္စ ထိုင်းဝန်ကြီးချုပ်မစ္စတာသက်ဆင်အရှိက်ထိုးခံနေရ



ထိုင်းနိုင်ငံ EXIM သွင်းကုန်–ထုတ်ကုန် ဘဏ်ကြီးမှ မြန်မာနိုင်ငံသို့ (၂၀၀၄) ခုနှစ် အတွင်းက ထိုင်းဘတ်ငွေ သန်း (၄၀၀၀) တန်ဘိုးရှိသော ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ရေးအတွက် ငွေထုတ်ချေးခဲ့သော ကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအတွင်း အကြီး အကျယ်ဂယက်ရိုက်လျက်ရှိသည်။

ဩဂုတ်လ (၂) ရက်နေ့က ထိုင်း ဝန်ကြီးချုပ် တပ်စင်ရှင်နာဝါထ္ထာ မြန်မာပြည် သို့ နေ့ဝက်ခရီးသွားခဲ့ပြီးနောက် ယင်း ဘတ်ငွေ သန်း (၄၀၀၀) ကိစ္စပေါ်ပေါက်လာ ခြင်းဖြစ်သည်။ အဓိကပြဿနာသည် ဝန်ကြီး ချုပ် တပ်စင်၏အစုရှယ်ယာအများစုပါဝင် သော Shin Satellite ကုမ္ပဏီသို့ မြန်မာနိုင်ငံ မှဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဘတ် ငွေသန်း (၄၀၀) ကို ခွဲတမ်းချပေးလိုက်ခြင်း ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၏ အတိုက်အခံပါတီကြီးတခုဖြစ်သည့် ပြည်သူ့ ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့ (CPD) ၏ ဒုတိယအတွင်းရေးမှူးချုပ် ဆုမ်ကွန်ဖရွမ်သွန် က EXIM ဘဏ်၏ မြန်မာနိုင်ငံသို့ ချေး လိုက်သည့်ငွေနှင့်ပတ်သက်ပြီး ပြည်သူများ သိရှိရန် (၇) ရက်အတွင်း စာရင်းဇယား အထောက်အထားခိုင်လုံစွာဖြင့် အသေးစိတ် ရှင်းလင်းချက်ပေးရန်နှင့် ထိုသို့ရှင်းလင်းချက် မပေးနိုင်လျှင် အရေးယူခြင်းခံရမည်ဟု သတိ ပေးလိုက်သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး EXIM ဘဏ်မှ ပြောရေးဆိုခွင့်ရှိသူက "ဒါဟာ ဝန်ကြီးချုပ် အပေါ် ထိုးနှက်တာလည်းဖြစ်မယ်။ တကယ် တော့ ကျမတို့ဟာ ထိုင်းအစိုးရရဲ့မူဝါဒနဲ့ အညီ ဆောင်ရွက်တာဖြစ်ပါတယ်။ EXIM ဘဏ်ရဲ့မူဝါဒနဲ့လည်း ကိုက်ညီစွာဆောင်ရွက် တာဖြစ်ပါတယ်" ဟု ပြန်လည်တုန့်ပြန် ပြောကြားသည်။

သို့သော်လည်း မြန်မာနိုင်ငံ၏လူ့အခွင့် အရေးဆိုင်ရာချိုးဖောက်မှုများကြောင့် ထို ချေးငွေနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံရှိ လူ့အခွင့် အရေးအဖွဲ့အစည်းများက လက်မခံကြောင်း သိရသည်။ ထိုငွေများသည် ထိုင်းပြည်သူများ အခွန်ဆောင်ထားသောငွေများဖြစ်ပြီး မြန် မာနိုင်ငံအတွင်း စီးပွားရေးနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် အဆိုပါချေးငွေများ နအဖစစ်အစိုးရက ပြန်မဆပ်နိုင်လျှင် ထိုင်း နိုင်ငံအနေနှင့် ဆုံးရှုံးနစ်နာမည်ကို CPD ပါတီက စိုးရိမ်နေကြောင်းနှင့် ယင်းပါတီ အနေနှင့် နိုင်ငံမှပေးအပ်ထားသော အခွင့် အာဏာကိုသုံး၍ တဦးတယောက်၏အကျိုး အတွက် နိုင်ငံရေးသမားများက အသုံးချမည် ကိုလည်း လက်မခံနိုင်ကြောင်း ဘန်ကောက် ပို့စ်နှင့် နေးရှင်းသတင်းစာတို့မှ ဖော်ပြထား သည်။

ထိုင်းအထက်လွှတ်တော်အမတ် မစ္စတာ ခရိုင်ဆတ်ကလည်း ငွေကြေးပြတ်လပ်လျက် ရှိသော နအဖစစ်အစိုးရက ယင်းငွေများကို ပြန်ဆပ်နိုင်ခြင်းရှိမရှိကို သံသယရှိနေကြောင်း ပြောဆိုကြောင်း အဆိုပါသတင်းများအရ သိရသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့် ဝန်ကြီးချုပ်ဖြစ် နေစဉ် (၂၀၀၄) ခုနှစ် ဇွန်လက အဆိုပါ ထိုင်းသွင်းကုန်ထုတ်ကုန်ဘဏ်က တပ်ဆင်၏ ညွှန်ကြားချက်ဖြင့် နအဖပိုင် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သို့ ငွေချေးရန်သဘောတူ ခဲ့သည်။ အဆိုပါချေးငွေကို နအဖအနေနှင့် (၁၂) နှစ်အတွင်း အတိုး (၃) ရာခိုင်နှုန်းဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

❖

# ရွှေတိဂုံစေတီတော်၏ ဌာပနာများ အခိုးခံရမည်ကိုပြည်သူများပူပန်နေ

နအဖစစ်အုပ်စုက နေပြည်တော်ခေါ် ကြပ်ပြေးမြို့တော်သစ်တွင် ရွှေတိဂုံစေတီ တော်မြတ်၏ ပုံပွားတဆူကို တည်ထားမည် ဖြစ်ကြောင်း ကြေညာလိုက်သည့်အတွက် ဗုဒ္ဓ ဘာသာဝင်ပြည်သူများမှာ ရန်ကုန်ရွှေတိဂုံ စေတီတော်၏ ဌာပနာများနှင့်ပတ်သက်၍ အထူးစိုးရိမ်မကင်းဖြစ်နေကြသည်။

ရွှေတိဂုံစေတီတော်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာမှ စတင်တည် ထားကိုးကွယ်ခဲ့ကြပြီး ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့ သုံးစွဲတော်မူခဲ့ကြသော ပစ္စည်းစစ်များနှင့်တကွ ရှေးမင်းအဆက် ဆက်တို့လှူဒါန်းပူဇော်ခဲ့ကြသည့် ရွှေ၊ ငွေ ကျောက်သံပတ္တမြားစသည့် ရတနာမျိုးစုံ လည်း အတွင်းဌာပနာတော်အတွင်း၌ ထောင်နှင့်ချီ၍ တည်ရှိနေသည်။

နအဖစစ်အုပ်စု၏ လုပ်ထုံးလုပ်နည်း အရ ဘုရားတဆူပူဇော်တိုင်း ဆံတော်၊ ဓာတ်တော်မွေတော်များကို ဌာပနာတိုက် သွင်းမည့် ၎င်းတို့၏ ပစ္စည်းသစ်များနှင့်အတူ ထားကာ ဓာတ်သက်ကူးယူလေ့ရှိသည့် အတွက် ယခုလည်း ရွှေတိဂုံစေတီတော်၏ ဌာပနာတိုက်ကို ဖောက်ထွင်းခံရမည့်အရေး ကိုပြည်သူအများစုက စိုးရိမ်ပူပန်နေကြသည်။

မြန်မာမင်းအဆက်ဆက်တွင် ဘုရား တည်သောအလေ့ရှိခဲ့သည်ဖြစ်ရာ (၁၉၆၂) ခုနှစ်တွင် အာဏာသိမ်းခဲ့သော ဗိုလ်ချုပ် နေဝင်းသည်လည်း ရွှေတိဂုံစေတီတော်အနီး တွင် မဟာဝိဇယဘွဲ့အမည်နှင့် ဘုရားတဆူ တည်ခဲ့သည်။ ဗိုလ်ချုပ်ခင်ညွန့်လက်ထက် တွင်လည်း ကျောက်တော်ကြီးဘုရားတည် ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အပေါင်း အပါများသည် ၎င်းတို့၏ မြို့တော်သစ် ကြပ် ပြေးတွင် ရွှေတိဂုံပုံပွားစေတီတော်ကိုတည် ထားရန် စတင်ဆောင်ရွက်နေခြင်းနှင့် ပတ် သက်၍ ရန်ကုန်မှဆရာတော်တပါးက "ဦး နေဝင်းလည်း ဘုရားတည်ပြီးရင် ပြုတ်ရ တယ်။ ဗိုလ်ချုပ်ခင်ညွန့်လည်း ဘုရားတည် ပြီး တနှစ်နှစ်နှစ်အကြာမှာ ပြုတ်ရတယ်၊ သူတို့လည်း ဒီလိုပဲပေ့ါ၊ အခု ဘုရားတည် ဦးမယ်ဆိုရင် ဘုရားတည်ပြီးတော့ တနှစ်နှစ် နှစ်ဆိုရင် ပြောင်းမှာပေ့ါ ဒကာကြီးရာ"ဟု ဒီဗွီဘီသို့မိန့်ကြားသွားသည်။

ရှေးဟောင်းသုတေသနဌာနတွင် အမှု ထမ်းခဲ့သူ ရှေးဟောင်းသုတေသနနည်းပြ ဆရာ ဦးဇော်ထက်က ရွှေတိဂုံစေတီတော် တဆူပွားသည့်ကိစ္စနှင့်ပတ်သက်၍ "ကျနော် တို့တိုင်းပြည်မှာ ပြုပြင်မွမ်းမံစရာ၊ အသစ် တိုးချဲ့တည်ဆောက်သင့်တာတွေ အများကြီး ပဲရှိနေတာ၊ ဒီကိစ္စကတော့ မယောင်ရာဆေး လိမ်းနေတာလို့ပဲ ကျနော်မြင်တယ်။ တိုင်း ပြည်ရဲ့ဘဏ္ဍာငွေနဲ့လုပ်အားတွေကို အလဟ သဖြုန်းတီးပစ်ရာကျနေတယ်" ဟု မိုးကြိုး သတင်းဌာနသို့ပြောသည်။

ယခင် ရွှေတိဂုံဘုရားထီးတော်အသစ် လဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများပြုခဲ့စဉ်က ထီးတော်မှ အဖိုးတန်ဌာပနာအချို့ ပျောက် ဆုံးခဲ့သည့်ကိစ္စနှင့် ပတ်သက်၍မူ ဦးဇော် ထက်က "သတင်းတွေထွက်လာတာရှိပေမယ့် ကျနော်ကိုယ်တိုင်မမြင်ခဲ့ရတော့ ပြောဖို့တော့ ခက်တယ်ပေ့ါဗျာ၊ သေချာတာကတော့ ရွှေတိ ဂုံစေတီတော် စောင်းတန်းတွေကို မူလအလှူ ရှင်တွေကို ခွင့်ပြုချက်မတောင်းဘဲ ဖျက်ချပြီး အသစ်ပြန်တည်ဆောက်တုန်းက ရှေးဟောင်း လက်ရာတွေကတော့ ပြည်ပရှေးဟောင်း ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် ရောင်း ချနေတာကိုတော့ ကျနော်တွေ့ခဲ့ရပါတယ်" ဟု ဆက်လက်ပြောကြားသွားသည်။

ဦးဇော်ထက်တွေ့ခဲ့ရသည့် ရှေးဟောင်း ပန်းပုလက်ရာများမှာ သူအို၊ သူနာ၊ သူသေ ရုပ်တုများနှင့် သိဒ္ဓတ္ထမင်းသား တောထွက် ခန်းတွင် တောမထွက်မီ ကြင်ယာတော် ယသော်ဓယာမင်းသမီးနှင့် သားတော်ရာ ဟုလာတို့အား ခန်းဆီးစလှပ်ကာ နောက်ဆုံး ကြည့်နေသည့် ရုပ်တုများဖြစ်သည်ဟု သိရ သည်။

ရန်ကုန်မှ မူလ ရွှေတိဂုံစေတီတော်ကြီး ၏ဌာပနာတော်များအား စေတီတော်သစ် ထံသို့ ရွှေ့ပြောင်းခြင်းရှိနိုင် မရှိနိုင်နှင့်ပတ် သက်၍မူ အကုန်မဟုတ်တောင် တချို့တဝက် တော့ သူတို့သယ်သွားလိမ့်မယ်ထင်တယ်ဟု ဆက်လက်ပြောကြားသွားသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ ဗြိတိသျှသံအမတ်နှင့် တွေ့ဆုံမှုအပေါ် နအဖဝေဖန်

ဗြိတိသျှသံအရာရှိသစ်သည် နအဖ အာဏာပိုင်များနှင့်မတွေ့ဘဲ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် သွား ရောက်တွေ့ဆုံခဲ့သဖြင့် မြန်မာနိုင်ငံသို့အေ့စ် နှင့်အခြားရောဂါတိုက်ဖျက်ရေးအတွက် ရည်ရွယ်သော ဗြိတိန်နိုင်ငံ၏အကူအညီသည် သဘောထားမမှန်ဟု စစ်အစိုးရဘက်က အပြစ်တင်လိုက်သည်။

ဩဂုတ်လ (၂၅) ထုတ် စစ်အစိုးရပိုင် မြန်မာအလင်းသတင်းစာတွင် ဗြိတိသျှသံ အရာရှိသစ်သည် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံ သို့ထောက်ပံ့မည့် (3D Fund) ကျန်းမာရေး အထောက်အပံ့အကူငွေနှင့်ပတ်သက်၍ ကျန်း မာရေးဝန်ကြီးနှင့်မတွေ့ဘဲ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ ဆုံခဲ့သည့်အပေါ် အပြစ်တင်လိုက်ခြင်းဖြစ် သည်။

မြန်မာ့အလင်းသတင်းစာပါ နအဖ၏ စွပ်စွဲချက်ကို ဗြိတိသျှသံရုံး တစုံတရာတုံ့ပြန် ခြင်းမပြုသော်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူးဦးလွင်က ဗြိတိသျှ သံအရာရှိသစ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင် များ၏တွေ့ဆုံမှုသည် လုပ်ရိုးလုပ်စဉ်သာဖြစ် သည်ဟုဆိုသည်။

"ဗြိတိသျှသံရုံးက နိုင်ငံတကာသံရုံး တွေရဲ့ ကျင့်ဝတ်တွေအတိုင်း ဆောင်ရွက် တာပါ။ သံရုံးအရာရှိသစ်တဦးအနေနဲ့ ကျနော်တို့ဆီလာနှုတ်ဆက်တာပါ"ဟု ဦးလွင် ကဆိုသည်။

ဗြိတိသျှသံရုံးသည် ယခုလ အစောပိုင်း ကပင် မြန်မာနိုင်ငံတွင် အေ့စ်ရောဂါ၊ တီဘီ နှင့်ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း များအတွက် အမေရိကန်ဒေါ်လာ (၃၃)သန်း ထောက်ပံ့မည်ဟု ကြေညာခဲ့သည်။ ဩစတြေး လျနိုင်ငံကလည်း (Global Fund) အဖွဲ့ မြန်မာပြည်မှ လုပ်ငန်းများရုပ်သိမ်း သွားပြီး နောက်ပိုင်းတွင် လင့်ဟာသွားသောရောဂါ သုံးမျိုးတိုက်ဖျက်ရေးအကူငွေအတွက်ဒေါ်လာ (၁၁) သန်း အလားတူထောက်ပံ့မည်ဖြစ် သည်။

Global Fund သည် မြန်မာနိုင်ငံတွင် ဆိုးဆိုးရွားရွားကူးစက်ဖြစ်ပွားနေသော အေ့စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျား ရောဂါတိုက်ဖျက်ရေးအတွက် (၅) နှစ်အတွင်း ဒေါ်လာ (၉၈) သန်း ထောက်ပံ့ရန် ရည်ရွယ် ခဲ့သော်လည်း စီမံကိန်းလုပ်ငန်းများအတွင်း စစ်အစိုးရ၏ ဖိအားပေးကန့်သတ်ချုပ်ချယ် မှုများကြောင့် ယမန်နှစ်အောက်တိုဘာလက မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ အေ့စ်ရောဂါကူးစက်ခံနေရသူ (၆) သန်းကျော်ရှိနေပြီး အာရှတိုက်အတွင်းရှိ ရောဂါကူးစက်မှုအဆိုးဆုံးဖြစ်ပွားရာ ဒေသ တခုဖြစ်နေသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် တီဘီရောဂါကူးစက်ခံရသူအရေအတွက်သည် နှစ်စဉ် လူတသန်းခန့်တိုးပွားနေပြီး၊ ငှက်ဖျား ရောဂါကြောင့်နှစ်စဉ် ကလေးသုံးထောင် ကျော် နှစ်စဉ်သေဆုံးလျက်ရှိသည်။

❖

# ရခိုင်ပြည်နယ်မှ အိမ်ထောင်စုများ ပြည်မသို့ပြောင်းရွှေ့ခွင့်မရတော့

ရခိုင်ပြည်နယ်မှ ပြည်မသို့အိမ်ထောင် စုအလိုက် အခြေချနေထိုင်ခွင့်ကို အာဏာ ပိုင်များက မကြာမီကပိတ်ပင်လိုက်ကြောင်း ဩဂုတ်လ (၂၇) ရက်နေ့ထုတ် နိရဉ္စရာ အင်တာနက်သတင်းအရ သိရသည်။

ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရှားပါး မှုနှင့် စီးပွားရေကြပ်တည်းမှုများကြောင့် မကြာသေးခင်နှစ်များအတွင်း ရခိုင်မိသားစု များသည် နေရပ်ရင်းကိုစွန့်ခွာ၍ ပြည်မ ဘက်သို့ ပြောင်းရွှေ့မှုပိုမိုများပြားလာသဖြင့် အာဏာပိုင်များက ယခုကဲ့သို့ပိတ်ပင်လိုက် ခြင်းဖြစ်ကြောင်း သတင်းကဆိုသည်။

မကြာခင်လများမှစ၍ နေရပ်စွန့်ခွာလို သူ ရခိုင်ပြည်နယ်သားများကို သက်ဆိုင်ရာ အာဏာပိုင်များက အထက်အမိန့်ဖြင့် အိမ် ထောင်စုစာရင်း (ပုံစံ–၁၀) ထုတ်မပေးတော့ သဖြင့် ရန်ကုန်နှင့်ပြည်မရှိ အခြားမြို့များသို့ ပြောင်းရွှေ့နေထိုင်လိုသူများ အခက်တွေ့နေ ရကြောင်း အမည်မဖော်လိုသူ ရခိုင်ပြည်နယ် သားတဦးကိုကိုးကား၍ သတင်းတွင်ဖော်ပြ ထားသည်။

❖

# အရှေ့အနောက်အစိုးရများနှင့်မြန်မာ့ဓာတ်ငွေ့

**မြန်မာနိုင်ငံတွင် စစ်အုပ်စုကကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုများပြုလုပ်နေသည့် တပြိုင်တည်းမှာပင် အရှေ့နှင့်အနောက်နိုင်ငံအစိုးရများသည် ၎င်းတို့နိုင်ငံ၏အကျိုးအမြတ်အတွက် အာဏာသိမ်းအုပ်စုနှင့် စီးပွားရေးလုပ်ကိုင်နေကြသည်။ အမေရိကန်အစိုးရသည် ဝေဖန်မှုများတွင် အဓိကဦးဆောင်နေသော်လည်း အမေရိကန်ကုမ္ပဏီကြီးတခုဖြစ်သော Chevron Crop နှင့် အခြားအမေရိကန်ခရီးသွားလုပ်ငန်းကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်နေကြသည်။**



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအဖမ်းခံနေရမှုနှင့် တချိန်တည်းတွင် မြန်မာပြည်သည် ကမ္ဘာပေါ်ရှိ ဓာတ်ငွေ့အများဆုံးထွက်သောနိုင်ငံစာရင်းတွင် အမှတ်စဉ် (၁၆) ချိတ်ထားသည်။ နောက်ထပ်အသစ်တွေ့ရှိမှုများနှင့်ဆိုလျှင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ ဓာတ်ငွေ့အများဆုံးထွက်သည့် ထိပ်တန်းနိုင်ငံတခုအဖြစ်သို့ မကြာမီရောက်လာတော့မည်ဖြစ်သည်။

နှစ်စဉ် ဓာတ်ငွေ့မှရသောဝင်ငွေသည် နိုင်ငံခြားဝင်ငွေအားလုံး၏ (၄) ပုံတပုံဖြစ်သည်။ (၂၀၀၄–၂၀၀၅) ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ဓာတ်ငွေ့စည်သန်းပေါင်း (၇ ဒသမ ၄၈) ထုတ်လုပ်ခဲ့ပြီး၊ ရေနံစိမ်းကုဗမီတာ (၁၀ ဒသမ ၆၉) ဘီလီယံထုတ်လုပ်ခဲ့သည်။ နိုင်ငံခြားတင်ပို့သောပမာဏမှာ ကုဗမီတာ (၉ဒသမ၅) ဘီလီယံဖြစ်သည်။ ၎င်းမှ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိခဲ့သည်။

မကြာသေးခင်ကပင် မြန်မာပြည်အနောက်ဘက်အခြမ်း ဘင်္ဂလားပင်လယ်အော်ရှိ ရွှေဓာတ်ငွေ့တွင်းများမှ နောက်ထပ်ဓာတ်ငွေ့ပမာဏ အနည်းဆုံး (၅) တြိလီယံနှင့် (၁၀) တြိလီယံကုဗပေထုတ်လုပ်နိုင်မည့် ဓာတ်ငွေ့သိုက်များတွေ့ရှိကြောင်း နိုင်ငံခြားကုမ္ပဏီများကကြေညာသည်။ မြန်မာ့ပင်လယ်ပြင်ရှိ မထုတ်လုပ်ရသေးသော အဆိုပါဓာတ်ငွေ့တွင်းများသည် နှစ်ကြာလေ အထွက်နှုန်းတိုးလေဖြစ်မည့်လက္ခဏာရှိကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

မြန်မာ့ဓာတ်ငွေ့တွင်းများမှ ဓာတ်ငွေ့ကို ၎င်းတို့၏ ပြည်တွင်းစွမ်းအင်လိုအပ်မှုများတွင် ဖြည့်ဆည်းရန်အတွက် အိန္ဒိယနှင့်တရုတ်တို့သည် အပြိုင်ကမ်းလှမ်းနေကြသည်။ စစ်အစိုးရကလည်း အာရှအင်အားကြီးနှစ်နိုင်ငံစလုံး၏ကမ်းလှမ်းချက်ကို လက်ခံခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရေးနှင့်ပတ်သက်၍ ဓာတ်ငွေ့သွယ်ယူရေးကိုစ္စနှောင့်နှေးနေသဖြင့် တရုတ်ဘက်သို့ ဓာတ်ငွေ့လမ်းကြောင်းပြောင်းသွားမည်ကို အိန္ဒိယကစိုးရိမ်သည်။ ထိုကြောင့် မကြာသေးခင်ကပင် ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံက မြန်မာနိုင်ငံရေးအပြောင်းအလဲအတွက် ဖိအားပေးမည်မဟုတ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

**နေသွင်**

ထိုင်းနိုင်ငံသည် ပြီးခဲ့သည့် အာဆီယံညီလာခံကြီးတွင် အခြားအာဆီယံနိုင်ငံများနည်းတူ သံယောင်လိုက်၍ နအဖကို ဝေဖန်မှုပြုခဲ့သော်လည်း ညီလာခံအပြီး တပတ်အကြာတွင် ထိုင်းဝန်ကြီးချုပ်သည် ကြပ်ပြေးသို့ အရောက်သွားရောက်၍ ဗိုလ်သန်းရွှေကို ဂါရဝပြုခဲ့သဖြင့် ထိုင်းသတင်းစာများက ပြင်းပြင်းထန်ထန်ဝေဖန်ကြသည်။

သို့သော် တက်ခ်ဆင်က သူ၏ ခရီးစဉ်တွင် ထိုင်းနိုင်ငံအကျိုးစီးပွားကိုဆွေးနွေးခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏စွမ်းအင်ထုတ်ယူသုံးစွဲရာနိုင်ငံဖြစ်သည်ဟု တိုင်းပြည်သို့ ထုတ်ဖော်ပြောကြားခဲ့သည်။ မရှေးမနှောင်းမှာပင် မြန်မာနိုင်ငံတွင် စွမ်းအင်ရှာဖွေရေးလုပ်ကိုင်နေသော ထိုင်းနိုင်ငံပိုင်ကုမ္ပဏီ PTTEP က မုတ္တမပင်လယ်အော်ရှိ ၎င်း၏ အလုပ်ကွက်တွင် ဓာတ်ငွေ့ပမာဏအတော်များများအသစ်တွေ့ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး၊ မြန်မာပြည်မှ ဓာတ်ငွေ့ကို ထိုင်းဘက်က ပိုတိုးဝယ်တော့မည်ဟူသောသတင်းများလည်း ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။

နအဖနှင့်ချုပ်ဆိုထားသော စာချုပ်အရ ထိုင်း၏အကြီးဆုံးရေနံကုမ္ပဏီ PTTEP သည် မုတ္တမပင်လယ်အော်အတွင်းရှိ ဓာတ်ငွေ့လုပ်ကွက် (၅) ခုတွင် ဓာတ်ငွေ့ရှာဖွေခွင့်ရခဲ့သည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် (၁၉၉၅) ခုနှစ်ကတည်းက ရတနာနှင့်ရဲတံခွန်ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများတွင် ပြင်သစ်တိုတယ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်နေခဲ့သည်။ PTTEP သည် ရခိုင်ကမ်းလွန်တွင် ကိုးရီးယား (Daewoo) လုပ်ကိုင်နေသော ရွှေဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ဝယ်ယူခွင့်ရရေးအတွက် တရုတ်၊ အိန္ဒိယတို့နှင့် အပြိုင်ကြိုးပမ်းနေသည်။

လောလောဆယ်တွင် မြန်မာနိုင်ငံသည် ထိုင်းတနိုင်ငံတည်းသို့ ဓာတ်ငွေ့ရောင်းချနေပြီး (၂၀၀၄) ခုနှစ်တွင် ဓာတ်ငွေ့မှ အမေရိကန်ဒေါ်လာ (၅၇၈) သန်းရှိခဲ့သည်။ ၎င်းပမာဏသည် စစ်အစိုးရက တရားဝင်ထုတ်ပြန်ထားသော ပို့ကုန်တန်ဖိုးအားလုံး၏ (၂၃) ရာခိုင်နှုန်းဖြစ်သည်။ ပြည်တွင်းဓာတ်ငွေ့ပိုက်လိုင်းအရှည် (၂၀၀၀) ကီလိုမီတာရှိပြီး မုတ္တမပင်လယ်အော်ရှိပြီးရဲတံခွန်ဓာတ်ငွေ့တွင်းမှဓာတ်ငွေ့ကိုထိုင်းနိုင်ငံသို့ နေ့စဉ် ကုဗပေသန်းပေါင်း (၆၅၀) တင်ပို့နေသည်။

အာဆီယံနိုင်ငံများတွင် မလေးရှားသည် မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်နေသော်လည်း မလေးရှားကုမ္ပဏီ ဖြစ်သော Petrolian Berhard သည် ဩဂုတ်လအတွင်းမှာပင် နအဖနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည်။ ယင်းစာချုပ်အရ မလေးရှားကုမ္ပဏီက တနင်္သာရီကမ်းလွန်ဒေသရှိ ဓာတ်ငွေ့ကွက် (၃) ခုတွင် ဓာတ်ငွေ့ရှာဖွေရေးနှင့် မြန်မာနိုင်ငံမှအိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းဖြင့် ဓာတ်ငွေ့တင်ပို့ရာတွင် နည်းပညာဆိုင်ရာ အကူအညီပေးသွားရေးအတွက် သဘောတူခဲ့ကြသည်။

ကုမ္ပဏီသည် (၂၀၀၀) ခုနှစ်မှစ၍ ရဲတံခွန်ဓာတ်ငွေ့ထုတ်လုပ်ရေးတွင် ထိုင်း PTTEP နှင့် ဂျပန် Nippon ကုမ္ပဏီတို့နှင့်အတူ လုပ်ကိုင်နေခဲ့သည်။

တောင်ကိုရီးယားမှ ဒေဝူးကုမ္ပဏီသည် ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် ရှယ်ယာအားလုံး၏ (၆၀) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ ကျန် (၃၀) ရာခိုင်နှုန်းကို တောင်ကိုရီးယားနှင့် အိန္ဒိယ Gail ကုမ္ပဏီများကအစုထည့်ဝင်ထားကြသည်။

ဓာတ်ငွေ့လုပ်ငန်းအပြင် ထိုင်း EGAT ကုမ္ပဏီနှင့် တရုတ် Sinohydro Crop တို့သည် သံလွင်မြစ်ပေါ်တွင် (၁) ဘီလီယံကုန်ကျမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းအတွက် ဇွန်လနှောင်းပိုင်းက နားလည်မှုစာချုပ်ချုပ်ဆိုခဲ့ကြသည်။

နအဖနှင့် စီးပွားရေးလုပ်ကိုင်နေကြသောကုမ္ပဏီများတွင် အာဆီယံနှင့်အာရှနိုင်ငံများသာမက မြန်မာနိုင်ငံကိုစီးပွားရေးဒဏ်ခတ်ထားသောနိုင်ငံများမှ ကုမ္ပဏီများလည်းပါဝင်နေပါတယ်။ ပြင်သစ်မှ Total ကုမ္ပဏီနှင့် အမေရိကန်မှ Chevron ကုမ္ပဏီ၊ Abercrombie & Kent၊ ဗြိတိန်မှ Morgan Timber သစ်ကုမ္ပဏီတို့သည် ထင်ရှားသောဥပမာများဖြစ်သည်။

လောလောဆယ်တွင် မြန်မာနိုင်ငံတွင် စီးပွားလုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီပေါင်း (၇၀) ကျော်ရှိပြီး အများစုမှာ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနေကြသည်။ ၎င်းတို့တွင် ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မလေးရှားနှင့်ထိုင်းနိုင်ငံမှ ကုမ္ပဏီများပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာသန်းပေါင်း (၇ဒသမ၈) ဘီလီယံဖြစ်သည်။

PTTEP ကုမ္ပဏီဥက္ကဋ္ဌက ထိုင်းနိုင်ငံသည် လာမည့် (၂၀၂၀) တွင် စွမ်းအင်လိုအပ်ချက်သည် နှစ်ဆတိုးလာမည်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများမှ စွမ်းအင်အလုံအလောက်ရရှိရေးသည် အရေးကြီးသည်ဟု ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းနှင့်အာဖရိကမှ ထွက်သော ရေနံစိမ်းအပေါ်မှီခိုနေရသော တရုတ်နိုင်ငံသည်လည်း အိမ်နီးချင်းမြန်မာနိုင်ငံမှ ဈေးပေါပေါဖြင့် စွမ်းအင်ရရှိရေးကြိုးပမ်းနေသည်။ လောလောဆယ်တွင် တရုတ်သည် မြန်မာနိုင်ငံသို့ဒေါ်လာ (၈၄) သန်း ချေးငွေထုတ်ပေးထားပြီး၊ အပြန်အလှန်အဖြစ် မြန်မာနိုင်ငံမှ ဓာတ်ငွေ့ (၇) တြိလီယံ ကုဗပေကိုလာမည့် နှစ်ပေါင်း (၃၀) အတွင်း ထုတ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူအိန္ဒိယကုမ္ပဏီများ မြန်မာနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ကိုင်ခွင့်ရရေးအတွက် အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံသို့ ဒေါ်လာ (၁၀) သန်းချေးငွေထုတ်ပေးထားသည်။❖

ကိုးကား– Oil lures West to Troubled Myanmar

## စစ်ဘက်နှင့်အရပ်ဘက်တွင် ရာထူးအပြောင်းအလဲလုပ်

နအဖတပ်အတွင်းအရာရှိ (၇၀) ခန့်၏ စစ်ဘက်နှင့်အရပ်ဘက်ရာထူးများသို့ ဩဂုတ်လဆန်းပိုင်းက အပြောင်းအလဲများပြုလုပ်ခဲ့ကြောင်းသိရသည်။

ယခုတကြိမ် အပြောင်းအလဲတွင် စစ်တပ်အတွင်း တတိယအဆင့်ရှိသည့် ဒု–တိုင်းမှူးနှင့်တပ်မမှူးများအပြင်၊ ဒီအက်စ်အေ၊ အိုတီအက်စ်နှင့်အလုပ်သင်ဗိုလ်များနှင့် ပါဝင်ပြီး အယောက် (၂၀) ခန့်ကို အရပ်ဘက်သို့ ပြောင်းခန့်လိုက်ကြောင်းသိရသည်။ အပြောင်းအလဲအတွင် မြောက်ပိုင်းတိုင်းတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းသည် ရန်ကုန်တိုင်း ဒု–တိုင်းမှူးအဖြစ်သို့လည်းကောင်း၊တပ်မ(၂၂) တပ်မမှူးဗိုလ်မှူးချုပ် ကျော်ဆွေသည် ဒီအက်စ်အေကျောင်းအုပ်အဖြစ်သို့လည်းကောင်း၊ လှိုင်ကော်ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် လှမြင့်ဆွေသည် တပ်မ (၄၄) ၏ တပ်မမှူးအဖြစ်သို့ ပြောင်းလဲခန့်အပ်ခဲ့သည်။ စစ်တပ်အရာရှိများကို အရပ်ဘက်သို့ပြောင်းရွှေ့ခြင်းသည် လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး ယခုတကြိမ်သည် ရာထူးမှဖယ်ရှားခံရသူများနေရာတွင် အစားထိုးခြင်းဖြစ်နိုင်ကြောင်း သုံးသပ်သူများကဆိုသည်။ မြန်မာ့အရေးသုံးသပ်သူ လယ်ရီဂျစ်ဂင်က မြန်မာစစ်တပ်သည် စစ်တပ်အရပ်ဘက်တွင် လူသစ်များဖြင့် သွေးသစ်လောင်းနေခြင်းဖြစ်သည်ဟု သုံးသပ်သည်။ ထိုင်းနိုင်ငံအခြေစိုက်စစ်ရေး အကဲခတ် ဦးဌေးအောင်က ရာထူးအပြောင်းအလဲတွင် ဗိုလ်မှူးကြီးအဆင့်များပါဝင်နေသည့်သဖြင့် နအဖသည် အာဆီယံကို ကတိပေးထားသည့်အတိုင်း အရပ်သားအစိုးရတရပ်ပေါ်ပေါက်မလာခင်တွင် စစ်တပ်ကိုထပ်မံအားဖြည့်ခြင်းဖြစ်နိုင်ကြောင်းသုံးသပ်သည်။

❖

# အမျိုးသားစာကြည့်တိုက်အဆောက် အဦးကိုလေလံတင် မြန်မာပညာရှင်များ စိတ်မသက်မသာဖြစ်နေကြ



အမျိုးသားစာကြည့်တိုက်အဆောက်အဦး

ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနပိုင် ဆောက်လက်စ အမျိုးသားစာကြည့်တိုက်အဆောက်အဦသစ်ကို နအဖစစ်အစိုးရက ကြမ်းခင်းဈေး ကျပ်သန်း (၁၀,၀၀၀) ဖြင့် လေလံတင်ရောင်းချမည်ဟု ကြေညာလိုက်သည့်အပြင် ယင်းစာကြည့်တိုက်ကို နေပြည်တော်သို့ပြောင်းရွှေ့မည်ဟူသော သတင်းကြောင့် မြန်မာ့စာပေပညာရှင်များ စိတ်မချမ်းမသာဖြစ်နေကြကြောင်း သိရသည်။

ယခင်ကလည်း အမျိုးသားစာကြည့်တိုက်ကို အကြိမ်ကြိမ်ရွှေ့ပြောင်းခဲ့ခြင်းကြောင့် အဖိုးတန်ရှေးဟောင်းစာပေများနှင့် ပေရပိုဒ်များပျက်စီးခဲ့ရပြီဖြစ်ကြောင်း စာပေပညာရှင်များက ဝေဖန်ခဲ့ကြသည်။

ယင်းစာကြည့်တိုက်အသစ်သည် ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့် အာဏာထက်စဉ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး (၂၀၀၄) ခုနှစ်တွင် ယခုဆောက် လက်စအဆောက်အဦသစ်သို့ ယခင်တည်နေရာ ခြောက်ထပ်ရုံးမှ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာကြည့်တိုက် အပြောင်းအရွှေ့ကြောင့် စိတ်မချမ်းမသာဖြစ်နေသော ယခင်အခြေခံပညာရုံးချုပ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့ဘူးသော စာကြည့်တိုက်ပညာဆိုင်ရာ ဒီပလိုမာဘွဲ့ရထားသော ကဗျာဆရာ၊ စာပေဝေဖန်ရေးဆရာ မောင်စွမ်းရည်က "အမျိုးသားစာကြည့်တိုက်ကစာအုပ်တွေ ခြောက်ထပ်ရုံးကနေရွှေ့သွားပြီးပြီ။ အဲဒါ ရှစ်ကြိမ်မြောက်ရွှေ့တော့ ပေတွေ ပုရပိုဒ်တွေရွှေ့တာ ဂုန်အိတ်နဲ့ထည့်ပြီးတော့၊ စာအုပ်အဟောင်းတွေလည်း အဲဒီလိုပဲထည့်ရွှေ့တာလေ။ အလုပ်သမားကလည်း ကျွမ်းကျင်အလုပ်သမားမဟုတ်ဘူးလေ။ တွေ့ရာအလုပ်သမားနဲ့ရွှေ့တာလေ။ အကုန်ကျိုးတာ ကျေတာ ပျက်တာပျောက်တာတွေ အများကြီးဖြစ်တာပေါ့။ ကမ္ဘာပေါ်မှာ အမျိုးသားစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အဦးမရှိဘူးဆိုတာ ဗမာပြည်တခုပဲရှိတယ်လေ။ အရှေ့တောင်အာရှနိုင်ငံတွေ၊ ဆင်းရဲတယ်ဆိုတဲ့ နိုင်ငံတွေရော အားလုံးမှာကိုယ်ပိုင်အဆောက်အဦးမရှိတာ ဗမာပြည်ပဲရှိတယ်" ဟု ပြောသည်။

အဆိုပါရောင်းချမည့် စာကြည့်တိုက်သည် ရှစ်ထပ်တိုက်ဖြစ်ပြီး (၁၀) ဧကကျယ်ဝန်းကြောင်းနှင့် ယင်းအမျိုးသားစာကြည့်တိုက်ကို နေပြည်တော်သို့ ရွှေ့ပြောင်းမည်ဖြစ်သောကြောင့် လက်ရှိနေရာကို လေလံတင်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်တွင် အမျိုးသားစာကြည့်တိုက်နှင့် ရန်ကုန်စာကြည့်တိုက်ဟူ၍ အဆင့်မီစာကြည့်တိုက်နှစ်ခုရှိရာ သုတေသနပြုလုပ်ရာတွင် ရှားပါး၊ အရေးကြီးသော ယင်းစာကြည့်တိုက်ကြီးတခု နေပြည်တော်တွင်ပြောင်းရွှေ့အချုပ်အနှောင်ခံရတော့မည်ဖြစ်သဖြင့် စာပေသုတေသနပြုသူများ အခက်တွေ့ကြတော့မည်ဟု အများပြည်သူများဝေဖန်နေကြကြောင်း သိရသည်။

နအဖစစ်အစိုးရသည် မြန်မာ့အသံတိုက်ချဲ့အဆောက်အဦးနှင့် မြေ (၉) ဧကကျော်ကို ကျပ်သန်းပေါင်း (၁၈,၀၀၀) ကျော်ဖြင့် ရောင်းချမည်ဟု လွန်ခဲ့သော (၃) လကကြေညာခဲ့ပြီးနောက် ယခုတခါထပ်မံပြီး လေလံကြော်ငြာခဲ့သည်။

နိုင်ငံကျော်စာရေးဆရာမကြီး ကလျာက "အခုလို လေလံပစ်တယ်ဆိုတာက သူတို့ဆက်မဆောက်နိုင်တာကို လေလံပစ်တယ်ပေါ့။ အခုကတော့ စက္ကူဈေးတွေကြီး ဘာတွေကြီးဆိုတော့ ပြန်ကြားရေးဌာနအတွက် သုံးဖို့ငွေပိုရှာတဲ့သဘောပေါ့။ အခု ပြန်ကြားရေးဝန်ကြီးဌာနက တော်တော်လေးကို လှုပ်လှုပ်ရှားရှား အလုပ်လုပ်တယ်ပေါ့နော်။ ပြန်ကြားရေးဌာနအတွက် သုံးဖို့လို့ကိစ္စတွေဖြစ်ပါလိမ့်မယ်။"ဟု မေးမြန်းခန်းတခုတွင် ပြောဆိုလိုက်သည်။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းပြီးနောက် အောက်မြန်မာနိုင်ငံဆိုင်ရာမဟာမင်းကြီး ဆာချားလ်အက်ဒ်ဝပ်ဘား နတ်ဒ်က (၁၈၈၃) ခုနှစ်တွင် ဘားနတ်ဒ်အခမဲ့စာကြည့်တိုက်အဖြစ် သူပိုင်စာအုပ်များဖြင့် ရန်ကုန်မြို့တွင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် (၁၉၅၂) ခုနှစ်တွင် မြန်မာအစိုးရထံ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဘားနတ်ဒ်စာကြည့်တိုက်သည် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့သော်လည်း စာအုပ်ပေါင်း (၆,၀၀၀) နှင့် ပေ၊ ပုရပိုဒ်များကို ထိန်းသိမ်းနိုင်ခဲ့သည်ဟု စာကြည့်တိုက်မှတ်တမ်းများအရ သိရသည်။ ယခု အမျိုးသားစာကြည့်တိုက်တွင် မြန်မာ့လက်ရေးမူများ၊ ပေ၊ ပုရပိုဒ်များနှင့် စာအုပ်ပေါင်း (၆၀၀,၀၀၀) ကျော် စုဆောင်းနိုင်ခဲ့ပြီဟုသိရသည်။❖

# ဗွီစီဒီ နှင့်စီဒီခွေခိုးကူးမှုများလာ ထုတ်လုပ်သူများလုပ်ငန်းရပ်ဆိုင်း

ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးများတွင် ရောင်းချနေသောခိုးကူးစီဒီနှင့်ဗွီစီဒီများကြောင့် ရုပ်ရှင်နှင့်ဂီတထုတ်လုပ်သူအတော် များများ လုပ်ငန်းရပ်နားထားရကြောင်း ဩဂုတ်လ (၂၆) ရက်နေ့ အေပီသတင်း တရပ်အရသိရသည်။

ငွေကြေးကျပ်တည်းခြင်းကြောင့် ရန်ကုန်လမ်းမပေါ်တွင် အခြေခံလူတန်းစားများက ခိုးကူးဗွီစီဒီနှင့် စီဒီရောင်းချမှုကို စီးပွားရေတခုအဖြစ်လုပ်ကိုင်နေပြီး ဈေးပေါသောအဆိုပါ ခိုးကူးခွေများကို ဝယ်ယူသူများပြားနေသဖြင့် ထုတ်လုပ်သူများအရှုံးပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်နှင့် ဂီတထုတ်လုပ်သူများက ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အမြတ်တင်ရောင်းချသော ဗွီစီဒီတချပ်၏တန်ဖိုးမှာ ကျပ် (၂၀၀၀) နှင့် ညီမျှသော်လည်း အခွေခိုးကူးသူများက မှောင်ခိုဈေးကွက်တွင် ကျပ် (၄၀၀) နှင့် ရောင်းချနေကြောင်းသိရသည်။



ရန်ကုန်မြို့လယ်ခေါင် လမ်းဘေးစီဒီအရောင်းဆိုင်

မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးလည်း ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင်ကျဆင်းနေပြီး ယခုနှစ် ပထမ (၆) လတွင် ရုပ်ရှင်ကား (၁၀) ကျော်လောက်သာထုတ်လုပ်နိုင်ကြောင်း အေပီသတင်းကဆိုသည်။

ရန်ကုန်မှ နာမည်ကြီးတေးရေးဆရာ မင်းချစ်သူက (၂၅) ကြာ ထုတ်လုပ်သူများကို အကြပ်အတည်းဖြစ်စေခဲ့သော အခွေခိုးကူးသည့်ပြဿနာသည် ယခုနှစ်အတွင်း အဆိုးဆုံးအခြေအနေသို့ရောက်နေသဖြင့် ထုတ်လုပ်သူအချို့ လုပ်ငန်းရပ်ဆိုင်းလုဖြစ်နေသည်ဟုပြောသည်။

"ထုတ်လုပ်သူတွေက ရပ်ထားတယ်။ ကျနော်ကတော့ ကျနော်ဟာ ကျနော်သွင်းနေတာပေါ့နော်။ အများစုက ရပ်သွားတာပေါ့။ အရင်တုန်းက (၁၀) ဦးလောက် လုပ်နေတဲ့ထုတ်လုပ်သူက အခုဆို တစ်ခုနှစ်ခု အနိုင်နိုင်၊ လုံးဝရပ်သွားတာတော့ မဟုတ်ဘူးပေါ့"ဟု မင်းချစ်သူက ဒီဗွီဘီသို့ပြောသည်။

ထုတ်လုပ်သူများဘက်မှ ဆုံးရှုံးမှုပမာဏနှင့်ပတ်သက်၍လည်း မင်းချစ်သူက "တရားဝင်ရောင်းရတဲ့ အခွေတသောင်းကျော်ရှိတယ်ဆိုရင် ပရိသတ်ထဲကိုရောက်နေတဲ့ အချပ်တွေက သိန်းကျော်ထက်မနည်းဘူး။ တသိန်းနှစ်သိန်းရှိလိမ့်မယ်လို့ ကျနော်တို့က မှန်းဆကြတာပေါ့။ တချပ်ကို အနည်းဆုံး တထောင်နဲ့ တွက်ကြည့်လိုက်ရင် စီဒီတခွေမှာဆိုရင် အဲဒီလောက်နစ်နာတဲ့ သဘောမျိုးဖြစ်နေတာပေါ့"ဟု ပြောသည်။

ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များနှင့် ထုတ်လုပ်သူများသည် လတ်တလောကြုံတွေ့နေရသောအခက်အခဲနှင့် ပတ်သက်၍ ရုပ်ရှင်ဂီတအနုပညာအစည်းအရုံးကမှတဆင့် နအဖထံ တင်ပြထားကြောင်းသိရသည်။

# အိုင်စီအာရ်စီ၏ ထောင်ခရီးစဉ်များ ပြန်မစနိုင်သေး

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များနှင့် ရဲဘက်စခန်းများသို့ သွားရောက်ခွင့်ရရေး နိုင်ငံတကာကြက်ခြေနီအသင်း၏ တောင်းဆိုချက်ကို နအဖက ထပ်မံငြင်းဆန်လိုက်ကြောင်းသိရသည်။

နိုင်ငံတကာကြက်ခြေနီအသင်း၏ မြန်မာပြည်ကိုယ်စားလှယ် ပက်ထရစ်ဗီရယ်သည် ပြီးခဲ့သည့်လ (၂၃) ရက်နေ့က နအဖ ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ် မောင်ဦးနှင့် ကြပ်ပြေး (နေပြည်တော်) တွင် သွားရောက်တွေ့ဆုံ၍ တနှစ်နီးပါးအပိတ်ပင်ခံထားသော အိုင်စီအာရ်စီ၏ခရီးစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

"တကယ်စိတ်ပျက်စရာကောင်းပါတယ်။ အစည်းအဝေးမှာ အကျဉ်းထောင်တွေဆီ ဘယ်တော့လောက် သွားခွင့်ပြန်ရမလဲဆိုတာနဲ့ပက်သက်ပြီး သဘောတူညီချက်မရခဲ့ပါဘူး" ဟု အစည်းအဝေးမှ အပြန်တွင် ပက်ထရစ်ဗီရယ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က အေပီသတင်းဌာနသို့ပြောသည်။

ဆွေးနွေးပွဲမတိုင်ခင်က အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခွင့်ရရေးနှင့် ပတ်သက်၍ အိုင်စီအာရ်စီဘက်က အကောင်းမြင်ထားသော်လည်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ရဲချုပ်ခင်ရီတို့ တက်ရောက်သော အစည်းအဝေးတွင် တစုံတရာသဘောတူညီချက်မရခဲ့ပေ။

အိုင်စီအာရ်စီ၏ အကျဉ်းထောင်ခရီးစဉ်များတွင် ကြံ့ဖွံ့အဖွဲ့ဝင်များကိုလိုက်ပါရန် နအဖ၏အစီအစဉ်ကို အိုင်စီအာရ်စီဘက်က သဘောမတူခဲ့သည့် ယမန်နှစ်နှောင်းပိုင်းမှ၍ အိုင်စီအာရ်စီ၏ခရီးစဉ်အားလုံး ပိတ်ပင်ခံခဲ့ရသည်။ အကျဉ်းသားများ၏ မိသားစုဝင်များက အိုင်စီအာရ်စီခရီးစဉ်ရပ်ဆိုင်းထားသည့်ကာလအတွင်း ထောင်တွင်းအခြေအနေများ ပိုမိုဆိုး ရွားလာသည်ဟုဆိုသည်။

"အိုင်စီအာရ်စီကမလာတော့ ထောင်ထဲမှာဆေးပျက်နေတယ်။ ပုံမှန်ဆေးစစ်ပေးတာတွေလည်းမရှိတော့ဘူး။ အကျဉ်းသားတွေ၊ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေတော်တော်ဆိုးနေတယ်"ဟု နိုင်ငံရေးအကျဉ်းသားတဦး၏ မိသားစုဝင်တဦးကပြောသည်။

ပုံမှန်အားဖြင့် အိုင်စီအာရ်စီသည် အကျဉ်းထောင်များသို့ (၆) လတကြိမ် သွားရောက်စစ်ဆေးလေ့ရှိပြီး အကျဉ်းသားများအတွက် ဆေးဝါးများကို ပုံမှန်ထောက်ပံ့ပေးလေ့ရှိသည်။

# မင်းသားကျော်သူ၏ နာရေးကူညီမှုလုပ်ငန်းကို ကြံ့ဖွံ့ကသိမ်းမည်ဟုသတင်းထွက်

နိုင်ငံကျော်ရုပ်ရှင်မင်းသား ကျော်သူ ထူထောင်ထားသော အခမဲ့နာရေးကူညီမှုအသင်းကို ကြံ့ဖွံ့အသင်းက မကြာခင်သိမ်းယူမည်ဟူသောသတင်းများထွက်ပေါ်နေသည်။ (၂၀၀၁) ခုနှစ်ကစတင်ခဲ့သော ဦးကျော်သူ၏နာရေးကူညီမှုအသင်းသည် ယခုအချိန်အထိ ဈာပနလေးထောင်ကျော်ကို အခမဲ့ကူညီပေးနိုင်ခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပမှ စေတနာရှင်များအပြင် နာရေးအတွက် အကူအညီတောင်းခံသူ တနှစ်ထက်တနှစ်ပိုမိုများပြားလာနေကြောင်းသိရသည်။ ဦးကျော်သူသည် မင်းကိုနိုင်နှင့် (၈) လေးလုံး မျိုးဆက်များဦးဆောင်ကျင်းပသော (၈) လေးလုံးနှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် သူ၏ ပရဟိတလုပ်ငန်းကို အာဏာပိုင်များက သိမ်းယူတော့မည်ဟူသော သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။ ဤအတောအတွင်း ရန်ကုန်မြို့နှင့် အခြားမြို့များတွင် ထမင်းငတ်သေဆုံး၍ သင်္ဂြိုလ်သူမရှိသော လူသေအလောင်းများကို လမ်းဘေးတွင်တွေ့နေရကြောင်း မြို့ခံများကိုကိုးကားသော ဒီဗွီဘီသတင်းတရပ်ကဆိုသည်။

❖

# မူဆယ် (၁၀၅) မိုင်ဂိတ်မှ အရာရှိများလာဘ်စားမှုဖြင့် ထောင်ကျ

လားရှိုးထောင်တွင် ဖမ်းဆီးခံထားရသော မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဂိတ်မှ အကောက်ခွန်နှင့် နကသ အရာရှိ (၂၃) ဦးကို လာဘ်စားမှုဖြင့် ဩဂုတ်လ (၁၅) ရက်နေ့က အနည်းဆုံးထောင်ဒဏ် (၃) နှစ်မှ (၄၂) နှစ်ထိ အသီးသီးချမှတ်လိုက်ကြောင်း သိရသည်။

ထိုသို့ ထောင်ဒဏ်ချမှတ်ခံရသူများသည် အကောက်ခွန်အရာရှိ (၁၆) ဦးနှင့် နကသ (နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန) ဝန်ထမ်း (၇) ဦးဖြစ်ပြီး ယင်းတို့အနက် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးမှူး ဦးငွေစိုးနှင့် နကသမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညိုတို့နှစ်ဦးသာ (၃) နှစ်ကျခံရခြင်းဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ခံရသော နကသတွင် အများအားဖြင့် စစ်တပ်တွင်အမှုထမ်းရင်း ခြေပြတ်ကာ ဒုက္ခိတဖြစ်သွားရသော အရာရှိငယ်များကို တပ်မှအနားပေးပြီး ယင်းအဖွဲ့တွင် တာဝန်ထမ်းဆောင် စေခဲ့သူများဖြစ်သည်။ ထိုသူများကို ထောင်ဒဏ် (၄၂) နှစ်ချမှတ်ခဲ့ပြီး ယင်း (၁၀၅) မိုင်ဂိတ်တွင် အဆပေါင်းများစွာလာဘ်စားခဲ့သော တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကို မည်သို့မျှအရေးမယူသည့်အပြင် ဒု-ဗိုလ်ချုပ်ကြီးရာထူးတိုးပေးခြင်းသည် နအဖစစ်အစိုးရအနေနှင့် စစ်တပ်တွင်း ခွဲခြားဆက်ဆံခြင်းသာဖြစ်သည်ဟု ဝေဖန်မှုများရှိနေသည်။

ယခုလ (၈) ရက်နေ့ကလည်း ယင်းတရုတ် နယ်စပ်ကုန်သွယ်ရေးဇုံမှ ဖမ်းဆီးထားသော မြန်မာကုန်သည် (၂၀၂) ဦးကို အရေးကြီးကုန်ပစ္စည်းပုဒ်မ (၈-၁)၊ သွင်းကုန်ထုတ်ကုန်ဥပဒေ (၅-၁) (၅-၃)၊ သွင်းကုန်ထုတ်ကုန် ဥပဒေ (၅-၁) (၅-၃) ကျင့် (၅၁၂)၊ အရေးပေါ်ပုဒ်မ (၈) ကျင့် (၅၁၂) တို့ဖြင့် အနည်းဆုံးထောင်ဒဏ် (၃) နှစ်မှ (၃၅) နှစ်အထိ ချမှတ်ခဲ့သည်။ ယင်းတို့ကို မေလ (၅) ရက်နေ့က ဖမ်းဆီးခဲ့ပြီး လားရှိုးအကျဉ်းထောင်တွင် အကျဉ်းချုံးတရားစီရင်ကာ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကုန်သည်အများစုမှာ တရုတ်နိုင်ငံ ကြယ်ဂေါင်နှင့် ရွှေလီဒေသဖက်သို့ ရှောင်တိမ်းနေကြဆဲဖြစ်ကြောင်းသိရသည်။

တရုတ်-မြန်မာနယ်စပ် မူဆယ် (၁၀၅) မိုင်တွင် ပြီးခဲ့သည့် ဧပြီလ (၁၁) ရက်နေ့က မြန်မာနိုင်ငံ၏ ပထမဦးဆုံးကုန်သွယ်ရေးဇုံဖွင့်လှစ်ခဲ့ပြီး (၁) လ မပြည့်ခင်မှာပင် လာဘ်စားမှုများပေါ်ပေါက်လာပြီး ယင်း (၁၀၅) မိုင်တွင်သာမက လားရှိုးမြို့ရှိ အကောက်ခွန်ဌာနနှင့် နယ်စပ်ကုန်သွယ်ရေးအဖွဲ့ (နကသ) မှ ဝန်ထမ်းအများအပြားကို ဖမ်းဆီးမှုများပြုလုပ်ခဲ့ပြီး ယင်းသို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

❖

# ရှစ်လေးလုံးအထိမ်းအမှတ် လွမ်းသူပန်းခွေချမှုဖြင့် ပဲခူးမြို့၌မှအထက်တန်းကျောင်းသားများဖမ်းဆီးခံရ

ရှစ်လေးလုံးနေ့က ပဲခူးမြို့ အထက (၃) ကျောင်းရှေ့သို့ ပန်းခွေလာချသည့် ကျောင်းသားငယ် (၁၃) ဦးအား အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

မျက်မြင်သက်သေတဦး၏ အဆိုအရ ထိုကျောင်းသားများသည် နံပါတ်မပါသော ဆိုင်ကယ်ငါးစီးနှင့်ရောက်လာကာ ကျောင်းသားနှင့်ပြည်သူများ သေနတ်ပစ်ခံခဲ့ရသည့် ထိုနေရာတွင် ပန်းခွေချခြင်း၊ အလေးပြုခြင်းများပြုလုပ်ခဲ့ကြပြီး လုံခြုံရေးများရောက်လာသောအခါ လူစုကွဲသွားသည်ဟု သိရသည်။

ထိုနေ့မှာပင် ရှစ်လေးလုံးလှုပ်ရှားမှုများရှိခဲ့သည့် ပဲခူးမြို့တွင် ကျောင်းသားများ နိုင်ငံရေးလှုပ်ရှားမှုကင်းရှင်းရန် အာဏာပိုင်များက သတိပေးခြင်းများရှိခဲ့သည်။

သက်ဆိုင်ရာအာဏာပိုင်များသည် အလယ်တန်းအထက်ဆင့်ဖြစ်သော ရှစ်တန်းနှင့် အထက်တန်းကျောင်းသားများ၏ မိဘများအား ကျောင်းများသို့ခေါ်ယူကာ နိုင်ငံရေးသမားများနှင့် မဆက်ဆံရန်၊ ကျောင်းသို့အချိန်မှန်မှန်လာရန်၊ မိမိတို့၏ သားသမီးများအား ထိမ်းသိမ်းထားရန်အတွက် လက်မှတ်ထိုးခိုင်းခဲ့သည်ဟုသိရသည်။

ထိုသို့ လက်မှတ်ရေးထိုးခိုင်းရာတွင် အကယ်၍ လက်မှတ်မထိုးပါက ကျောင်းသားများသာမက မိဘများကိုပါ အရေးယူမည်ဟု ခြိမ်းခြောက်အကျပ်ကိုင်သောကြောင့် ကျောင်းသားမိဘများအနေနှင့် ကျေနပ်မှုမရှိသော်လည်း လက်မှတ်ထိုးခဲ့ရသည်ဟုသိရသည်။

အမည်မဖော်လိုသူကျောင်းသားတဦးက ကျောင်းသားများအနေနှင့် နိုင်ငံရေးလုပ်နေသည်မဟုတ်ကြောင်း၊ ကျောင်းတက်ရန်နှင့် စာမေးပွဲအောင်အောင်ဖြေရန်သာ စိတ်ကူးရှိကြောင်း၊ သို့သော် ကျောင်းသားများကို ရန်သူသဖွယ်သဘောထားနေသော အာဏာပိုင်များသည့် တဖက်သတ်စိုးရိမ်မှုသာဖြစ်ကြောင်း မကျေမနပ်ပြောကြားသည်။

ရှစ်လေးလုံး (၁၈) နှစ်ပြည့် အခမ်းအနားများကို ရန်ကုန်တွင် ပထမဆုံးအကြိမ်အဖြစ် (၈၈) မျိုးဆက်ကျောင်းသားကြီးများက ဦးဆောင်ကျင်းပခဲ့ပြီး နယ်မြို့အသီးသီးတွင်လည်း သူ့နည်းသူ့ဟန်ကိုယ်စီဖြင့် ကျင်းပခဲ့ကြသည်။

မကွေးမြို့တွင် တက္ကသိုလ်ကျောင်းသားများသည် ၈လေးလုံးတွင်ကျဆုံးခဲ့သော နောင်တော်ကျောင်းသားများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အနက်ရောင်ဖဲကြိုးများကို ရင်ဘတ်တွင်ပင်အပ်နှင့် တပ်ဆင်လျက် ကျောင်းတက်ခဲ့ကြသည်။

# နိုင်ငံတကာမှရောဂါသုံးမျိုးတိုက်ဖျက်ရေးအလှူငွေကို မြန်မာပြည်မှ အကူအညီမဲ့ဝေဒနာသည်များ မျှော်လင့်နေ

ဗြိတိန်၊ ဩစတြေးလျ၊ နော်ဝေး၊ ဆွီဒင်၊ နယ်သာလန်နှင့် အီးယူတို့မှ ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် ဒေါ်လာသန်းတရာလှူဒါန်းမည့် ကြေညာချက်အပေါ်တွင် မြန်မာနိုင်ငံအတွင်းရှိ အေ့ဒ်စ်ဝေဒနာရှင်များက မျှော်လင့်စောင့်စားနေကြောင်း သိရသည်။

အေ့ဒ်စ်ရောဂါသည်များအတွက် လိုအပ်သော အေအာရ်ဗွီဆေးတန်ဖိုးမှာ လွန်စွာကြီးမားသောကြောင့် ရောဂါသည်အများစုမှာ မိမိတို့ကိုယ်တိုင် ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိကြသည့်အတွက် ပြည်ပအဖွဲ့အစည်းများ၏ကူညီထောက်ပံ့မှုများကိုသာ မျှော်လင့်နေကြခြင်းဖြစ်သည်။

အင်္ဂလန်နိုင်ငံမှ ဒေါ်လာ (၃၆) သန်း၊ ဩစတြေးလျမှ ဒေါ်လာ (၁၅) သန်း နော်ဝေး၊ ဆွီဒင်၊ နယ်သာလန်နှင့် အီးယူတို့မှ (၄၉) သန်းအသီးသီး ထည့်ဝင်ကြမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

မြန်မာစစ်အုပ်စု၏မူဝါဒရေးရာအရ ထိုရရှိလာမည့်အလှူငွေအားလုံးကို အစိုးရဘဏ်သို့ဦးစွာထည့်သွင်းရမည်ဖြစ်ပြီး နေ့စဉ်လိုအပ်သောငွေကို FEC နှင့် ပြန်၍ လဲလှယ်ထုတ်ယူရမည်ဖြစ်သည်။ ငွေကြေးအသုံးပြုမှုများကို စစ်အုပ်စု၏ ကျန်းမာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်မည်ဖြစ်ပြီး ထိုစီမံကိန်းတွင် ပါဝင်မည့်ဝန်ထမ်းများကိုလည်း စစ်အုပ်စုမှသာ ရွေးချယ်ခန့်အပ်သွားမည်ဖြစ်သည်။ စစ်အုပ်စုထံမှ ခွင့်ပြုချက်ရမှသာလျှင် ခရီးသွားလာခွင့်ရရှိနိုင်သည့် စည်းမျဉ်းများကိုလည်း အာဏာပိုင်များကထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၌ ငှက်ဖျားကြောင့် သေဆုံးခဲ့သူ (၃,၀၀၀) ခန့်နှင့် တီဘီကြောင့်သေဆုံးသူ (၁၂,၀၀၀) ခန့်ရှိပြီး တီဘီဝေဒနာရှင်များမှာ (၁၀၀,၀၀၀) ရှိသည်ဟု တရားဝင်ကိန်းဂဏန်းများအရသိရသည်။

ဗြိတိန်နိုင်ငံတကာဆိုင်ရာ ဖွံ့ဖြိုးရေးဌာနဝန်ကြီး ဂဲရက်စ်သောမတ်စ်က ရံပုံငွေများမှာ စစ်အုပ်စုလက်ထဲသို့ ရောက်ရှိသွားမည်မဟုတ်ဘဲ အစိုးရက ဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိသည့် သီးခြားရံပုံငွေအဖြစ် ထားရှိသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

❖

# မဲဆောက်မြို့က ဆန်လှူပွဲတွင် မြန်မာနှစ်သောင်းအလုအယက်တိုးဝှေ့

မဲဆောက်တရုတ်ဘုံကျောင်းတွင် ယနေ့ပြုလုပ်သော ဆန်လှူပွဲသို့ မြဝတီနှင့်မဲဆောက်မှ မြန်မာနှစ်သောင်းကျော်လာရောက်ခဲ့ကြပြီး ဆန်မရလိုက်သူများပြားကြောင်းသိရသည်။

"တယောက်ကို ဆန် (၄) ကီလိုခွဲ၊ မှတ်တိုးထားရတယ်။ လက်မှာဆေးသုတ်ပေးတယ်။ လက်မှတ်ပေးတယ်။ ဆန်ဝေတော့ လက်မှာ သုတ်ထားတဲ့ဆေးနဲ့ လက်မှတ်တိုက်ပြီးပေးတယ်။ လက်မှတ်မရှိရင် ပေးမဝင်ဘူး" ဟု အသက် (၁၀) နှစ်အရွယ်ကလေး



မားမား (ခေါက်ဆွဲခြောက်) နှစ်ထုပ်၊ သကြားလုံး၊ ငါးသေတ္တာ ၊ ငါးပိဘူးပေးတယ်။ ဗမာငွေနဲ့ဆိုရင်တော့ နှစ်ထောင်လောက်ရှိတယ်။ ကျမတယောက်တည်း မရတာမဟုတ်ဘူး။ ဆန်မရတဲ့လူအများပဲ။"ဟု ဆန်လှူပွဲသို့ရောက်ခဲ့သော်လည်း ဆန်မရလိုက်သောအသက် (၅၀) အရွယ် သမီးတဦးက ပြောသည်။

မြဝတီဘက်ကမ်းမှ မြန်မာများလည်း မဲဆောက်ဆန်လှူပွဲသို့ နောက်ကျမှရောက်လာသဖြင့် လက်ဗလာဖြင့် အိမ်ပြန်ကြရကြောင်း သိရသည်။

"ကြိခင်းတို့၊ ငှက်ပျောတောဘက်က လာတဲ့လူတွေလည်းလက်မှတ်မမီလို့ ဆန်မရဘူး။ ဒီဘက်ကမ်းက တချို့ပန်းရန်လုပ်တဲ့ လူတွေလည်း အလုပ်နေ့ဝက်ဖျက်ပြီး ဆန်လာတိုးတာ လက်မှတ်မရတော့ ဆန်မရဘူး" ဟု ဆန်လှူပွဲသို့ (၇) နှစ်အရွယ်သားနှင့်အတူ သွားရောက်ခဲ့သောမိခင်တဦးက ဆိုသည်။

"မနက် (၆) နာရီကတည်းက လက်တဦးက သူ၏လက်တွင် စွန်းနေသောအစိမ်းရောင်မှင်ကိုပြလျက်ပြောသည်။

မြဝတီဘက်မှလာရောက်သောအခြားအမျိုးသမီးတဦးကလည်း "လမ်းစရိတ်မရှိလို့ အသိဆီကနေ ပိုက်ဆံ (၇၀၀) ချေးပြီးလာတယ်။ လမ်းစရိတ် (၅၀၀) ကုန်တယ်။ (၂၀၀) ပဲကျန်တော့တယ်။ အခု ဆန်လည်း မရတော့ ဘယ်လိုပြန်ရမလဲမသိဘူး" ဟု ပြောသည်။

ဆန်လှူပွဲသို့လာရောက်သော လူအထောင်အသောင်းကြားတွင် သားပျောက်ရှာနေသောမိခင်တဦးက "ဆန်လည်းမရဘူး။ ကလေးနှစ်ယောက်ပျောက်နေတာလည်းရှာမတွေ့ဘူး"ဟု ပြောသည်။

နေ့လည် (၄) နာရီတွင် ပြီးဆုံးခဲ့သော ယခုနှစ်ဆန်လှူပွဲတွင်ပေးသောဆန်နှင့် အခြားပစ္စည်းများမှာ ယခင်နှစ်များထက် များပြားသည့်အပြင် နံနက်စောစောတွင် လက်မှတ်လာယူသူ နို့စို့အရွယ်ကလေးများကိုလည်း ဆန်ဝေပေးခဲ့ကြောင်း သိရသည်။

# ဆန်ရှားပါး ဆန်ကွဲကိုဈေးကြီးပေးဝယ်နေကြ

ရန်ကုန်တိုင်းအတွင်းရှိ အခြေခံလူတန်းစားများအတွက် ဆန်ကြမ်းတပြည်ကို ကျပ် (၄၀၀) ဖြင့်သာ ရောင်းချရမည်ဟု နအဖစစ်အစိုးရက အမိန့်အာဏာဖြင့် ဖိအားပေးရောင်းချခိုင်းနေသည့်အတွက် ဆန်ကုန်သည်ကြီးများ မကျေမနပ်ဖြစ်နေကြောင်းသိရသည်။

အဆမတန်မြင့်တက်နေသော ဆန်ဈေးများကို ထိန်းချုပ်လိုခြင်းနှင့် ဆန်ပြတ်လပ်မှုပြဿနာကိုဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ဆန်ကုန်သည်ကြီးများအသင်းကို ညွှန်ကြားချက်ပေးပြီး သာကေတ၊ လှိုင်သာယာ၊ ရွှေပြည်သာစသော အခွန်လွတ်ဈေးများတွင် ဇူလိုင်လမှစတင်ကာ ယခုခဲ့သောအမိန့်ဖြင့် ဈေးသတ်မှတ်ရောင်းချခိုင်းခြင်းဖြစ်သည်။

အာဏာပိုင်များထုတ်ပြန်သော အမိန့်ကို ဆန်ကုန်သည်ကြီးများက မကျေနပ်ကြသော်လည်း အရေးယူခံရမည်ကိုစိုးသဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးနေရသည်ဟု ကုန်သည်အသိုင်းအဝိုင်းမှလာသော သတင်းများအရ သိရသည်။

သို့သော် အမိန့်အရ ရောင်းချပေးလျက်ရှိသောဆန်မှာ ဆန်တန်းမဝင်သော ဆန်ကွဲသာသာဆန်များသာဖြစ်သဖြင့် ပြည်သူလူထုမှာစိတ်ညစ်နေကြကြောင်း သိရသည်။

ဆန်ကုန်သည်ကြီးများက လွန်ခဲ့သော လပိုင်းက အာဏာပိုင်များထုတ်ပြန်ထားသော နယ်ကျော်ဆန်မသယ်ရအမိန့်ကြောင့် ယခုကဲ့သို့ ဆန်ဈေးနှုန်းအဆမတန်ကြီးမြင့်မှုနှင့် ဆန်ပြတ်လပ်မှုပြဿနာပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း နောက်ကွယ်တွင်ပြောဆိုနေကြပြီး၊ အာဏာပိုင်များကလည်း ဆန်ရှားပါးနေခြင်းသည် ဆန်ကုန်သည်များ၏ မတရားလောဘကြောင့်ဖြစ်သည်ဟု အပြန်အလှန်အပြစ်ဖို့နေကြသည်။

❖

# "တိုင်းပြည်ကောင်းစားဖို့အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကိုလိုက်မလား ဒါမှမဟုတ်ရင်..."

## NCUB တွဲဘက်အတွင်းရေးမှူး (၄)၊ မင်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးချစ်တင်နှင့် အင်တာဗျူး

*မေး ။ ။ ဦးချစ်တင်ဟာ မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လို့ သိထားပါတယ်။ နိုင်ငံရေးဖြတ်သန်းမှုအတွေ့အကြုံကိုပြောပြပေးပါခင်ဗျာ။*

အဖြေ ။ ။ ကျနော်က မကွေးတိုင်း မင်းလှမြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် (၁၉၉၀) ခုနှစ်က NLD အဖွဲ့ချုပ်ကိုယ်စားပြုပြီးတော့ ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ ကျနော်ရဲ့ နိုင်ငံရေးဘဝဖြစ်စဉ်ကို ပြောပြရမယ်ဆိုရင် ကျနော်တို့ဟာ (၆၃) ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးတော့ မကွေးကောလိပ်ကို ရောက်စဉ်ကတည်းကပဲ မကွေးကောလိပ်မှာ ဆဲလ်ဗင်းဂျူလိုင်နှစ်ပတ်လည်ကို ကျနော်တို့ဆန္ဒပြပြီးတော့ နိုင်ငံရေးလောကထဲကို အဲဒီကစပြီးဝင်လာခဲ့တာဖြစ်ပါတယ်။ နိုင်ငံရေးဘဝမှာကတော့ မဆလတလျှောက်လုံးလည်းပဲ မဆလပါတီကို ဆန့်ကျင်ပြီးတော့ နိုင်ငံရေးလုပ်လာခဲ့ပါတယ်။ ကျနော်တို့ (၈၈) မှာလည်းပဲ မကွေးမြို့နယ်မှာ ရှေ့နေများအသင်းကနေပြီးတော့ (၈၈) အရေးတော်ပုံမှာ ပါဝင်ဆန္ဒပြတိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ ရှစ်လေးလုံးပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခွင့်ရတဲ့အခါမှာ ကျနော်တို့ဦးစီးပြီးတော့ မင်းလှမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်လာခဲ့ပါတယ်။ မင်းလှမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူခဲ့ပါတယ်။ (၁၉၈၉) အာဇာနည်နေ့ ချီတက်ပွဲနဲ့ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ထိန်းသိမ်းခံရတဲ့အချိန်မှာ ကျနော့်ကို မကွေးတိုင်းစည်းရုံးရေးမှူးအဖြစ် တာဝန်တိုးမြှင့်ပါတယ်။ ဂန္ဒီဆွေးနွေးပွဲမှာလည်းပဲ မကွေးတိုင်းကိုယ်စားလှယ်အဖြစ်နဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

*မေး ။ ။ ဂန္ဒီအစည်းအဝေးနောက်ပိုင်းမှာ ဦးချစ်တင်ကို ယာယီပြိုင်အစိုးရဖွဲ့စည်းတယ်ဆိုတဲ့စွဲချက်နဲ့ ဖမ်းဆီးထောင်ချတဲ့အကြောင်း ပြောပြနိုင်မလားခင်ဗျာ။*

အဖြေ ။ ။ နိုင်ငံရေးအရ ဂန္ဒီမှာ ကျနော်တို့မျှော်လင့်သလိုဖြစ်မလာခဲ့ဘူး။ အဲဒီအခါမှာ ကျနော်တို့ အန်အယ်လ်ဒီကနေ ၅/၉၀ ထုတ်ပြန်လိုက်တဲ့အခါကျတော့ ၅/၉၀ ကြေညာချက်အပေါ်မှာ ကျနော်တို့မြင်တဲ့အမြင်က ဂန္ဒီဆုံးဖြတ်ချက်အပေါ်မှာ သွေဖီတယ်လို့ ကျနော်တို့ယူဆတယ်။ အဲလိုယူဆတဲ့အတွက် ကျနော်တို့ သဘောထားရေးတိုက်ဆိုင်သူအချင်းချင်း ဆွေးနွေးညှိနှိုင်းဖို့ မန္တလေးကိုထွက်ခွာလာခဲ့ပါတယ်။ မန္တလေးမှာ လူစုခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရေဝတီတိုင်း၊ ရန်ကုန်တိုင်းက အားလုံးလူ (၄၀) ကျော်တယ်။ အမရပူရမြို့နယ်က ဦးဘဘွားအိမ်မှာ ဆွေးနွေးပွဲစလုပ်ပါတယ်။ အဲဒီဆွေးနွေးပွဲ စလုပ်တဲ့နေက ၅/၉၀ ပေါ်မှာ မကျေနပ်လို့ ၅/၉၀ ကို ဆန့်ကျင်တယ်ဆိုတဲ့ အစည်းအဝေးဆုံးဖြတ်ချက်ရယ်၊ နောက်တခု အဲဒီနေ့လည်မှာပဲ စင်ပြိုင်အစိုးရထောင်ဖို့ လိုအပ်တယ်ဆိုတဲ့ဆုံးဖြတ်ချက်တခုကျပါတယ်။ မန္တလေးတိုင်းက ဦးဘိုလှတင့်တင်ပြတာက မန္တလေးဘုန်းကြီးကျောင်းမှာဘဲ အစိုးရတရပ်ကိုဖွဲ့စည်းထူထောင်ပြီးတော့ သံဃာအားနဲ့ကာကွယ်ဖို့ ဒါ သူက တင်ပြတယ်။ ဦးလှထွန်းကတော့ သံရုံးတရုံးအတွင်းမှာဝင်ပြီးတော့ အစိုးရဖွဲ့ရင်ရမလား ဒါကို ကြိုးစားကြည့်မယ်။ သံရုံးတွေနဲ့ အဆက်အဆက်လုပ်ကြည့်မယ်ဆိုပြီးတော့ ဒီအကြံပြုချက်ကို ဦးလှထွန်းကတင်ပြတယ်။ ဦးဝင်းကိုနဲ့ ကျနော်ကတော့ တောတွင်းတနေရာမှာသွားပြီးတော့မှ လူ (၂၀-၃၀) လောက်နဲ့ အစိုးရဖွဲ့တာက ဆက်လက်ပြီးတော့ အစိုးရတရပ်အဖြစ် ဆက်လက်ရှင်သန်သွားမယ်ပေါ့။ ဦးဘိုလှတင့်ပြောသလို ဘုန်းကြီးကျောင်းမှာဖွဲ့မယ်ဆိုရင် သူတို့ချေမှုန်းလိုက်တာနဲ့ ဖွဲ့တယ်ဆိုတာလောက်လေးနဲ့ ဒီအစိုးရက ပျောက်သွားနိုင်တယ်။ အဲဒီအကြံပြုချက်တွေရဲ့နောက်ဆုံး ပြည်ပတနေရာကိုထွက်ပြီးတော့ စင်ပြိုင်အစိုးရတရပ်ကိုထူထောင်ဖို့ဆိုပြီးတော့ ဆုံးဖြတ်ချက်ချခဲ့ကြပါတယ်။ အဲလို အစည်းအဝေးလုပ်ပြီးတဲ့နောက် နိုဝင်ဘာလထဲမှာဘဲ ကျနော်တို့ ပထမဆုံး စီအိုင်းစီတွေအဖမ်းခံလိုက်ရတယ်။ ကျနော်ကို နိုဝင်ဘာ (၁၉) ရက်နေ့မှာ ဖမ်းခံတယ်။ အဖမ်းခံရမိတ္ထီလာကိုပို့တယ်။ မိတ္ထီလာကနေတဆင့် ရေကြည်အိုင်ကိုရောက်သွားတယ်။ ရေကြည်အိုင်မှာ ကျနော်တို့ တလနီးပါးစစ်ဆေးပြီးတော့မှ ဒီဘက်က ဒေါက်တာစိန်ဝင်းတို့က ဒီဇင်ဘာ (၁၈) ရက်နေ့မှာ စင်ပြိုင်အစိုးရဖွဲ့စည်းတယ်လို့ ကြေညာတဲ့အချိန်မှာ ကျနော့်ကို အင်းစိန်ထောင်ကိုပို့လိုက်ပါတယ်။ ဧပြီလရောက်တဲ့အခါကျမှ ရန်ကုန်တိုင်းစစ်ခုံရုံးကနေပြီတော့မှ ကျနော်တို့ ၁၂၂ (၁) ဖြစ်တဲ့လူတွေကို နိုင်ငံတော်ပုန်ကန်မှုဖြစ်တဲ့ ထောင်ဒဏ် (၂၅) နှစ်နဲ့ နိုင်ငံတော်ပုန်ကန်မှုမှာ ထိန်ချန်တဲ့ ဦးခင်မောင်ဆွေတို့ ဦးစိန်လှဦးတို့ ဦးနိုင်းနိုင်းတို့ အပါအဝင်ကို (၁၂၄) နဲ့ ထောင် (၁၀) နှစ်ချခဲ့ကြပါတယ်။ (၁၉၉၂) ကျမှ ဦးသန်းရွှေတက်လာပြီးတော့ ၅/၉၂ ကြေညာချက်နဲ့ ပြစ်မှုဆိုင်ရာဥပဒေ (၄၁၁) အရ ပြစ်မှုများကိုလျှော့ပေါ့ပေးတယ်ဆိုပြီးတော့ ဇွန်လမှာ အင်းစိန်ထောင်ကနေ လွတ်လာတယ်။ တချို့တဝက်က ထောင်ထဲမှာကျန်ခဲ့တယ်။

*မေး။ ။ ထောင်ကထွက်လာပြီးနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ နိုင်ငံရေးလုပ်ငန်းတွေလုပ်ဆောင်ခဲ့တဲ့အပိုင်းတွေ ပြောပြနိုင်မလားခင်ဗျာ။*

အဖြေ ။ ။ ကျနော်တို့ အပြင်ကိုရောက်တဲ့အချိန်မှာ ပါတီကနေပြီးတော့ ကျနော်တို့ကို ပါတီကနေထုတ်ထားတယ်။ ထောင်ထဲမှာလည်းပဲ နဝတကနေပြီး ကြေညာချက်ထုတ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကရုပ်ဆိုင်းတယ်။ နောက် ရွေးကောက်ပွဲတွေမှာလဲ ယှဉ်ပြိုင်ခွင့်မရှိဘူးဆိုပြီးတဲ့ကြေညာချက်တွေထုတ်ပြန်ထားတာသိရှိခဲ့ရတယ်။ အဲန်အယ်လ်ဒီက ထောင်ကျတဲ့သူတွေကို ထုတ်ပယ်ထားတယ်ဆိုတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်တို့အပါအဝင်ပေါ့လေ။ ကျနော်တို့ အဲဒီအချိန်မှာတော့ အဲန်အယ်လ်ဒီပါတီနားကို ချဉ်းကပ်လို့မရတော့ဘူး။ (၉၆) ဒေါ်အောင်ဆန်းစုကြည်လွတ်လာတဲ့အခါကျတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခြံထဲမှာ မေလ ရွေးကောက်ပွဲ



**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ တွဲဘက်အတွင်းရေးမှူး (၄) ဦးချစ်တင်**

နှစ်ပတ် လည်လုပ်မယ်ဆိုပြီးတော့ အစည်းအဝေးဖိတ်ပါတယ်။ ဖိတ်တဲ့အခါမှာ ကျနော်က ရန်ကုန်ကို အစောကြီးဆင်းလာတယ်။ ရန်ကုန်ကိုအစောကြီးဆင်းလာတဲ့အတွက် မေ (၂၇) မှာလုပ်မှာကို မေ (၂၀) လောက်ကတည်းကဆင်းလာတဲ့အတွက် နယ်တွေမှာ (၂၃) ရက် (၂၄) ရက်လောက်မှ အစည်းအဝေးတက်မဲ့ကိုယ်စားလှယ်တွေကို နဝတကနေပြီးတော့ ထောက်လှမ်းရေးတွေက လိုက်ဖမ်းပါတယ်။ ဖမ်းတဲ့အချိန်မှာ ရန်ကုန်ရောက်နေတဲ့အတွက် ကျနော်လွတ်သွားပြီးတော့ (၂၅) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ခြံထဲကို ကျနော်ရောက်ရှိသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ခြံထဲကို ရောက်ရှိသွားပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာပဲ ကျနော်တို့အားလုံးလွတ်မြောက်တဲ့ (၁၀) ဦး မကွေးတိုင်းကဆိုရင် ကျနော်နဲ့ ဦးစိုးမြင့် ရေဝတီတိုင်းကဆိုရင် ဦးမြင့်လှိုင်၊ ဦးလှမြင့်၊ ဦးတင်ချော၊ မြင်းမူက တယောက်၊ စစ်ကိုင်းတိုင်းက တယောက်၊ ပဲခူးတိုင်းကဆိုရင် ဦးအေးနဲ့ ဦးသာအောင်၊ ရေဝတီတိုင်းကဆိုရင် ဒေါက်တာမျိုးညွှန့်၊ မွန်ကဆိုရင် ကိုအောင်ကြည်ညွှန့်၊ အဲဒီ (၁၀) ယောက်ပေါ့။ ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ကျနော်တို့နေပြီးတော့ နိုင်ငံရေးကိစ္စလက်ခံတယ်။ မကွေးတိုင်းရဲ့ ဒု-ဥက္ကဋ္ဌအဖြစ် ကျနော့်ကိုတာဝန်ပေးတယ်။ ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲမှာပဲ (၂) နှစ်နီးပါး ပါတီကိစ္စတွေ အတူအကွပူးတွဲကူညီလုပ်ဆောင်ခဲ့ပါတယ်။

*မေး။ ။ လွတ်မြောက်နယ်မြေကို ရောက်လာတဲ့အခြေအနေကို ပြောပြနိုင်မလားခင်ဗျာ။*

အဖြေ ။ ။ ပြည်တွင်းမှာ နိုင်ငံရေးလုပ်ငန်းတွေလုပ်နေတဲ့အချိန်မှာပဲ ကျနော်နဲ့ ဦးအောင်သိန်းနဲ့က ဒီဘက်မှာရှိတဲ့ NCUB/MPU အဖွဲ့တွေနဲ့ ဆက်သွယ်မှုပြုပြီးတော့၊ ဆွေးနွေးပြီးတော့ ကျနော်တို့ လုပ်ကိုင်လာကြတယ်။ အဲလို လုပ်ကိုင်လာတဲ့အချိန်မှာ တနေ့မှာ ဦးအောင်သိန်းအိမ်ဝင်ရှာပြီးတော့ ဂြိုလ်တုဖုန်းကိုတွေ့ရှိသွားတယ်။ (၂၀၀၆) ခုနှစ် မတ်လ (၂၅) ရက်နေ့ စနေနေ့မှာ။ အဲဒီ ကျနော်ကသတင်းရရှိတဲ့အခါကျတော့ အိမ်မပြန်တော့ဘဲ တနေရာမှာ ပုန်းအောင်းပြီးတော့ အခြေအနေကို (၂) ရက် (၃) ရက် စောင့်ကြည့်ပြီးတဲ့အခါမှာပဲ နောက်သုံးရက်လောက်အကြာမှာ ဦးအောင်မျိုးကိုဖမ်းသွားတယ်လို့ကြားတဲ့နေ့မှာဘဲ နယ်စပ်ဘက်ကိုတွေကို အတူတွဲပြီးတော့ လုပ်ကိုင်လာခဲ့ပါတယ်။ (၁၉၉၇) ခုနှစ်မှာ မြို့နယ်စည်းရုံးရေးအဖွဲ့တွေ တိုင်းစည်းရုံးရေးအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းတယ်။ ပါတီထုတ်ခံရတဲ့သူတွေက အကုန်လုံးပြန်ပြီးတော့ ပါတီဝင်အဖြစ် ကျနော်ရောက်လာခဲ့တယ်။ ဧပြီ (၁) ရက်နေ့ (၂) နာရီမှာ ဒီဘက်ကိုရောက်ရှိလာခဲ့တယ်။ အခု လက်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှာ Standing Committee ကော်မတီဝင်တယောက်အနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လ NCUB အဌမအကြိမ်အစည်းအဝေးမှာတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရဲ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးတော့ NCUB မှာ တွဲဘက်အတွင်းရေးမှူး (၄) အနေနဲ့ လက်ရှိတာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ NCUB မှာတော့ သတင်းပြန်ကြားရေး၊ အလုပ်သမား၊ လယ်သမားရေးရာမှာ တာဝန်ယူဆောင်ရွက်ပါတယ်။

*မေး။ ။ ပြီးခဲ့တဲ့လက ကမ္ဘောဒီယားမှာ အစည်းအဝေးသွားတက်ခဲ့တဲ့အတွေ့အကြုံကို ပြောပြပေးပါခင်ဗျာ။*

အဖြေ ။ ။ ဩဂုတ်လ (၂၃) ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံမှာကျင်းပတဲ့ (AIPMC) အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ (၂၄) ရက်နေ့မှာ ကမ္ဘောဒီးရားကိုရောက်တယ်။ (၂၅) ရက်နေ့က မ္ဘောဒီးယားနိုင်ငံမှာရှိတဲ့ NGO အဖွဲ့ (၇) ဖွဲ့ မနက် (၁၀) နာရီကနေပြီးတော့ (၁၂) နာရီအထိ အပြန်အလှန်ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေတွေကို သူတို့မေးတယ်။ နောက် သူတို့ရဲ့ အစီအစဉ်တွေကို သူတို့ကမ္ဘောဒီးယားနိုင်ငံမှာ NGO တွေရဲ့အား ဘယ်လောက်ကောင်းတယ်ဆိုတာကို သူတို့ရှင်းပြတယ်။ NGO တွေအနေနဲ့ အစိုးရနဲ့ NGO တွေကြားမှာလည်း ဆက်သွယ်မှုကောင်းတယ်ဆိုတာတွေကို သူတို့ရှင်းပြတယ်၊ ရှင်းပြပြီးတော့ ကျနော်တို့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့အနေအထားတွေကို သူတို့မေးပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်တာတွေကတော့ လက်ရှိဗမာနိုင်ငံမှာရှိနေတဲ့ Civil

[redacted]

[redacted]

Society လူမှုအဖွဲ့အစည်းတွေရဲ့ အနေအထားနဲ့ လုပ်ရှားမှုစွမ်းအားတွေဘယ်လိုရှိသလဲ။ နောက် HIV၊AIDS နဲ့ တခြားရောဂါတွေရဲ့အခြေအနေ နောက် မူးယစ်ဆေးဝါးစီးဆင်းမှု၊ ဗမာနိုင်ငံရဲ့ဒုက္ခသည်တွေ အိန္ဒိယ၊ ယိုးဒယားနဲ့ဘင်္ဂလားဒေ့ရှ်မှာရောက်နေတဲ့ဒုက္ခသည်တွေရဲ့အနေအထား၊ နောက် လက်ရှိမြန်မာနိုင်ငံမှာရေးဆွဲနေတဲ့ Constitution အခြေအနေ၊ နောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒါတွေနဲ့ပတ်သက်ပြီးတော့ သူတို့မေးတယ်။ မြန်မာ့ဆိုင်ရာ ကမ္ဘောဒီးယားပါလီမန်အမတ်များအဖွဲ့ရဲ့ ဥက္ကဋ္ဌ မစ္စတာ ဆွန်ချိုင်း၊ နောက် အေအိုင်ပီအမ်စီရဲ့ ဥက္ကဋ္ဌ မစ္စတာအီဘာဟင်မလေးရှားက မိန့်ခွန်းပြောတယ်။ NCGUB ကဝန်ကြီး ဒေါက်တာ စန်းအောင် မိန့်ခွန်းပြောတယ်။ အဲဒီမှာ နယူးဇီလန်ဝန်ကြီးချုပ်ကနေပြီးတော့ ဒီအစည်းအဝေးကိုပေးပို့တဲ့ သဝဏ်လွှာကို အေအိုင်ပီအစီရဲ့ အတွင်းရေးမှူးက ဖတ်ကြားသွားခဲ့ပါတယ်။ အဲဒီမှာ ကမ္ဘောဒီယားနိုင်ငံရဲ့ ပါတီ (၃) ကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၆) ဦးကနေပြီးတော့မှ မြန်မာဆိုင်ရာ ကမ္ဘောဒီယားပါလီမန်များအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီကမ္ဘောဒီယားဟာ အာဆီယံနိုင်ငံထဲမှာ (၆) နိုင်ငံမြောက်ဖွဲ့စည်းခြင်းဖြစ်ပြီးတော့ သူရဲ့ဖွဲ့စည်းမှုအင်အားဟာ ပြီးခဲ့တဲ့နိုင်ငံများမှာ သူက လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံးဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ သူရဲ့အားကပိုပြီးတော့ ထောက်ခံမှုအပေါ်မှာ ဗမာနိုင်ငံအပေါ်မှာပိုပြီးတော့ အားရစရာကောင်းတယ်၊ နောက်တခု သူတို့က (၄) နာရီ (၄၅) မိနစ်မှာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်စန်ကနေပြီးတော့ ကျနော်တို့ အေအိုင်ပီအမ်စီအလုပ် အမှုဆောင်အဖွဲ့ရယ်၊ ကျနော်တို့ကိုယ်စားလှယ်အဖွဲ့က ဒေါ်စန်းစန်းနဲ့ ဒေါက်တာစန်းအောင်တို့အပါအဝင် အဲဒီမှာ ဝန်ကြီးချုပ် ဟွန်စန်နဲ့သွားတွေ့တယ်။ ဝန်ကြီးချုပ်က (၂) နာရီလောက်ဆွေးနွေးတယ် ပြီးမှ (၂) နာရီလောက် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

မေး ॥ ॥ လက်ရှိ မြန်မာပြည်နိုင်ငံရေး အခြေအနေအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။

အဖြေ ॥ ॥ ဗမာပြည် ဒီမိုကရေစီမြင်ကွင်းအပေါ်မှာ ဘယ်လိုမြင်သလဲဆိုရင်တော့ လက်ရှိနဝတကတော့ သူတို့ပြောထားတဲ့ Roadmap (၇) ချက်အတိုင်း သူတို့သွားမှာဘဲ။ ဟိုတလောက ဖိလစ်ပိုင်မှာ မြန်မာသံအမတ်ပြောသွားတာက ဒီဇင်ဘာမှာ သူတို့ဖွဲ့စည်းပုံပြီးမယ်။ ဒါပေမယ့် ကျန်တဲ့ (၆) ဆင့်က ဘယ်အချိန်မှာပြီးမလဲဆိုတာကို သူအတိအကျပြောသွားနိုင်ခြင်းမရှိပါဘူး။ အဲဒီမှာ သုံးသပ်လို့ရတာကတော့ နဝတဟာ အဲဒီမှာလဲပဲ အချိန်ပေးပါဦး။ အချိန်လိုတယ်လို့ ပြောသွားတာ သူပြောနေကျအတိုင်း သူက အချိန်ပဲ စကတည်းက ညီလာခံ (၉၃) လုပ်တည်းက အချိန်လိုအပ်တယ်။ အချိန်လိုအပ်တယ်နဲ့ အခု (၉၃) ကနေပြီး (၂၀၀၆) ရောက်လာပြီ။ အဲဒီတော့ ညီလာခံတခုကို အဲဒီလောက် ကြာကြာကြီးလုပ်တယ်ဆိုတာဟာ ဘယ်နိုင်ငံမှလဲမရှိဘူး။ ဒါကို တမင်အကြောင်းပြပြီးတော့ အချိန်ဆွဲနေတာပဲဖြစ်တယ်။

*မေး ॥ ॥ ပြီးခဲ့တဲ့နှစ်ပတ်လည်ညီလာခံမှာ အဲန်စီယူဘီက လူထုလှုပ်ရှားမှုအရေးကြီးတယ်ဆိုပြီး လက်ငင်းလုပ်ဆောင်စရာကိစ္စအဖြစ် ဆုံးဖြတ်ခဲ့တယ်လို့သိရပါတယ်။ အဲန်စီယူဘီရဲ့ တွဲဘက်အတွင်းရေးမှူးတယောက်အနေနဲ့ အဲ့ဒီအကြောင်း ပြောပြနိုင်မလားခင်ဗျ။*

အဖြေ ॥ ॥ (၂၀၀၆) ဟာ ကျနော်တို့နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ကတော့ အင်မတန်အရေးကြီးဆုံးကာလလို့ ကျနော်တို့ယူဆထားတယ်။ အဲဒါကြောင့်မလို့ ကျနော်တို့လုပ်ရမဲ့အလုပ်က တဖက်မှာ အပြည်ပြည်ဆိုင်ရာမှာ မြန်မာနိုင်ငံအပေါ် ဖိအားတွေပိုမိုများလာပြီးတော့၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကနေပြီးတော့ ချည်နှောင်မှုအားရှိတဲ့ဆုံးဖြတ်ချက်တခု ချမှတ်နိုင်ဖို့ကို ကြိုးစားသွားရမယ်။ ဒီတိုင်းပဲ NCUB နဲ့ MPU က ကြိုးပမ်းသလို ဒီဘက်က အဖွဲ့အစည်းတွေကလည်း ကြိုးပမ်းဆောင်ရွက်နေတယ်။ တပိုင်းကလည်းပဲ ပြည်တွင်းက အဓိကကျတယ်။ ပြည်တွင်း အဓိကကျတဲ့အတွက် ပြည်တွင်းမှာရှိတဲ့ လူထုလှုပ်ရှားမှုဒါဟာ အကောင်အထည်ပေါ်လာဖို့အတွက်ကို ကျနော်တို့ ပြည်ပကနေပြီးတော့မှ တတ်နိုင်သလောက် ပံ့ပိုးကူညီသွားမယ်။ ပြည်သူလူထုအားနှင့်သာလျှင် နဝတအစိုးရကို ဖြုတ်ချနိုင်မဲ့နည်းလမ်းရှိတယ်။

မေး ॥ ॥ ဘာများထပ်ပြီး ဖြည့်ပြောချင်ပါသလဲခင်ဗျ။

အဖြေ ॥ ॥ လက်ရှိအနေအထားမှာ နဝတဟာ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်ကိုတက်မလာဘူးဆိုရင် ကျနော်တို့ (၁၉၉၆) ဒေါ်အောင်ဆန်းစုကြည် လွတ်လာကာစက သတင်းစာရှင်းလင်းပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ပြောကြားသလိုပဲ နဝတဟာ တိုင်းပြည်ကောင်းစားဖို့အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကို လိုက်မလား။ ဒါမှမဟုတ်ရင်လဲ တိုင်းပြည် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကို လိုက်မလား။ ဒီနှစ်လမ်းပဲ။ နဝတရွေးဖို့က သူတို့ရဲ့စေတနာနဲ့ သူတို့ရဲ့လုပ်ရပ်တွေအပေါ်မှာ သိသာထင်ရှားနေပါတယ်။ အဲတော့ နဝတက ဒီနေ့ ကျနော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒေါ်အောင်ဆန်းစုကြည်မျှော်မှန်းထားတဲ့ ဒိုင်ယာလော့လမ်းကြောင်းပေါ်မတက်ဘဲနဲ့ တိုင်းပြည်ရဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကိုသွားနေတယ်ဆိုတာ ထင်ထင်ရှားရှားမြင်တွေ့နေရပါတယ်။❖

# အတုအယောင်ညောင်နှစ်ပင်ညီလာခံ အောက်တိုဘာတွင်တကျော့ပြန်စမည်

ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အဲန်အယ်လ်ဒီပါတီတို့ တက်ရောက်ခြင်းမရှိသော ညောင်နှစ်ပင်ညီလာခံကို အောက်တိုဘာလတွင် အစောဆုံးပြန်လည်စတင်မည်ဖြစ်ကြောင်း ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းစိန်က ယခုလ (၂) ရက်နေ့က ပြောဆိုသည်။

ညီလာခံတွင်ရေးဆွဲနေသော မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လျဉ်း၍ အသေးစိတ်အချက်အလက်အတော်များများကိုလည်း သဘောတူထားကြပြီးဖြစ်ကြောင်း နအဖသံအမတ်ကြီးက ဦးသောင်းထွန်းက ဩဂုတ်လအတွင်း ဖိလစ်ပိုင်နိုင်ငံတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

စစ်တပ်၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ၎င်းက စစ်တပ်သည် တိုင်းပြည်၏ဖွဲ့စည်းပုံတွင်အရေးကြီးသည့် အခန်းကဏ္ဍကို ရယူ

**စစ်တပ်သည် တိုင်းပြည်၏ဖွဲ့စည်းပုံ တွင်အရေးကြီးသည့်အခန်းကဏ္ဍကို ရယူမည်ဖြစ်ပြီး ပါလီမန်အမတ်နေရာများကိုလည်း ရာခိုင်နှုန်းအရ စစ်တပ်အတွက် သတ်မှတ်ထားမည်**

(၇၅) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း နအဖက ကြေညာထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အခြေခံမူများကို အများသဘောတူပြီးဖြစ်ကြောင်း၊ သမတစနစ်တရပ်ထားရန်လည်း သဘောတူကြပြီးဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်ထားသည့်စနစ်ကိုကျင့်သုံး၍ တိုင်းနှင့်ပြည်နယ်များတွင် ပါလီမန်များဖွဲ့စည်းထားမည်ဖြစ်ကြောင်း၊ အာဏာခွဲဝေရေးနှင့်စပ်မည်ဖြစ်ပြီး ပါလီမန်အမတ်နေရာများကိုလည်း ရာခိုင်နှုန်းအရ စစ်တပ်အတွက် သတ်မှတ်ထားမည်ဖြစ်ကြောင်း ပြောဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က အမျိုးသားညီလာခံသည် အစိုးရအဖွဲ့အတွင်း စစ်တပ်၏ဦးဆောင်မှုကိုဆက်ပြီးရယူရန် ဟန်ပြကျင်းပခြင်းသာဖြစ်ကြောင်း ပြောဆိုထားသည်။

❖

[redacted]

မဟာ (၇) က ကေအဲန်ယူဗဟို၏ အမိန့်ကို မနာခံကြောင်း ကြေညာချက်ထုတ်ပြန်အပြီး နောက်တနေ့တွင် ပဒိုမန်းရှာက "တဖက်က ကျနော်တို့ကို အပြင်းအထန်စစ်ဆင်တယ်။ လူထုကိုဝင်ပြီးတော့ သတ်ဖြတ်နေတယ်။ တဖက်ကလည်း ကျနော်တို့အဖွဲ့အစည်းကို ဝင်ပြီးတော့ဖြိုခွဲနေတယ်။ ဒါက နအဖဘက်ကလာတာ"ဟု ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

ကရင်ခေါင်းဆောင်များအကြားတွင် ယာယီအားဖြင့် သဘောကွဲလွဲမှုများဖြစ်ပေါ်ခဲ့သော်လည်း ကရင့်တော်လှန်ရေးအပေါ် ယုံကြည်ချက်နှင့် ကရင်အမျိုးသားသွေးစည်းရေးအပေါ် အလေးအနက်ထားခဲ့သဖြင့် ယခုကဲ့သို့ ပြန်လည်ညီညွတ်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ခေါင်းဆောင်တဦးဖြစ်သူ ကိုထွန်းအောင်ကျော်က ပြောသည်။

"အဓိကတော့ စောဘဦးကြီးရဲ့ မူလေးချက်အပေါ်မှာ ကရင်ခေါင်းဆောင်တွေ ခိုင်ခိုင်မာမာရပ်တည်တာပဲ။ နောက်တခုက ကေအဲန်ယူဟာ တော်လှန်ရေး အတွေ့အကြုံကြီးမားတဲ့အဖွဲ့အစည်းဖြစ်တာကြောင့် ဖြစ်တယ်။ ရန်သူမဆလ၊ အိမ်စောင့်အစိုးရလက်ထက်နဲ့ တော်လှန်ရေးကောင်စီလက်ထက်တွေမှာလည်း တွေ့ဆုံဆွေးနွေးရေးလို့ပြောပြီး ကေအဲန်ယူကိုဖြိုခွဲခဲ့တာတွေရှိတယ်။ အတိတ်ရဲ့ အတွေ့အကြုံကရတဲ့သင်ခန်းစာကြောင့် အခု ပြဿနာကိုဖြေရှင်းနိုင်ခဲ့တာဖြစ်တယ်။ အမှန်က ကရင်ကံကြမ္မာဆိုတာ အခြားတိုင်းရင်းသားတွေရဲ့ ကံကြမ္မာဖြစ်သလို မြန်မာပြည်ရဲ့ကံကြမ္မာလည်း ဖြစ်တယ်"ဟု ကိုထွန်းအောင်ကျော်က ပြောသည်။

ခေါင်းဆောင်များဆွေးနွေးပွဲမတိုင်ခင်ကတည်းက တပ်မဟာ (၇) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နာဒါမြက စောဘဦးကြီး၏ မူလေးချက်အပေါ်တွင် တော်လှန်ရေးဆက်လုပ်မည်ဖြစ်ကြောင်း၊ ကရင်အမျိုးသားသွေးစည်းရေးကို အလေးထားကြောင်းပြောကြားခဲ့သည်။

ဗိုလ်မှူးကြီးက "ကရင်ညီညွတ်မှုအတွက်ကတော့ ကျနော်တို့လိုလားပါတယ်။ ပြီးတော့ ညီညွတ်မှုရှိအောင် ကျနော်တို့ ဝိုင်းကြိုးစားပါတယ်"ဟု ပြောကြားခဲ့သည်။

အလားတူ ပဒိုမန်းရှာကလည်း "ကျနော်တို့ ကရင်အမျိုးသားတွေရဲ့စည်းလုံးညီညွတ်မှုကိုဖြိုခွဲတဲ့ကိစ္စမှန်သမျှကို ကျနော်တို့တော်လှန်ရေးအဖွဲ့အစည်းကို ဖြိုခွဲတဲ့ကိစ္စမှန်သမျှကို၊ ကရင်အမျိုးသားအစည်းအရုံးကို စည်းလုံးမှုပျက်ပြားစေတဲ့ကိစ္စမှန်သမျှကို လုံးဝလက်မခံဘူး"ဟု ဆိုသည်။

ကေအဲန်ယူဗဟိုနှင့် တပ်မဟာ (၇) တို့အကြား နားလည်မှုပြန်လည်တည်ဆောက်ရေးဆွေးနွေးပွဲသို့တက်ရောက်ခဲ့သော တပ်မဟာ (၇) နယ်မြေ၊ ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုအားတိုးက "အမှန်က ကျနော်တို့ ဘာမှမဖြစ်ဘူး။ တပ်မဟာ (၇) အနေနဲ့က ကေအဲန်ယူမူလမ်းစဉ်ပေါ်မှာ မားမားရပ်တည်နေတယ်။ အမှန်က အဲဒီဖြစ်တဲ့ကိစ္စက ဘာမှမဟုတ်ပါဘူး။ ကျနော်တို့မတွေ့ကြလို့သာ။ တွေ့ကြရင် အားလုံးပြေလည်မှာပါ "ဟု ပြောကြားခဲ့သည်။❖

# ဝမ်းနည်းကြောင်းသဝဏ်လွှာ



ပြီးခဲ့သော ဩဂုတ်လကုန် (၃၁၊ ၈၊ ၂၀၀၆) ရက်နေ့ နံနက် (၂) နာရီတွင် ကေအဲန်အယ်လ်အေထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ကြပ်ကြီးနိုင်ဦး (ခ) ကိုမောင်ငယ်သည် အသေးစား လူစီးယာဉ်ချင်းတိုက်ခိုက်သည့် ဒဏ်ရာဖြင့် မဲဆောက်ဆေးရုံ၌ ကျဆုံးကွယ်လွန်သွားသည်။

တပ်ကြပ်ကြီးနိုင်ဦး (ခ) မောင်ငယ် (န/၈ ၂၇၂၄၄) သည် (၁၉၆၉) ခုနှစ် ဇွန်လ (၁၆) ရက်တွင် ရန်ကုန်အင်းစိန်နေ ဦးလှကြွေ၊ ဒေါ်ခင်လှတို့မှဖွားမြင်ခဲ့သော သားဖြစ်သည်။ မွေးချင်း (၇) ယောက်တွင် တတိယမြောက်ဖြစ်ပြီး အင်းစိန် အထကတွင် သတ္တမတန်းအထိ သင်ကြားခဲ့သည်။ အသက် (၁၅) နှစ်အရွယ် (၁၉၈၄) ခုနှစ်တွင် ကရင့်တော်လှန်ရေးထဲသို့ ဝင်ရောက်လာခဲ့သူဖြစ်သည်။ အသက်ငယ်ရွယ်သေးသော မောင်ငယ်အား ကေအဲန်အယ်လ်အေတပ်မှ စီစဉ်မှုဖြင့် (၁၉၈၅–၁၉၈၆) နှစ်များတွင် ဖလူးအထက်တန်းကျောင်း၌ စစ်ကျောင်းသားအဖြစ် ပညာဆက်လက်သင်ယူစေခဲ့သည်။ အဋ္ဌမတန်းအောင်မြင်ပြီးနောက်၊ (၁၉၈၇) ခုတွင် ဖလူးကော်သူးလေအထက်တန်းကျောင်းပြောင်းရွှေ့ရသောကြောင့် ပညာဆက်လက်မသင်ဖြစ်တော့ဘဲ၊ ကေအဲန်အယ်လ်အေ အမှတ် (၆) တပ်မဟာ၊ တပ်ရင်း (၁၆) တွင် သာမန်တပ်သားအဆင့်မှစ၍ ဝင်ရောက်ခဲ့သည်။ ဒု–တပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီးတာဝန်များကို အဆင့်ဆင့်ထမ်းဆောင်ခဲ့ရသည်။ နောက်ပိုင်းတွင် ရာထူးအဆင့်ကို အဓိကမထားဘဲ (၁၉၉၆) ခုနှစ်တွင် တပ်မဟာထောက်လှမ်းရေးဌာန၊ ဌာနခွဲ၏ လက်ထောက်ဌာနခွဲမှူး၊ ၂၀၀၂ ခုနှစ်တွင် တပ်မဟာထောက်လှမ်းရေးဌာနခွဲ၏ဌာနခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကွယ်လွန်ချိန်တွင် အသက် (၃၈) နှစ်ရှိပြီဖြစ်သည်။

စိတ်ရင်းသဘောရိုးဖြောင့်ပြီး၊ တပါးသူအပေါ် ကူညီလိုစိတ်ရှိသူ၊ လူချစ်လူခင်ပေါများသူ၊ တော်လှန်ရေးမှ ပေးအပ်သောတာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်တတ်သူ၊ တပ်ကြပ်ကြီး နိုင်ဦး (ခေါ်) မောင်ငယ်ကျဆုံးကွယ်လွန်ခြင်းအတွက် (မိုးကြိုးသတင်းစဉ်) မှ ကျန်ရစ်သူမိသားစုများ၊ ကေအဲန်အယ်လ်အေ တပ်မဟာ (၆) နှင့်၊ ဒီမိုကရေစီရေးကြိုးပမ်းဆောင်ရွက်နေသော လုပ်ဖော်ကိုင်ဖက်ပါတီအဖွဲ့အစည်းများအားလုံးနှင့် ထပ်တူဝမ်းနည်းကြေကွဲပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

❖

# အကျဉ်းသားများကို နအဖစစ်တပ်ကချွေးတပ်ဆွဲ ခေတ်သစ်ကျွန်ပြုစနစ်ကိုမြန်မာနိုင်ငံ၌ရှိနေဆဲ

မြန်မာနိုင်ငံ၌ ခေတ်သစ်ကျွန်စနစ်ရှိနေဆဲဖြစ်သည်ဟု ဩဂုတ်လ (၃) ရက်နေ့တွင်ကျရောက်သည့် နိုင်ငံတကာကျွန်ရောင်းဝယ်မှုနှင့် ယင်းစနစ်ဖျက်သိမ်းခြင်း အမှတ်တရနေ့အထိမ်းအမှတ် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ထုတ်ပြန်ချက်တွင်ဖော်ပြလိုက်သည်။

ထုတ်ပြန်ချက်တွင် ရာစု (၂) ခုကျော်ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာပြုစုရာတွင်ပါဝင်သူ (KHRG) မှ သုတေသီစတီဖန်ဟောက မြန်မာနိုင်ငံ၌ အကျဉ်းသားပေါ်တာများကို ကျွန်သဖွယ် အသုံးပြုနေမှုကို ကမ္ဘာ့ပြည်သူများသိစေရန် အစီရင်ခံစာထုတ်ရခြင်းဖြစ်သည် ဟုပြောကြားသည်။

၎င်းက “သူတို့ကို တိရစ္ဆာန်လိုဆက်ဆံ

အများစုဟာ တကယ့်ရာဇဝတ်သားတွေ မဟုတ်ပါဘူး။ တချို့က ပြစ်မှုအသေးအမွှားတွေကြောင့် ထောင်ကျလာကြတာ” ဟု ပြောသည်။

အဓမ္မလုပ်အားပေးခိုင်းစေသည်ဆိုသည့် နိုင်ငံတကာ၏ဝေဖန်မှုများကို ရှောင်ရှားလိုသဖြင့် ရွာသားများကိုပေါ်တာအဖြစ် အသုံးပြုမည့်အစား အကျဉ်းသားများကို ပေါ်တာ

> ❑
>
> “သူတို့ကို တိရစ္ဆာန်လိုဆက်ဆံနေတာ၊ ရိုက်နှက်သတ်ဖြတ်နေတာပါ။ ကမ္ဘာမှာကျွန်လိုခိုင်းစေမှုတွေ အချိန်အကြာကြီး ကတည်းက ပပျောက်သွားပြီလို့ထင်နေကြတာ၊ မဟုတ်ဘူး ခုချိန်အထိရှိနေတုန်းပဲ ဆိုတာ သိစေချင်တာပါ”
>
> “ ဒီလူတွေဟာ အကျဉ်းသား တွေ၊ ဒါ့ကြောင့် သူတို့ဟာ အကျဉ်းသား ပေါ်တာဖြစ်ရတာလို့ လူတွေထင်ကြတယ်။ အများစုဟာ တကယ့် ရာဇဝတ်သားတွေ မဟုတ်ပါဘူး။ တချို့က ပြစ်မှုအသေးအမွှားတွေကြောင့် ထောင်ကျလာကြတာ”
>
> ❑

သည်အထိ ကမ္ဘာပေါ်တွင် ကျွန်စနစ်ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အကျဉ်းသားပေါ်တာများသည် နအဖစစ်တပ်အတွက် အခကြေးငွေမပေးဘဲ ခိုင်း၍ရသည့် အလုပ်သမားများအဖြစ် အချိန်အတော်ကြာကပင်ရှိနေပြီး ၎င်းတို့ကို ဝန်တင်တိရစ္ဆာန်များကဲ့သို့ အမြဲတမ်းရိုက်နှက်ပြီး အသုံးမဝင်ပါက ချက်ချင်းသတ်ဖြတ်ခြင်းကို ကျူးလွန်နေသည်ဟု (KHRG) က ဆိုသည်။

ယင်းအဖွဲ့သည် ကရင်ပြည်နယ်မြောက်ပိုင်း၌ နအဖစစ်တပ်၏စစ်ဆင်ရေးများတွင် အဓမ္မလုပ်အားပေးခိုင်းစေခံခဲ့ရသည့် အကျဉ်းသားပေါ်တာ (၂၅) ဦး၏ ထွက်ဆိုချက်များကို အခြေခံထားသည့် Less Than Humanh အစီရင်ခံစာကိုလည်း ယမန်နေ့က

နေတာ၊ ရိုက်နှက်သတ်ဖြတ်နေတာပါ။ ကမ္ဘာမှာကျွန်လိုခိုင်းစေမှုတွေ အချိန်အကြာကြီးကတည်းက ပပျောက်သွားပြီလို့ထင်နေကြတာ၊ မဟုတ်ဘူး ခုချိန်အထိရှိနေတုန်းပဲဆိုတာသိစေချင်တာပါ”ဟု ပြောသည်။

အကျဉ်းသားပေါ်တာများကို နှိပ်စက်ခိုင်းစေမှုများသည် ကရင်ပြည်နယ်၌သာမက မြန်မာနိုင်ငံအနှံ့ဖြစ်ပွားနေသဖြင့် အလွန်စိုးရိမ်ဖွယ်အခြေအနေဖြစ်သော်လည်း အကျဉ်းသားပေါ်တာများအပေါ် လူအများက အာရုံစိုက်မှုအနည်းငယ်သာရှိသည်ဟု (KHRG) အကြံပေး စောကယ်လ်ဗင်ကပြောသည်။

၎င်းက “ ဒီလူတွေဟာ အကျဉ်းသားတွေ၊ ဒါ့ကြောင့် သူတို့ဟာ အကျဉ်းသားပေါ်တာဖြစ်ရတာလို့ လူတွေထင်ကြတယ်။

အဖြစ် နအဖစစ်အုပ်စုက အများအပြားသုံးနေကြောင်း၊ အကျဉ်းသားများအား အလုပ်စေခိုင်းမှုသည် ဥပဒေနှင့်အညီ ဆောင်ရွက်သည်ဆိုသော်လည်း ယခုကဲ့သို့ မတရားနှိပ်စက်ညှဉ်းပန်းခိုင်းစေမှုသည် လူ့အခွင့်အရေးကိုအကြီးအကျယ်ချိုးဖောက်ခြင်းသာဖြစ်ကြောင်း စောကယ်လ်ဗင်က ပြောသည်။

အာဖရိကန်လူမည်းများကို လူဖြူများက ကျွန်အဖြစ်ရောင်းဝယ်မှုကို စန်တိုဒိုမင်ဂို (ယခုဟေတီနှင့်ဒိုမီနီကန်) နိုင်ငံတွင် (၁၇၉၁) ခု၌ စတင်ဆန့်ကျင်တော်လှန်သည့်နေ့ကို နိုင်ငံတကာကျွန်ရောင်းဝယ်မှုနှင့် ယင်းစနစ်ပပျောက်ခြင်းအမှတ်တရနေ့အဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) က သတ်မှတ်ထားသည်။❖

# လယ်သမားရှေ့နေတဦးမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသို့ မေတ္တာရပ်ခံပန်ကြားချက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေခင်ဗျား....

ကျနော်ပဲခူးမြို့က ရှေ့နေဦးအေးမြင့်ပါ။ ဗိုလ်ချုပ်မှူးကြီးနှင့် ဗိုလ်ချုပ်မောင်အေးသိစေချင်သောအချက်က ကျနော်တို့ဗမာပြည်ကို စစ်မှန်သောဒီမိုကရေစီနှင့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီဆောင်ရွက်နေပါတယ်လို့ ဗိုလ်ချုပ်မှူးကြီးပြောတဲ့အတွက် ပြည်သူလူထုကယုံစားပြီး မျှော်လင့်ခဲ့တာ (၁၈) နှစ်ရှိပါပြီ။ အဲ့ဒါကြောင့်မို့လို့ ဒီမိုကရေစီနိုင်ငံရောက်တာ မရောက်တာ ဘေးဖယ်ထားပြီးတော့ ဗမာပြည်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ကို လက်ညိုးထိုးရောင်းစာနေတဲ့ အောက်ခြေတပ်ရင်းတပ်ဖွဲ့နဲ့ ကုမ္ပဏီအချို့သည် နွားတွေစားမယ့်စာကျက်ကို ဝင်ပြီးတော့လုစားနေတယ်။ ကုမ္ပဏီအချို့သည် စစ်တပ်နဲ့ပေါင်းပြီးတော့ တောင်ယာတွေ၊ လယ်တွေကိုဝင်လုနေပါတယ်။ မဝတနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးများသည် လယ်များကို မြေလွတ်မြေရိုင်းတိုးတယ် ဆိုပြီးတော့ မသိနားမလည်တဲ့၊ ဖိနပ်မစီးနိုင်တဲ့ လယ်သမားတွေဒုက္ခရောက်နေပါပြီ။ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံမသွားခင် လယ်သမားဘဝတွေကို အောက်ခြေကနှိပ်စက်နေတာကို ဗိုလ်ချုပ်မှူးကြီးသိအောင်လို့၊ မြန်မြန်ဆန်ဆန်ကယ်တင်ပေးပါလို့ ကျနော်မေတ္တာရပ်ခံလိုပါတယ်။ အမှန်တရားကိုတင်ပြတဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဗိုလ်ချုပ်မှူးကြီး မောင်အေးတို့စိတ်ဆိုးတယ်ဆိုလို့ ကျနော့်ကိုဖမ်းရင်လဲ အများပြည်သူအတွက် အမှန်ကိုတင်ပြတဲ့အတွက် အဖမ်းခံပါမယ်လို့ မီဒီယာမှတဆင့်တင်ပြလိုက်ရပါတယ်။

(ဩဂုတ်လ (၂၇) ရက်နေ့ ဒီဗွီဘီသတင်းဌာနမှတဆင့် ဦးအေးမြင့်၏မေတ္တာရပ်ခံချက်ကိုပြန်လည်ဖော်ပြပါသည်။ ဦးအေးမြင့်သည် ပဲခူးမြို့မှရှေ့နေတဦးဖြစ်ပြီး၊ လယ်သမားများ၏နွားစားကျက်မြေ အသိမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ အိုင်အယ်လ်အိုသို့ သတင်းပေးခဲ့ဖြင့် ယမန်နှစ်က ထောင် (၇) လချမှတ်ခံရပြီးနောက် ဇူလိုင်လအတွင်းကမှ ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။)❖

# လယ်သမားကြီးဦးဉာဏ်ထွန်း မတရားထောင်ဒဏ်မှလွတ်ပြီ

ကျေးရွာအာဏာပိုင်များ၏ မတရားမှုကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စာရေးတိုင်ကြားခဲ့သဖြင့် ထောင် (၃) လ ချမှတ်ခံခဲ့ရသောလယ်သမားကြီး ဦးဉာဏ်ထွန်းသည် ပြီးခဲ့သည့်လက ပြန်လည်လွတ်မြောက်လာခဲ့သည်။

အာဏာပိုင်များသည် တောင်သူလယ်သမားများသီးနှံစိုက်ပျိုးရေးလုပ်ငန်းတွင် မြစ်ရေတင်ပေးရမည့်မီးစက်ကို အလှူမင်္ဂလာဆောင်အခမ်းအနားများတွင် အခကြေးယူငှားရန်နေခြင်း၊အိမ်သုံး ဘတ္ထရီအားသွင်းပေးခြင်းဖြင့် ငွေရှာသည့်လုပ်ငန်းများအလွဲသုံးစားပြုလုပ်နေသည်ကိုမကျေနပ်သော ဦးဉာဏ်ထွန်းသည် ယမန်နှစ်မေလက ဗိုလ်သန်းရွှေထံစာရေးတိုင်ကြားခဲ့သည်။

သို့သော် (၇) လအကြာ၊ ယမန်နှစ်နှစ်ကုန်ပိုင်းတွင် သတင်းမမှန်ပေးမှုဖြင့် ဦးဉာဏ်ထွန်းကို တရားစွဲထောင်ချခဲ့သည်။ ဦးဉာဏ်ထွန်းက သာမန်ပြည်သူတဦးအနေဖြင့် အာဏာပိုင်များ၏အကျင့်ပျက်မှုကို ၎င်းတို့အထက်က အမြင့်ဆုံးပုဂ္ဂိုလ်ထံရိုးရိုးသားသား အကြောင်းကြားခြင်းသည် အပြစ်တခုမဟုတ်ကြောင်း တရားရုံးတွင် ပြန်လည်ချေပပြောဆိုခဲ့သည်။

“ကျနော်က ဗိုလ်ချုပ်မှူးကြီးနဲ့ အာဏာပိုင်အဖွဲ့အစည်းထံ ကျနော်ပို့တာဟာ ဖောက်ခွဲရေးသမားတွေလို အကြမ်းဖက်စာပေးတာမဟုတ်ဘူး။ တိုင်းပြည်ဗိုလ်ချုပ်တွေဆီပေးတာ ဘာဖြစ်လဲဗျာလို့ ကျနော်ပြောခဲ့ပါတယ်”ဟု ထောင်မှပြန်လည်လွတ်မြောက်လာပြီးနောက်တွင် တရားခွင်အတွေ့အကြုံကို ဦးဉာဏ်ထွန်းက ပြန်ပြောပြခဲ့သည်။

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က မိမိတို့၏နစ်နာရှုံးဆုံးမှုကို ဥပဒေဘောင်အတွင်းမှ ရဲရဲဝံ့ဝံ့ထုတ်ဖော်ပြောဆိုရဲသောဦးဉာဏ်ထွန်း၏သတ္တိကိုချီးကျူးလိုက်ပြီး ဒီမိုကရေစီလူ့ဘောင်တည်ဆောက်ရာတွင် ဦးဉာဏ်ထွန်းကဲ့သို့သော စံပြပုဂ္ဂိုလ်များပြည်သူထဲမှ များများပေါ်ပေါက်လာရန်လိုအပ်သည်ဟုပြောဆိုသည်။

ဦးဉာဏ်ထွန်း၏ ဥပဒေဘောင်အတွင်းမှ အမှန်အတိုင်းထုတ်ဖော်တင်ပြလုပ်ရပ်သည် ပြည်သူအားလုံး အတုယူသင့်သောလုပ်ရပ်ဖြစ်သလို အာဏာပိုင်များအနေနှင့်လည်း ယင်းလုပ်ရပ်အပေါ်ကြိုဆိုသင့်ကြောင်း (၈၈) ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်ကပြောသည်။

“မစုစုနွေးတို့လို၊ အခု ဦးဉာဏ်ထွန်းတို့လို၊ ပုဂ္ဂိုလ်မျိုးတွေဟာ သာမန်ပြည်သူထဲကနေပေါက်ဖွားလာတာပဲ။ မိမိကိုယ်တိုင် မိမိဒေသမှာရှိတဲ့နစ်နာမှုတွေ မတရားမှုတွေကိုဖော်ထုတ်ပြောနိုင်ဖို့ အခွင့်အလမ်းကို ရှာကြရမယ်။ အဲဒီလို တတိုင်းလုံးတပြည်လုံးက တက်တက်ကြွကြွဝင်ပြီးတော့ ပြောဆိုကြမယ်၊ လုပ်ကိုင်ကြမယ်ဆိုရင် ကျနော်တို့အားလုံးသွားချင်နေတဲ့ တကယ့်ဒီမိုကရေစီနိုင်ငံဆိုတာရောက်မှာပါ။”ဟု မင်းကိုနိုင်ကပြောသည်။❖

# (၈၈) မျိုးဆက်များသည် တိုင်းပြည်တွင် ဆူပူမှုဖြစ်အောင် လှုံ့ဆော်နေသည်ဟူသော စစ်အစိုးရ မြန်မာအလင်း သတင်းစာမှ ရေးသားချက်အပေါ် မင်းကိုနိုင်၏တုန့်ပြန်

“ဒီလိုသံတမန်တွေဆိုတာ နိုင်ငံတကာမှာ သူတို့တွေသင့်တွေ့ထိုက်တဲ့ အဖွဲ့အစည်းတွေနဲ့တွေ့ရတယ်၊ တွေ့သင့်တွေ့ထိုက်တဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့ရပါတယ်။ အဲဒီနိုင်ငံရဲ့ အုပ်ချုပ်တဲ့အစိုးရနဲ့မှ တွေ့ရမယ်လို့တော့ ဘယ်စည်းမျဉ်းမှာမှမရှိပါဘူး။ သူတို့က အတိုက်အခံတွေနဲ့လည်း တွေ့ရင်တွေ့မယ်၊ အာဏာလက်မဲ့သမားတွေနဲ့လည်း တွေ့ရင်တွေ့မယ်၊ အနုပညာသမားတွေနဲ့လည်းတွေ့မယ်၊ ထင်ရှားကျော်ဇောတဲ့လူတွေနဲ့လည်း တွေ့မှာပေါ့။ ဒါ သူတို့အလုပ်ပဲလေ၊ တကမ္ဘာလုံးဒီလိုပဲလုပ်နေကြတာပဲ။ အဲဒါကို ရေးကြီးခွင်ကျယ်သတင်းထဲမှာ ထည့်သွင်းလာတယ်ဆိုတာကတော့ သူတို့အနေနဲ့ နောက်ထပ်တခုခုလုပ်ချင်လို့ ရှေ့ကနေပြီးတော့ စပြီးခင်းတဲ့ ပထမခြေလှမ်းလို့ ကျနော်နားလည်တယ်။”

“သတင်းစာထဲမှာ အစိုးရသတင်းစာအနေနဲ့ အစိုးရအာဘော်အနေနဲ့ထည့်ပြီဆိုတဲ့အခါမျိုးကျတော့ ၈၈ လို ကိစ္စမျိုးကိုပဲကြည့်ပါ။ ၈၈ က ကျနော်တို့က ပြည်သူတရပ်လုံးက ဒီမိုကရေစီကိုတောင်းတာ၊ အဲဒီတော့ အစိုးရဟာ အဲဒီအချိန်မှာ တပါတီအာဏာရှင်၊ အာဏာရှင်တို့ မည်သည့် ဒီမိုကရေစီကို အသံကိုမကြားချင်ဘူး၊ ဒီမိုကရေစီတောင်းတာနဲ့ သူတို့နားထဲမှာ ဆူတယ်ပူတယ်ဆိုပြီးတော့ဖြစ်တာပဲ။ ဒါနဲ့ ဆူပူမှုလို့ပြောတာပေါ့ဗျ။

“တကယ်တော့ ပြည်သူတွေကတော့ ကျွန်လိုမနေချင်ဘူးလေဗျာ၊ သခင်လိုနေချင်တော့ ဒီမိုကရေစီကိုတောင်းတာပေါ့ဗျ။ အစိုးရကို ကိုယ်တိုင်ရွေးမယ်၊ ကိုယ်တိုင်ခန့်မယ်၊ ဒီအစိုးရက မဟုတ်တာလုပ်ရင် ကိုယ်တိုင်ပြန်ဖြုတ်ချမယ်၊ အဲဒါ ပြည်သူတွေရဲ့ အခွင့်အရေး၊ မူလအခွင့်အရေး၊ အဲဒီအခွင့်အရေးကိုပြောတာ၊ အဲဒါ သခင်အခွင့်အရေးပဲ။

အဲဒါကို တောင်းဆိုတဲ့ကိစ္စကိုတော့ အဲဒီအာဏာကိုကိုင်စွဲထားတဲ့လူတွေက အာဏာရှင်စိတ်ဓာတ်မျိုးရှိနေမယ်ဆိုရင်တော့ သူတို့က ဆူပူတယ်လို့ နားလည်မှာပဲ။ အဲဒါက တကယ်တော့ ပြည်သူ့သဘောထားဆန္ဒကို ဖော်ထုတ်တာပဲဗျ။ အဲဒါ တပြည်လုံးက ရဟန်းရှင်လူ ပြည်သူတွေက တခဲနက် တောင်းဆိုတဲ့အတွက် ဒီမိုကရေစီရွေးကောက်ပွဲတွေလုပ်ပေးပါ့မယ်ဆိုတဲ့ ကတိကိုပေးပြီးတော့ တပ်က အာဏာသိမ်းရတာ။ တကယ်လို့သာ ပြည်သူလူထုတရပ်လုံး တောင်းတာမဟုတ်ဘူး၊ ဒါဟာ ဆူပူမှုသာလျှင်ဖြစ်တယ်ဆိုရင် အဲဒီတုန်းက အဲဒီ ကတိမျိုးမပေးဘဲနဲ့ သိမ်းကြည့်ပါလား၊ ကျနော်မေးကြည့်ချင်တယ် အဲဒီအခြေအနေမျိုးကို ပြန်ပြီးတော့။”

❖

# သဘောထားမကြီးနိုင်ခြင်းသည် နအဖ၏ အားနည်းချက် အပစ်အခတ်ရပ်ထားသောမွန်ပြည်သစ်ပါတီပြောဆို



ငြိမ်းချမ်းရေးယူထားသည့် တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များနှင့် နအဖစစ်အုပ်စုတို့အား နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးရေးနှင့် မဖြေရှင်းနိုင်သေးသည်ကို အလေးအနက်သုံးသပ်ရန် (၅၉) နှစ်မြောက် မွန်တော်လှန်ရေးနေ့တွင် မွန်ပြည်သစ်ပါတီမှ တိုက်တွန်းပြောကြားလိုက်သည်။

မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးယူခဲ့ခြင်းမှာ ပြည်သူလူထုကောင်းစားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သော်လည်း မျှော်မှန်းထားသကဲ့သို့ဖြစ်မလာသေးကြောင်း၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးအတွက်လည်းကောင်း၊ လူထုအတွက်လည်းကောင်း ဘာမဆိုလုပ်ပေးရန် မွန်ပြည်သစ်ပါတီအနေနှင့် အဆင်သင့်ရှိနေကြောင်းတို့ကိုလည်း မွန်ပြည်သစ်ပါတီ၏ နိုင်ငံခြားဆက်ဆံရေးရုံးမှ နိုင်အောင်မငေးက ပြောသည်။

၎င်းကပင်ဆက်၍ အပစ်အခတ်ရပ်ခဲ့သည့်နောက်ပိုင်း မွန်ပြည်သစ်ပါတီအနေနှင့် မွန်လူထုကြားတွင် ပါတီ၏သဘောထားအမြင်များကို ချပြနိုင်ခဲ့သည့်အတွက် တိုးတက်မှုများရှိခဲ့သော်လည်း နအဖတပ်များက မွန်ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ လယ်ယာမြေများကိုသိမ်းယူခြင်းနှင့် နအဖစစ်တပ်အင်အားတိုးချဲ့မှုများရှိနေသည်ဟုဆိုသည်။ ငြိမ်းချမ်းရေးကိုလိုချင်လျှင် နအဖအနေနှင့် ဤသို့မလုပ်သင့်ကြောင်းကို နိုင်အောင်မငေးက ဆက်လက်ပြောကြားသွားသည်။

"ကျနော်တို့ဘက်က အားနည်းချက်မရှိဘူး။ နိုင်ငံတော်ကပဲ ကျနော်တို့အပေါ်မှာ စေတနာတွေ၊ သဘောထားကြီးမှုတွေ မထားနိုင်တာက သူတို့ရဲ့အားနည်းချက်ပါ" ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။

မွန်ပြည်သစ်ပါတီက နအဖနှင့် ငြိမ်းချမ်းရေးယူထားသည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်ပြီးယမန်နှစ်က ပြန်လည်ခေါ်ယူခဲ့သောညောင်နှစ်ပင်ညီလာခံကို တက်ရောက်ခြင်းမရှိခဲ့ပေ။

ဩဂုတ်လ (၈) ရက်နေ့တွင် ကျရောက်သော (၅၉) နှစ်မြောက် မွန်တော်လှန်ရေးနေ့တွင် ကနေဒါ၊ အမေရိကန်၊ ဩစတေးလျနှင့် ထိုင်းနိုင်ငံများတွင် ရောက်နေကြသည့် မွန်အရေးလှုပ်ရှားသူများကလည်း ပူးတွဲကြေညာချက်တစောင်ထုတ်ပြန်ခဲ့ကြသည်။

ယင်းကြေညာချက်တွင် အဖမ်းအဆီးခံနေရသည့် မွန်နိုင်ငံရေးခေါင်းဆောင်များ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦးတို့အား ပြန်လွှတ်ပေးရန်၊ မွန်ပြည်နယ်အတွင်း နအဖစစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်ဆိုင်းပေးရန်နှင့် သုံးပွင့်ဆိုင်ဆွေးနွေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်တို့ကို တောင်းဆိုခဲ့ကြသည်။

အမေရိကန်နိုင်ငံအခြေစိုက် မွန်ပြည်နယ်ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ပုညမွန်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူပြီးနောက်ပိုင်းတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းလိုသော်လည်း နအဖစစ်အုပ်စုက လုံးဝစိတ်ဝင်စားမှုမရှိကြောင်း၊ အချိန်ဆွဲနေကြောင်းပြောသည်။

မွန်တော်လှန်ရေးနေ့တွင် မွန်လူထုအားလုံးကို မွန်နိုင်ငံရေးပါတီ၏နောက်မှ ခိုင်ခိုင်မာမာရပ်တည်သွားရန်နှင့် နိုင်ငံရေးပါတီများမှလည်း မွန်ပြည်သူလူထုကို ထိထိရောက်ရောက်ဦးဆောင်မှုပေးသွားရန် ပြောလိုကြောင်းပြောကြားသွားသည်။

ပြည်ပရောက် မွန်လူမျိုးဦးရေမှာ ထိုင်းမွန်များအပါအဝင်ဆိုလျှင် ခြောက်သိန်းမျှရှိကြောင်းသိရသည်။

❖

# မဲဆောက်မြို့စွန် အမှိုက်ပုံအနီးက မြန်မာ ကလေးများစာသင်ကျောင်းသို့ စေတနာရှင်များငွေလှူဒါန်း

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှမြန်မာတိုင်းရင်းသားအလုပ်သမားများ၊ ဘန်ကောက်မြို့တွင် ကျောင်းတက်နေကြသူ မြန်မာလူငယ်များ၊ စေတနာရှင်ထိုင်းနိုင်ငံသား စက်ရုံအလုပ်သမားများစုပေါင်း၍ ဘတ်ငွေသုံးထောင့် ငါးရာကျပ်ကို ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့၊ မြူနီစပါယ်ဧရိယာရှိ ကောင်းကင်ပြာမူလတန်းကျောင်းသို့ ယနေ့နံနက်တွင် သွားရောက်လှူဒါန်းခဲ့သည်။

ကလေးများအတွက် လိုအပ်သော ထမင်းချိုင့်များ၊ စာအုပ်ထည့်ရန် အိတ်များနှင့် လက်ကျန်ငွေသားတထောင်ကို ဘန်ကောက်မြို့မှ အလုပ်သမားအလှူရှင်များကိုယ်စား ဆရာမ ဒေါ်မီမီသော် (Social Action for Women-SAW) က ဆရာဦးသက်နိုင်သို့ပေးအပ်ခဲ့သည်။

ဘန်ကောက်စက်ရုံတရုံတွင် အလုပ်လုပ်နေသော မြန်မာသမားတဦးက ဘန်ကောက်များကို ကောင်းကင်ပြာကျောင်းအတွက် ထပ်မံလှူဒါန်းခဲ့ရာ ဘတ် (၃၅၀၀) ထိ ကောက်ခံရရှိခဲ့သည်။

"ဒီငွေဟာ တကယ်ကို ဖြူစင်တဲ့ငွေဖြစ်တယ်။ အလုပ်သမားတွေက သူတို့ရဲ့ ချွေးနဲ့စာလေးတွေထဲက တတ်နိုင်သမျှခွဲပြီး ကိုယ့်လူမျိုးရဲ့ လူနေမှုနဲ့ပညာရေးမြင့်စေချင်လို့လှူခဲ့ကြတာ၊ သူတို့ပိုလျှံနေလို့ လှူလိုက်ကြတာမျိုးမဟုတ်ဘူး"ဟု (၈) လေးလုံး အခမ်းအနားတက်ရောက်လာသူများအား ကောင်းကင်ပြာကျောင်းအကြောင်း မိတ်ဆက်ပေးခဲ့သော ဦးမြင့်ဝေကပြောသည်။

ဆက်လက်၍ "ကျနော့်အနေနဲ့ကတော့ အန်ဂျီအိုတွေဆီက အလှူငွေကို ထိုင်စောင့်နေကြတာထက် ကိုယ့်လူမျိုးရဲ့ လူနေမှုကို မြှင့်တင်ဖို့ ကိုယ်ကိုယ်တိုင် ကိုယ်ထူ ကိုယ်ထဝိုင်းဝန်းကြိုးစားကြတာကို ပိုပြီးလိုချင်တယ်။ အခုကျနော့်ကျောင်းမှာ အလှူခံပုံးတခု လုပ်ထား



ကောင်းကင်ပြာ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းလေးမှ ကလေးငယ်များ

ပေးပြီး နှစ်ပြားတန်ဆောင်း ဆောက်သလိုပေါ့ဗျာ၊ ဒီလိုကလေးတွေ ပညာရေးအတွက် အဲဒီလိုလုပ်ထားပေးမယ်လို့ စိတ်ကူးထားတယ်" ဟု မိုးကြိုးသတင်းဌာနသို့ ပြောခဲ့သည်။

အခြေစိုက် အလုပ်သမားရေးရာစာစောင်တွင်ဖော်ပြခဲ့သော ကောင်းကင်ပြာကျောင်းအကြောင်းရေးသားထားသော ဆောင်းပါးကိုဖတ်မိရာမှ အလှူဖြစ်ပေါ်လာခြင်းဖြစ်သည်။

အလုပ်သမားရေးရာစာစောင် အယ်ဒီတာချုပ် ဦးမြင့်ဝေက "ဒီဘန်ကောက်စက်ရုံတရုံက ဗမာအလုပ်သမားပေါ့ဗျာ၊ ပြောမယ်ဆိုရင်သူက ပအိုဝ့်တိုင်းရင်းသားလူငယ်လေးပါ၊ သူ့စက်ရုံမှာ ဗမာနိုင်ငံသားဆိုလို့ သူတယောက်ပဲရှိတယ်။ သူက အဲဒီစက်ရုံမှာရှိနေတဲ့ ရှမ်း (ထိုင်း) အလုပ်သမားတွေကို ဒီဆောင်းပါးထဲကပါတဲ့အကြောင်းအရာတွေကိုပြောပြပြီး အလှူငွေစကောက်ခဲ့တယ်"ဟု ပြောသည်။

ထိုအလုပ်သမားလူငယ်လေးက ရရှိလာသောအလှူငွေ ဘတ် (၁၂၀၀) ကို မြန်မာ့ဒီမိုကရေစီရရှိရေးထိုင်းလှုပ်ရှားမှုကော်မတီက ဖွင့်လှစ်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကျောင်းသို့ ခေတ္တအပ်နှံခဲ့ရာ အဆိုပါကျောင်းမှ ကျောင်းသားများကလည်း အလှူငွေများထည့်ဝင်ခဲ့ကြသည်။

ရှစ်လေးလုံးနေ့အခမ်းအနားကျင်းပသည့်နေ့တွင်လည်း အခမ်းအနားသို့တက်ရောက်လာသူများကလည်း ၎င်းတို့၏ ချွေးနဲ့စာ

ကောင်းကင်ပြာကျောင်းသို့ ကျောင်းသုံးပစ္စည်းများနှင့် ငွေလှူဒါန်းသောနေ့တွင် အလှူရှင်နောက်တဦးဖြစ်သော ဦးပြည်အုပ်၊ ဒေါ်ခင်ရဲသန့်နှင့် သားအေးကျော်စိုးတို့မှလည်း ကျောင်းသားများအား ဒန်ပေါက်ထမင်းကို လှူဒါန်းကျွေးမွေးခဲ့သည်။

ဘန်ကောက်မြို့မှ အလုပ်သမားတဦးကလည်း ကျောင်းအတွက် မြေနှင့်အဆောက်အဦးငှားရမ်းခ ကုန်ကျစရိတ်အတွက် လစဉ်ဘတ်ငွေတထောင်လှူဒါန်းမည်ဟု ကမ်းလှမ်းထားကြောင်းလည်းသိရသည်။

ကောင်းကင်ပြာကျောင်းကို ယခုနှစ်ဇွန်လ (၃၀) ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်စက ကျောင်းသားဦးရေ (၄၃) ယောက်ရှိခဲ့ပြီး ယခုအခါ (၅၈) ယောက်ရှိနေပြီဖြစ်သည်။ ကျောင်းသားကျောင်းသူများမှာ အမှိုက်ပုံဘေးတွင် တဲဆောက်ကာ အမှိုက်ပုံမှ ပစ္စည်းဟောင်းများကို ကောက်ယူရောင်းချကာ စားသောက်နေထိုင်ကြသည့် မိသားစုများမှဖြစ်သည်။

❖

# ထိုင်းနိုင်ငံရှိမိုဘိုင်းဖုန်းများ နံပါတ်ပြောင်းလဲရတော့မည်

လာမည့်စက်တင်ဘာ (၁) ရက်နေ့မှ စတင်ကာ ထိုင်းနိုင်ငံတဝန်းအသုံးပြုနေသည့် မိုဘိုင်းဖုန်းနံပါတ်များအားလုံးကို လက်ရှိ ဂဏန်း (၉) လုံးမှ (၁၀) လုံးသို့ ပြောင်းတော့မည်ဖြစ်ကြောင်း အမျိုးသားတယ်လီဖုန်းဆက်သွယ်ရေးကော်မရှင် (NTC–အဲန်တီစီ) က ပြီးခဲ့သည့်လ (၂၁) ရက်နေ့က ကြေညာသည်။

မိုဘိုင်းဖုန်း သန်း (၄၀) ခန့် အသုံးပြုနေသည့်ထိုင်းနိုင်ငံတွင် အသုံးပြုမှုလျှင်မြန်စွာတိုးပွားနေသဖြင့် အခြားနိုင်ငံများနည်းတူ လက်ရှိဝန်ဆောင်မှုကိုတိုးချဲ့ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အဲန်တီစီမှကျွမ်းကျင်သူပညာရှင် Mr Direk Charoenph သူကပြောသည်။

၎င်းက "တခြားနိုင်ငံတွေ ဥပမာ ဂျပန်လိုပဲ ကျနော်တို့လည်း ဖုန်းအရေးအတွက် ပိုများများစွမ်းဆောင်နိုင်လာအောင်လုပ်တာပါပဲ။ နံပါတ်တလုံးထပ်တိုးလိုက်တော့ ဝန်ဆောင်နိုင်စွမ်း ပိုမြင့်လာတာပေါ့"ဟု ရှင်းပြသည်။

ယခုလို ဂဏန်းဆယ်လုံးလောက်အထိ တိုးချဲ့လိုက်ခြင်းဖြင့် ထိုင်းနိုင်ငံတွင် နောက်နှစ်ပေါင်း (၃၀) အထိ တိုးလာမည့် တယ်လီဖုန်းများအတွက် လုံလောက်သွားမည်ဟု သိရသည်။

လက်ရှိ ဂဏန်း (၉) လုံးသုံးကာ မိုဘိုင်းဖုန်း သန်း (၉၀) အထိ အသုံးပြုနိုင်စွမ်းရှိနေရာမှ ဂဏန်း (၁၀) လုံးသုံးခြင်းဖြင့် သန်း (၃၀၀) အထိ တိုးချဲ့လာနိုင်မည်ဖြစ်သည်။

ဥပမာ မူလနံပါတ်သည် ၀၁–၁၂၃၄၅၆၇ ဖြစ်ပါက ၀၈၁–၁၂၃၄၅၆၇ ဟုလည်းကောင်း၊ ၀၉– ၁၂၃၄၅၆၇ ကို ၀၈၉–၁၂၃၄၅၆၇ သို့လည်းကောင်း ပြောင်းလဲခေါ်ရမည်ဖြစ်သည်။

စနစ်သစ်အသုံးပြုနိုင်ရန် လက်ရှိမိုဘိုင်းဖုန်းအသုံးပြုနေသူများထံမှ ဖုန်းကုမ္ပဏီများမှ သတင်းတို (အက်စ်အမ်အက်စ်–SMS) ဖြင့် ပေးပို့ညွှန်ကြားချက်အတိုင်း ပြောင်းလဲသုံးစွဲရမည်ဖြစ်သည်။

စက်တင်ဘာလ (၁) ရက်နေ့မှစပြီး စနစ်သစ်ကို အလိုအလျောက်ပြောင်းသွားမည်ဖြစ်သော်လည်း ဖုန်းထဲတွင် အချက်အလက်မြောက်မြားစွာထည့်သွင်းသိုမီထားသည့်ဖုန်းများအတွက် အဆင်မပြေနိုင်သဖြင့် ထိုဖုန်းများအတွက် စနစ်သစ်ပြောင်းရန် ဖုန်းဆိုင်များတွင် သွားရောက်ဆောင်ရွက်ရန်လိုအပ်မည်ဟု Mr Direk Charoenph သူက ရှင်းပြသည်။

စနစ်သစ်ပြောင်းလဲရန် အဆင်မပြေသူများအနေဖြင့် စက်တင်ဘာမှ နိုဝင်ဘာအထိ (၃) လအတွင်း တယ်လီဖုန်းဆိုင်များတွင်သွားရောက်ပြောင်းလဲနိုင်ပြီး နိုဝင်ဘာလကုန်အထိမပြောင်းလဲနိုင်ပါက တယ်လီဖုန်းအဝင်ခေါ်ဆိုမှုရနိုင်မည်မဟုတ်ပေ။

အိမ်ဖုန်းနှင့် ရုံးဖုန်းများမှာ မူလအတိုင်းမပြောင်းလဲဘဲ ဆက်ရှိမည်ဖြစ်သည်ဟု သိရသည်။

❖

# ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးမကြာမီဆွေးနွေးနိုင်ဖွယ်ရှိ


လုံခြုံရေးကောင်စီ၏အလှည့်ကျ ဥက္ကဋ္ဌ၊ ဂရိသံအမတ်ကြီး Adamantios Vassilakis

နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေသော မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းဆွေးနွေးသော အကြောင်းအရာများတွင်ထည့်သွင်းဖို့ အမေရိကန်ပြည်ထောင်စုကနေ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဩဂုတ်လ (၁) ရက်နေ့က ထပ်မံတောင်းဆိုလိုက်သည်။

ယမန်နှစ်က အလားတူကြိုးပမ်းချက်ကို ရုရှနှင့်တရုတ်တို့က ကန့်ကွက်ခဲ့သော်လည်း ယခုတကြိမ်တွင် မြန်မာနိုင်ငံကိစ္စလုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးနိုင်ရေးတွန်းအားပေးနိုင်မည့် လုံလောက်သော တရားဝင်ထောက်ခံမဲရရှိထားကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘိုတန် John Bolton က သတင်းထောက်များအားပြောကြားသည်။

"မြန်မာပြည်အရေးကိုကိုင်တွယ်ဖို့ အချိန်တန်ပါပြီ။ ဒီကိစ္စအပေါ်မှာ ကန့်ကွက်မှုတွေရှိလာမည်ဆိုရင် လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေထဲမှာ မဲခွဲဆုံးဖြတ်ဖို့ ကျနော်တို့ပြင်ဆင်ထားပါတယ်။ ကျနော်တို့ဘက်က မဲအလုံအလောက်လည်းရှိနေပါတယ်" လုံခြုံရေးကောင်စီ၏အလှည့်ကျ ဥက္ကဋ္ဌ၊ ဂရိသံအမတ်ကြီး Adamantios Vassilakis သို့ စာပေးပို့ထားသော ဂျွန်ဘိုတန်ကဆိုသည်။

အမေရိကန်၏ လက်ငင်းကြိုးပမ်းချက်သည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တခုကျလာသည့်အထိ မရည်ရွယ်သော်လည်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်နေသော မြန်မာပြည်အခြေအနေများကြောင့် ဆုံးဖြတ်ချက်တခုကျလာသည့်အထိလည်းဖြစ်လာနိုင်သည်ဟု ဂျွန်ဘောတန်ကပြောသည်။

❖


"ဒီကိစ္စအပေါ်မှာ ကန့်ကွက်မှုတွေရှိလာမည်ဆိုရင် လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေထဲမှာ မဲခွဲဆုံးဖြတ်ဖို့ ကျနော်တို့ပြင်ဆင်ထားပါတယ်..."
(ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘိုတန် John Bolton)

# UNHCR မဟာမင်းကြီးထိုင်းနိုင်ငံရှိ မြန်မာဒုက္ခများဆီသွားရောက်လေ့လာ

မြန်မာဒုက္ခသည်များ၏ အခြေအနေကိုလေ့လာရန် ယမန်နေ့ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီယိုဂုတ်ထရတ်စ် (Antonio Guterres) သည် အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအတူ ထန်ဟင်းဒုက္ခသည်စခန်းသို့ ယနေ့သွားရောက်မည်ဖြစ်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး အယ်လ်လန်စော်ဝါဘယ်ရီ (Ellen Sauer-brey) ဒုက္ခသည်များကို အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နိုင်ရေးအတွက် စနေနေ့က ထိုင်းနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မစ္စတာဂုတ်ထရတ်စ်သည် သူ၏ လေးရက်တာခရီးစဉ်မစမီ ယမန်နေ့က ဂျီနီဗာ၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ်တွင် ထိုင်းမြန်မာနယ်စပ်ဒုက္ခသည်စခန်းများတွင် နှစ်ကြာနေပြီဖြစ်သော ကရင်ဒုက္ခသည်များ ပြောင်းရွှေ့နေရာချထားပေးရေးကို ဦးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အထူးသဖြင့် တောင်ဘက်အကျဆုံးစခန်းဖြစ်သော ထန်ဟင်ဒုက္ခသည်စခန်းရှိ ဒုက္ခသည်များသည် စခန်းတွင်း၌ ဆယ်စုနှစ်ခုကြာမြင့်နေပြီဟု ဂုတ်ထရတ်စ်ကဆိုသည်။ ထန်းဟင်းဒုက္ခသည်စခန်းတွင် ဒုက္ခသည် (၉၅၀၀) ခိုလှုံနေပြီး ၎င်းတို့အနက် အခုသည် ယခုလ (၁၅) ရက်နေ့မှစ၍ ပြောင်းရွှေ့နေရာချထားရေးအစီအစဉ်ဖြင့် အမေရိကန်နိုင်ငံသို့ အသုတ်လိုက် ထွက်ခွာခွင့်ရနေပြီဖြစ်သည်။

အမေရိကန်သို့ မြန်မာဒုက္ခသည်များ ပြောင်းရွှေ့ရေးအစီအစဉ်တွင် ထန်းဟင်းကရင်ဒုက္ခသည် (၁၇၀၀) အကျုံးဝင်မည်ဖြစ်ပြီး ၎င်းတို့ကို ယခုနှစ်မကုန်မီတွင် ခေါ်ယူထားကြောင်းလည်းသိရသည်။

နယ်စပ်ဒုက္ခသည်စခန်း (၉) ခိုလှုံနေသော ဒုက္ခသည် တသိန်းလေးသောင်းအနက် အချို့ကို အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျား၊ ဗြိတိန်၊ ဖင်လန်၊ နယ်သာလန်၊ နယူဇီလန်၊ ဆွီဒင်နှင့် နော်ဝေးနိုင်ငံများတွင် ဆက်လက်နေရာချထားနိုင်သည်ဟု ကုလသမဂ္ဂကဆိုသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီ မစ္စတာဂုတ်ထရတ်သည် ထိုင်းနိုင်ငံ၌ရှိစဉ်တွင် ထိုင်းနိုင်ငံအကြီးတန်းအရာရှိများနှင့် မြန်မာဒုက္ခသည်များအရေးနှင့်စပ်လျဉ်း၍ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

# မြန်မာဒုက္ခသည်များအား ခြေချုပ်ချထားသော ထိုင်းမူဝါဒကို အမေရိကန် ဒု-နိုင်ငံခြားရေးဝန်ကြီးပြင်းပြင်းထန်ထန်ဝေဖန်


ယူအဲန်အိပ်ချ်စီအာရ်အကြီးအကဲနှင့် အမေရိကန် ဒု-နိုင်ငံခြားရေး ဝန်ကြီးတို့အား ထန်ဟင်ဒုက္ခသည် စခန်းမှကြိုဆို

ယမန်နေ့က ထိုင်းနိုင်ငံ၊ ရတ်ချဘူရီ ခရိုင်ရှိ ထန်ဟင်းဒုက္ခသည်စခန်းသို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအကြီးအကဲ Antonio Guterres နှင့် အတူသွားရောက်ခဲ့သော အမေရိကန်နိုင်ငံခြားရေး ဒု-ဝန်ကြီးက ဒုက္ခသည်များအပေါ် ထားရှိသောထိုင်းအစိုးရ၏မူဝါဒကို ပြင်းပြင်းထန်ထန်ဝေဖန်လိုက်သည်။

မြန်မာပြည်မှ စစ်ဒဏ်ကြောင့်ထွက်ပြေးလာသော သိန်းနှင့်ချီသော တိုင်းရင်းသားဒုက္ခသည်များသည် ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင် အပြင်ထွက်ခွင့်မပေးဘဲ အကျဉ်းချခံနေရသည့်အပေါ် Ellen Sauer-brey ဝေဖန်လိုက်ခြင်းဖြစ်သည်။

"ကိုယ်ပိုင်အချိန်ကို အကျိုးရှိရှိ သုံးလို့မရတာ၊ အပြင်မှာဘာဖြစ်နေမှန်းမသိဘဲ စခန်းထဲမှာ အကျဉ်းကျခံနေရတာထက် ဆိုးတာဘာမှမရှိတော့ဘူး" ဟုဒုက္ခသည်များ အပြင်ထွက်ခွင့်မရသည့်အပေါ် ပြောဆိုလိုက်သည်။

မြန်မာပြည်မှ ဒုက္ခသည်များအရေးကို ကမ္ဘာကပိုမိုအာရုံစိုက်လာရန်ရည်ရွယ်၍ အမေရိကန်ဒုဝန်ကြီးသည် Antonio Guter-res နှင့်အတူ ထန်ဟင်းဒုက္ခသည်စခန်းသို့ ရောက်ရှိလာပြီးနောက် ကရင်ဒုက္ခသည် (၆၃) ဦးသည် ယမန်နေ့က အမေရိကန်နိုင်ငံသို့ ပထမအသုတ်အဖြစ် ထွက်ခွာသွားပြီဖြစ်သည်။

ယခုနှစ်ကုန်အတိုင်ခင်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံမှ ကရင်ဒုက္ခသည် (၂၇၀၀) ကို ခေါ်ယူရန်စီစဉ်ထားပြီးလာမည့်နှစ်များတွင်လည်း တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"နောက်နှစ်တွေမှာလည်း ထောင်နဲ့ချီတဲ့ဒုက္ခသည်တွေကို အမေရိကန်ကို ခေါ်ယူသွားဖို့ရှိပါတယ်။ အထူးသဖြင့် ကရင်ဒုက္ခသည်တွေရှိတဲ့ စခန်း (၆) ခုက ဒုက္ခသည်တွေကိုခေါ်ယူသွားမှာပါ"ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအားပြောသည်။

အမေရိကန်အစိုးရသည် အသစ်ထုတ်ပြန်ခဲ့သော အမျိုးသားလုံခြုံရေးဥပဒေဖြင့် ကရင်အမျိုးသားအစည်းအရုံးနှင့် ပတ်သက်မှုရှိသူများကို အမေရိကန်သို့ ပြောင်းရွှေ့ခွင့်မရအောင် တားဆီးခဲ့သည်။ သူမ၏ ခရီးစဉ်အတွင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်၏ အမျိုးသားလုံခြုံရေးဥပဒေသစ်သည် "ဝါးလုံးရှည်နှင့်သိမ်းကျုံးရမ်းသည့်ဥပဒေ" ဖြစ်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

သို့သော် အမေရိကန်အစိုးရသည်အဆိုပါဥပဒေကို ယခုအခါ ပြန်လည်လျှော့ပေါ့ထားလိုက်ပြီး ဒုက္ခသည်စခန်းမှ ထွက်ခွာလိုသောဒုက္ခသည်များနည်းတူ ၎င်းတို့အား ခေါ်ယူရန်ဆန္ဒပြင်းပြနေသည်ဟု Ellen Sauer-brey ဆိုသည်။❖

# အလုပ်သမားလက်မှတ်မဲ့မြန်မာများကို ထိန်းသိမ်းရေးစခန်းသို့အပို့ခံရမည်

ထိုင်း-မြန်မာနယ်စပ်တွင် တရားမဝင်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအလုပ်သမားများကို ဖမ်းဆီးမိခဲ့လျှင် ယခင်ကကဲ့သို့ မြန်မာနိုင်ငံသို့ ပြန်မပို့တော့ပဲ ထိုင်းနိုင်ငံအတွင်းမှာပင် ထိန်းသိမ်းရေးစခန်းတခုဖွင့်ပြီး ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးက ပြောဆိုသည်။

အလုပ်သမားများကိုဖမ်းပြီး ပြန်ပို့ရသည်မှာ အကုန်အကျများလွန်းသောကြောင့် ထိုသို့စခန်းပြုလုပ်ရခြင်းဖြစ်ကြောင်း ဝန်ကြီးကပြောပြသည်။ သို့သော်လည်း ထိုစခန်းတွင် ကျန်းမာသန်စွမ်းသူများကိုသာ ထားရှိမည်ဖြစ်ပြီး သက်ကြီးရွယ်အိုနှင့် ကလေးများကိုမူ မြန်မာနိုင်ငံသို့ ပြန်ပို့မည်ဖြစ်ကြောင်းသိရသည်။

ထိုင်းအလုပ်သမားဝန်ကြီးသည် တာ့ခ်ခရိုင်မဲဆောက်မြို့သို့ရောက်ရှိခဲ့ပြီး ခွေးကလုတ်ဒေသတွင် တရားမဝင်မြန်မာအလုပ်သမားများထားရှိရန်အတွက် ထိန်းသိမ်းရေးစခန်းတခုကိုဖွင့်လှစ်ခဲ့သည်။ ထိုင်းအစိုးရက ထိုင်းနိုင်ငံတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများကို တရားဝင်အလုပ်လုပ်ခွင့်လက်မှတ်ပြုလုပ်ရန် ညွှန်ကြားခဲ့သော်လည်း ထိုလက်မှတ်ပြုလုပ်သူအလွန်နည်းပါးသည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနက ပြောဆိုသည်။

ယခု လက်မှတ်မပြုလုပ်သူများကိုဖမ်းမိလျှင် မြန်မာနိုင်ငံဖက်သို့ ပြန်မပို့တော့ဘဲ ဝှေးကလုတ်ထိန်းသိမ်းရေးစခန်းတွင် ခေတ္တထိမ်းသိမ်းထားပြီး ထိုထိန်းသိမ်းထားစဉ်ကာလတွင် ထိုသူများကို အသက်မွေးဝမ်းကြောင်းပညာရပ်များ သင်ကြားပေးမည်ဖြစ်ပြီး အလုပ်သမားလိုချင်သော အလုပ်ရှင်များရှိပါက အလုပ်ရှင်များထံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ထားချက်အရသိရသည်။

ထိုင်းနိုင်ငံတွင်းရှိ မြန်မာအလုပ်သမားများသည် အလုပ်လုပ်ခွင့်လက်မှတ်ကို ပြုလုပ်ချင်ကြသော်လည်း ထိုပြုလုပ်ပြီးသောလက်မှတ်များကို အလုပ်ရှင်များကသိမ်းဆည်းထားခြင်းကြောင့် မကြာခဏဖမ်းဆီးခံရတတ်သည်။

ထို့အပြင် ထိုဖမ်းဆီးခံရသော အလုပ်သမားများကို အလုပ်ရှင်က တာဝန်ယူခြင်းမရှိကြသည့်အပြင် လုပ်ခကလည်း တရားဝင်သတ်မှတ်ထားသောနှုန်းထားထက် အလွန်နည်းစွာရရှိကြသည့်အတွက် တရားဝင်အလုပ်လုပ်ခွင့်လက်မှတ် မပြုလုပ်ကြခြင်းဖြစ်ကြောင်းသိရသည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မှတ်မိနေဆဲဟိုနားတစ ဒီနားတစ ရှစ်လေးလုံးကာလ

**စောဝေ**

မနက်ခင်းလ္ဘက်ရည်ဆိုင်အတွင်း လူစည်းကားချိန်ဖြစ်သည့် ဆိုင်အတွင်းရှိ စားပွဲခုံပုကုလားထိုင်ပုများတွင် လ္ဘက်ရည်သောက်သူများဖြင့်စုံစိရှိနေကြသည်။ လ္ဘက်ရည်မှာသူမှာ ဆမူဆာ အီကြာကွေးပဲနံပြားတောင်းသူတောင်းဖြင့် လ္ဘက်ဆိုင်တွင် စည်းကားနေပေသည်။ လ္ဘက်ရည်သောက်နေကြ သူများထဲမှ တခုသောစားပွဲဝိုင်းတွင် “ညက RIT ကျောင်းရှေ့ကားလမ်းမပေါ်မှာ အစိမ်းရောင် မာဇဒါဂျစ်ကားတစီး မီးရှို့ခံလိုက်ရတယ်ကွာ ကားကတော့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကကားပဲ ကားဘီတွေတောင် ဒီမနက်ထိမီးစွဲနေတုံးပဲ” “ဟ.... ဘယ်လိုဖြစ်ရတာလဲကွ” “ဘာဖြစ်ရမှာလဲ ဝန်ကြီးချုပ်ကြီး စိန်လွင်ရဲ့ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန် ၂၅ ကျပ်တန်ငွေတွေကို စက္ကူလုပ်ဖြစ်လိုက်တဲ့ကိစ္စကြောင့်ပေ့ါ။ ကျောင်းသားတွေလည်း စားဖို့တောင်မကျန်တော့လုပ်တာပေ့ါကွာ။ ငါလည်း အိပ်ထဲမှာ ၁၅ ကျပ်တန်သုံးရွက်ဘဲ ချမ်းသာတော့တယ်။” “အာ.... ဟုတ်တာပေ့ါ အိမ်မှာဆို အဖေကဆဲဆိုပြီး မေတ္တာပို့နေတယ်။ လက်ထဲသုံးစရာ မကျန်တော့ဘူးလေ” “လုပ်ထဲ့လိုက်တာလွန်ရောကွာ” “ဒါနဲ့စကားမစပ် ဒီကိစ္စက ဗိုလ်ချုပ်နေဝင်းကပဲလုပ်တာလား။ ဦးစိန်လွင်ကပဲ လုပ်တာလား။” “မင်းကလည်း လယ်မလိုနဲ့အပြန်ရော။ အချုပ်က ဗိုလ်နေဝင်းပဲ ခုဟာက ဓားစာခံရှာတာ ထိုးကျွေးတာ ထိုးကျွေးတာ နားလည်ပြီးလား။”

အထက်ပါအဖြစ်ပျက်ပြီး တလလောက်(သို့) တလကျော်လောက်ကြမည်ထင်သည်။ နောက်ထပ်ကြားရပြန်တာက ထိုင်နေကျ လ္ဘက်ရည်ဆိုင်တွင်ပဲဖြစ်ပါသည်။ “ ဟာဗျာ ညက အနောက်ကြို့ကုန်းမှာ မီးလောင်တယ်ဆိုလို့ပြေးသွားလိုက်တာ ဘယ်ဟုတ်မှာလည်း BPI လမ်းထဲအဝင်မှာ ပြေးလာကြတဲ့ လူအုပ်ထဲကို သေနတ်တွေနဲ့ပစ်တာကိုဗျ။ ငါဖြင့် အသက်လုပြီး ပြန်ပြေးရတာပေါ့၊ ဝယ်ထားတာမကြာသေးတဲ့ ဖိနပ်အသစ်တရံဆုံးပါရောကွာ” “အေး ညဦးပိုင်က သေနတ်သံလေးငါးဆယ်ချက်လောက်ကြားလိုက်ရသေးတယ်။ ငါလည်း တခုတခုဖြစ်ပြီထင်နေတာ။ နေရတာလည်း ကျိုးလန့်စာစားပါပဲ၊ ဒါနဲ့ ဘာဖြစ်ရပြန်တာလည်း၊ နည်းနည်းပြောပြပါအုံး” “မင်းကတော့ ဘာဖြစ်ဖြစ်ဘာမှမသိတဲ့ကောင်၊ ညကဖြစ်စက မီးလောင်တာမဟုတ်ဖူး။ မီးရှို့တာ အနောက်ကြို့ကုန်း သမဝါယမဆိုင်ကို မီးရှို့ပစ်တာ။ RIT ကျောင်းသားတွေက ရှို့ပစ်ကြတာ ဘာဖြစ်လို့လဲဆိုတော့ ကျန်ခဲ့တဲ့လေးငါးရက်လောက်က စန္ဒာဝင်းလ္ဘက်ရည်ဆိုင်မှာ ကျောင်းသားတစုနဲ့ အရပ်လူကြီးသားဦးဆောင်တဲ့ အရပ်သားတစုတို့က ယခင် ရန်ကြွေးတွေနဲ့ပတ်သက်ပြီး ဆိုင်ထဲမှာ ကက်စက်ခွေရွေးဖွင့်ကြရင်း ရန်ထဖြစ်ကြတာ။ အဲဒီမှာ RIT ကျောင်းသား မောင်စိုးနိုင်ဆိုသူကို အရပ်လူကြီးသားက ဓားနဲ့ထိုးတာခံလိုက်ရတယ်။ အဲဒီ ဒဏ်ရာနဲ့ပဲ မောင်စိုးနိုင်ဟာ ဆေးရုံကြီးမှာ မနေ့ကဘဲ ဆုံးသွားရှာတယ်။ ဒါကို တရာခံဖြစ်တဲ့ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌရဲ့သားကို ဘာမှအရေးမယူပေးတဲ့အတွက် ကျောင်းသားတွေက နာကျည်းပြီး အရေးယူပေးဖို့တောင်းဆိုရင်း မီးရှို့ပစ်ရတာကွ” “ဩော် ဒီလိုကိုး ဒါဆိုရင် ကျောင်းသားတွေမမှားဘူး။ လူတယောက်လုံးသေရတဲ့ဓားထိုးမှု ကျူးလွန်တဲ့ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌသားကိုတော့ တရားဥပဒေအရ အရေးယူသင့်တာပေ့ါ။ ဒီပါတီကောင်စီစနစ်ဆိုးကြီးကလည်း ဆိုးလွန်ပါတယ်ကွာ” “ထိုးရုံတင်ဘယ်ကမလဲ ညက လုံထိန်းတွေ လက်ချက်နဲ့ နောက်ထပ်ကျောင်းသားတယောက်ဆုံးရပြန်ရော။ အဲဒီကျောင်းသားက သူ့ရဲ့ သူငယ်ချင်းကျောင်းသားတွေကို ပစ်တဲ့ ခတ်တဲ့အထဲမထိစေဖို့ ကျောင်းဝကထွက်ပြီး ကြိုဆိုပြီး အထဲပြန်ဝင်ဖို့ တယောက်ပြီး တယောက်ကိုလိုက်ဆွဲနေတုန်း ကျောင်းတခါးဝနားမှာကျည်မှန်းပြီး ကျဆုံးသွားရတာ သနားဖို့ကောင်းလိုက်တာ သူ့နာမည်ကဘာတဲ့ အဲ....အို....ဩော် မှတ်မိပြီ မှတ်မိပြီ နာမည်က ဖုန်းမော်တဲ့ကွ” “အင်း ကြားရတာ ဘာတခုမှ စိတ်ချမ်းသာမှုကိုမရှိဘူးကွာ။ လက်နက်ကိုင်ပြီး မိုက်ရိုင်းလိုက်တာ” ဟိုလ္ဘက်ရည်ဆိုင်မှာ ကက်စက်ခွေရွေးပြီး ရန်ဖြစ်တာမဟုတ်လား။ အဲဒီ ကက်စက်ခွေနှစ်ခွေက တခွေက စိုင်းထီးဆိုင်ရဲ့ခွေဖြစ်ပြီး နောက်တခွေက ထူးအိမ်သင်ရဲ့ ခွေတဲ့ကွ” “ဟ.... တယ်ဟုတ်ပါလား နှစ်ခွေလုံးက ငါကြိုက်တဲ့အဆိုတော်တွေဖြစ်နေတယ်။ ကဲ ငါလည်း ပြန်လိုက်အုံးမယ်။ မင်းအတွက်ပါ ငါရှင်းပေးလိုက်မယ်” “ကောင်းတာပေ့ါကွာ”

ဒီလိုနဲ့နေလာလိုက်ကြတာ ကာလအားဖြင့် တလမပြည့်ခင်လေးဘဲ နေရာတကာ စပ်စုတတ်တဲ့သူငယ်ချင်းနဲ့ လ္ဘက်ရည်ဆိုင်မှာ ပဲပြန်ဆုံဖြစ်ကြတယ်။ သူ့ပုံစံက ဒီလ္ဘက်ရည်ဆိုင်ကို ကျနော့်အလာကိုစောင့်ကြိုနေတဲ့ပုံပဲ ဒီတခါ သူငယ်ချင်းမောင်စပ်စုရဲ့မျက်နှာက အရင်ကလိုတက်ကြွပြီး မာန်ပါပါအာဘောင်အာရင်းသန်သန်နဲ့ သိပ်မဟုတ်သလိုဘဲ စိုးရိမ်စိတ်တဝက်မျက်နှာငယ်လေးနဲ့ပဲ လေသံကလည်း ခပ်တိုးတိုးနဲ့ သူကပဲစတင်ပြီးတော့ စကားစပြောပါတယ်။ “သူငယ်ချင်းရေး မနေ့နေ့လည်ကအဖြစ်အပျက်ကတော့ ကွာ ဝမ်းနည်းစရာပဲ။ ကျောင်းသားတွေ တံတားဖြူရှေ့မှာ လုံထိန်းတွေလက်ရဲဇတ်ရဲ ရိုက်တာခံလိုက်ရတယ်ကွာ။ ကျောင်းသူလေးတွေဆိုရင် ဆံပင်ဆွဲပါးရိုက် ဆောင့်ကန်တာ တွေမြင်ရတော့ ရင်ထဲမချိဘဲကွာဝင်ဆွဲတဲ့ ကျောင်းသားတွေကိုလည်း ရက်ရက်စက်စက်ရိုက်တာ သွေးသံတရဲရဲပဲကွား ခုတော့ ကျောင်းသားတွေက တံတားဖြူကို တံတားနီလို့ပြောင်းခေါ်လိုက်ကြပြီးလေ” “ဟာ.... ဘယ်လိုကနေ ဘယ်လိုဖြစ်ရပြန်တာလဲကွာ ငါကတော့ သေတာတောင် ဘာတခုမှသိလိုက်ရမှာမဟုတ်ဘူး နည်းနည်းရှင်းပြပေးပါအုံးသူငယ်ချင်း” “အေးငါလည်း မင်းကိုဘာမှထပ်မပြောတော့ပါဘူး။ ဒီလိုကွ ဒီလို ကျောင်းသားတွေက အစိုးရအုပ်ချုပ်တဲ့စနစ်ကို လုံးဝမကြိုက်တဲ့အပြင် သူရဲ့မိဘပြည်သူတွေဒုက္ခဆင်းရဲရောက်နေရတာကို မကြည့်ရက်နိုင်ကြဘူးလေ။ ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၇၅ ကျပ်တန်ငွေစက္ကူတွေဖျက်သိမ်းပစ်တဲ့ကိစ္စ၊ ပါတီကောင်စီဝင်တွေရဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရောကိစ္စ အာဏာရှင်ပီသလှတဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဆိုးဝါးလှတဲ့တိုင်းပြည်အုပ်ချုပ်ပုံစနစ်တွေကို မကျေနပ်ကြဖူးလေ။ အဲဒါနဲ့ကျောင်းသားတွေက ပင်မတက္ကသိုလ်ကနေ ဒေသ (၂) ကောလိပ်ကိုသွားပြီး Rasu/ဒေသ (၂) /နဲ့ Rit–ဗဆအ/စတဲ့ ကျောင်းသားထုကြီးတွေစုပေါင်းပြီး ဆန္ဒပြဖို့အသွားမှာ တံတားဖြူကနေ ဗိုလ်နေဝင်းရဲ့ လက်ပါးစေတွေလုပ်ထဲ့လိုက်ကြတာ မြင်မကောင်း ရှုမကောင်းဘဲသူငယ်ချင်းရေ ခုတော့ တံတားဖြူမဟုတ်တော့ဘူး တံတားနီဖြစ်သွားပြီးပြီလေ”

သူငယ်ချင်းမောင်စပ်စုက ရှည်လျားစွာရှင်းပြလိုက်ရ၍ အနည်းငယ်မောသလိုဖြစ်သွားပြီး လက်ကြားထဲညှပ်ထားတဲ့ခပေါင်းစီကရက်ကို ဖွာရှိုက်လိုက်တော့သည်။ “အေးကွာ ငါလည်းမင်းပြောပြလို့သိရပြီ။ ဒါနဲ့နေပါအုံးကွ အခု ငါတို့တိုင်းပြည်မှာထုတ်ဝေနေတဲ့သတင်းစာ (၄) စောင်ထဲမှာတော့ ဒီအကြောင်းလေး စာတကြောင်းတောင်ပါမလာပါလားကွ” “ဟ.... သူငယ်ချင်း ဒုံးဝေးလိုက်တာ။ အဲဒီသတင်းစာတွေများများဖတ်မင်းလဲမကြာခင် မဆလဖြစ်သွားမယ် မသေမခြင်မှတ်ထား အဲဒီမဆလထုပ်ဝေတဲ့ သတင်းစာ (၄) စောင်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးရဲ့ မဟုတ်မဟ လန်ကြုတ်လုပ်ထားတဲ့ သတင်းတွေရယ် မဆလကြီး ကောင်းကြောင်းတွေရယ်ပဲ အဓိကပါဝင်နေပြီး ပြည်သူ့အတွက်ဆိုလို့ နာရေးကြော်ငြာတွေလဲပါတယ်ကွာ။ တခြားဘာတခုပြည်သူတွေအတွက် အကျိုးရှိတဲ့သတင်းတွေ သတင်းမှန်တွေအားလုံးကိုတော ဆော်ရီးဘဲသူငယ်ချင်း” “ဘာလဲကွ ဆော်ရီးဆိုတာ” “Sorry ဆိုတာ ဝမ်းနည်းပါတယ်ပေ့ါကွာ”

ဩော် သေသေချာချာပြန်ပြန်လှန်လှန်သုံးသပ်ကြည့်လိုက်တော့လည်း ဒို့ဗမာပြည်ကြီးဟာ ဗိုလ်ချုပ်ကြီးနေဝင်း စတင်အာဏာသိမ်းပြီး မဆလပါတီကြီးတည်ထောင်ပြီး အစစအရာရာ ဂုတ်သွေးစုပ်ညှင်းပန်းပြီး သူတို့အုပ်စုတစုကောင်းစားရေးအတွက်ပဲ ဦးစားပေးလုပ်ဆောင်နေကြတာပါလား။ သူငယ်ချင်းပြောသလိုဘဲ ဒီတိုင်းဆို တိုင်းပြည်ကြီးက မငြိမ်မသက်ဖြစ်ပြီး လူထုတော်လှန်ရေးကြီးဖြစ်လာပြီး ပစ်ကြ ခတ်ကြ သေကြကြေကြအုံးမယ် ဒုက္ခပဲ ဒီအတိုင်းဆက်သွားပြန်ရင်လည်း တိုင်းပြည်ကြီးက တနေ့တခြား ဆင်းရဲတွင်းနက်သထက်နက်လာပြီး ပြည်သူလူထုတွေဘဲ ခါးသီးခံနေရအုံးမှာဘဲလေ ဘာတွေဖြစ်လာမလဲဆိုတာကိုတော့ ရင်မပြီးစောင့်ကြည့်ရအုံးမှာဘဲလေ။

“ဟော့ကောင် ဒုံးဝေးကြီး” အသံကြားလိုက်ရ၍ လှည့်ကြည့်လိုက်တော့ “ဟ.... သူငယ်ချင်း ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ဒီရက်ထဲမင်းကို ရပ်ကွက်ထဲလည်းမတွေ့ လ္ဘက်ရည်ဆိုင်ကိုလည်းမလာပါလား ပျောက်ချက်သားကောင်းနေလိုက်တာ သူငယ်ချင်းရာ” “ဒါတွေပြောမနေတော့နဲ့ လာကွာ ထိုင်နေကြဆိုင်လေးကိုသွားကြရအောင်” ပြောပြောဆိုဆို ကျနော်တို့နှစ်ယောက်ထွက်လာခဲ့ကြသည်။ ဆိုင်ရောက်တော့ သူကပဲဦးဆောင်ပြီး ချောင်ကျကျစားပွဲခုံတခုမှာ နေရာယူလိုက်ပါတယ်။ ထမင်းစားချိန်မို့လားမသိ ဆိုင်တွင်လည်း လူရှင်းနေသည်။ သူကပဲစတင်ပြီး လ္ဘက်ရည်နှင့်ခပေါင်းစီးကရက်ပွဲများကို မှာယူပြီး “သူငယ်ချင်းရေ အခြေအနေကတော့ သိပ်မကောင်းတော့ဘူး။ အခု ငါလည်း ကျောင်းသားတွေနဲ့ အဆက်အသွယ်လုပ်ပြီး တဖက်တလမ်းကဝင်ချနေပြီကွ” သူက လေသံအုပ်အုပ်ဖြင့်ပြောသည်။ ကျနော်က သူ့မျက်နှာကို တစေ့တစောင်းကြည့်ပြီး “ဟ.... ကိုယ့်လူ၊ ငါတို့က ကျောင်းသားအရွယ်တွေမဟုတ်တော့ဘူးလေ။ ကြည့်လုပ်အုံး” “မင်းမသိပါဘူး၊ အရေးကြီးတာက မှန်တာကိုလုပ်ရဲရမယ်ကွ၊ မှန်တဲ့ဖက်ကရပ်တည်ရဲရမယ်။ မင်းတို့ငါတို့က ကျောင်းပြီးသွားကြတာမှန်ပေမဲ့ ခုလက်ရှိ ပြည်သူ့အတွက်ကို အမှန်တရားလက်ကိုင်ထားပြီး အစိုးရကိုဆန္ဒပြနေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေကလည်း ငါတို့ ညီတွေညီမတွေအရွယ်တွေပါကွာ။ မင်းလည်းစိတ်ပါရင် ဝင်လို့ရတယ် ကိုယ့်လူ” “ဒါနဲ့နေစမ်းပါအုံး အခု ဘယ်လိုများဖြစ်ပြန်ပြီးလဲ သူငယ်ချင်းရယ် ငါလည်းဒုံးဝေးတဲ့ဒီဘဝက ဘယ်တော့မှ ကျွတ်မှာမဟုတ်တော့ဘူး လင်းစမ်းပါအုံးကွာ” သူငယ်ချင်းက ချပေးသောလ္ဘက်ရည်ခွက်ကို တကြိုက်မော့လိုက်ပြီး ခပေါင်းစီးကရက်တလိပ်ကို မီးညှိဖွာရှိုက်ပြီးမှ အနားနားကိုတိုးကပ်ပြီး လေသံတိုးတိုးဖြင့် “လာမဲ့ ဩဂုတ်လ (၈) ရက်နေ့ကြရင် လူထုဆန္ဒပြပွဲကြီးဖြစ်လာလိမ့်မယ်။ အဲဒီနေ့က ၁၉၈၈ ခုနှစ် (၈) လပိုင် (၈) ရက်နေ့ဆိုတော့ ရှစ်လေးလုံးနေ့ပေ့ါကွာ အဲဒါကို အကြောင်းပြုပြီး ယခု လက်ရှိစစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကို အလိုမရှိဆန္ဒပြပြီး ဖြုတ်ချ ကြမှာကွ။ ဒီကိစ္စကို ထောက်လှမ်းရေးဖက်ကလည်းသိတယ်။ သူတို့ကတော့ ဆန္ဒပြပွဲကြီး ဖြစ်ပေါ်မလာနိုင်အောင်တားဆီးမယ်ဖျက်မယ်ပေ့ါ။ ခုလည်း လူအတော်များများကို ဖမ်းထားကြတယ်ကွာ။ နောက်ပြီး ရပ်ကွက်ထဲမှာလည်း သတိထား အထူးသဖြင့် ရပ်ကွက်ကောင်စီဝင်လူကြီးတွေနဲ့ ရဲတွေပေ့ါကွာ” “ဟာ.... တို့ရပ်ကွက်ကောင်စီ လူကြီး ခေါင်းကြီးက တို့သူငယ်ချင်းပါကွာ။ မူလတန်းတုန်းထဲက အတူတူကျောင်းနေဖက် ဒီကောင်ခေါင်းကြီး ခေါင်းသာကြီးတာ ဉာဏ်ထိုင်းတယ်။ ဒါကြောင့် (၄) တန်းမအောင်ဘူးလေ။ ဒီကောင်က အပြစ်မရှိပါဘူးကွာ၊ ဂရုစိုက်မနေပါနဲ့ကွာ” “အေး.... မင်း မသေမချင်းမှတ်ထား အဲဒီလိုခေါင်းကြီးပြီး ဘာအရည်အချင်းမှမရှိတဲ့ ငပေါတွေကိုပဲ နေဝင်းက စည်းရုံးနိုင်တာကွ၊ အဲလိုကောင်မျိုးတွေပဲ လက်ရဲဇက်ရဲနိုင်ကြတာ ပိုပြီးသတိထားရမယ် မင်းမယုံရင်စောင့်ကြည့်ပေ့ါကွာ သတိတော့ထားပေ့ါ”။




နောက်လတွင်ဆက်လက်ဖော်ပြပါမည်။

# ကရင်ရိုးရာလက်ချည်ပွဲတော်ကျင်းပနေစဉ်တွင် လူ ၆၀၀ ကျော်ကိုထိုင်းရဲများဝင်ရောက်ဖမ်းဆီး


ကရင်လက်ချည်ပွဲအခမ်းအနား

ဘန်ကောက်မြို့ အနောက်ဘက်ရှိ ဆမ်ဖရန်ခရိုင်အတွင်းရှိ နာခွန်ပါသ်သွန် (Nakhon Pathom) ရဲသင်တန်းကျောင်း ဝင်းကွင်းပြင်တွင် ကရင်ရိုးရာလက်ချည်ပွဲ ကျင်းပနေသော မြန်မာနိုင်ငံမှ ကရင်အမျိုးသား (၆၇၄) ဦးကို ထိုင်းရဲများက ဩဂုတ်လ (၂၇) ရက်နေ့က ဖမ်းဆီးလိုက်သည်။

လူရာချီတက်ရောက်မည် ဟုသာမျှော်မှန်းထား ကရင်ရိုးရာလက်ချည်ပွဲသို့ ကရင်အမျိုးသားစုစုပေါင်း (၇) ထောင်ကျော်တက်ရောက်ခဲ့သဖြင့် ယခုကဲ့သို့ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲများကပြောသည်။

အဖမ်းခံရသူများသည် ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ရှိသူများဖြစ်သော်လည်း (၁၇၃) ဦးသည် အဖမ်းခံရစဉ် အလုပ်သမားလက်မှတ်ကိုင်ဆောင်ထားခြင်းမရှိဟု ရဲများကပြောသည်။ အခမ်းအနားသို့ ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်နေသော ကရင်အမျိုးသားများ ကရင်အမျိုးသားကျောင်းသားများနှင့် ၎င်းတို့၏မိတ်ဆွေများလည်း တက်ရောက်ခဲ့ကြသည်။

ဘန်ကောက်မြို့နှင့် အခြားခရိုင်များက ထုတ်ပေးထားသော အလုပ်သမားလက်မှတ်ကိုင်ဆောင်သူများသည် သတ်မှတ်နယ်မြေကျော်လွန်ခရီးထွက်လာသဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ပြီး၊ ဥပဒေချိုးဖောက်မှုဖြင့် မြန်မာပြည်ပြန်ပို့မည်ဟု ရဲအရှိကဆိုသည်။

သို့သော် ကရင်ရိုးရာအခမ်းအနားကို စီစဉ်ခဲ့သူ စောနာရှုန်က အခမ်းအနားကျင်းပခွင့်ကို ရဲထံမှခွင့်ပြုမိန့်ယူခဲ့ကြောင်းပြောပြီး၊ ရဲများကလည်း အဆိုပါကိစ္စအပေါ် ဝန်ခံအတည်ပြုခဲ့ကြသည်။

"ကျနော့်သူငယ်ချင်းကတဆင့် ဒီနေရာမှာ အခမ်းအနားလုပ်ဖို့ ရဲဆီမှာခွင့်ပြုချက်တောင်းတာရတယ်လေ။ လူတသောင်းလောက်ကို ကျနော်တို့ဖိတ်လိုက်တာပေါ့။ အဖမ်းခံရမယ်လို့ ဘယ်ထင်မလဲ"ဟု စောနာရှုန်းက ပြောသည်။

ယခင်နှစ်များက အလားတူအခမ်းအနားကို နာခွန်ပါသ်သွန်ရှိ ကက်သလစ်ဘုရားကျောင်းတွင် ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် ဘုရားကျောင်းမအားလပ်သဖြင့် ရဲဝင်းတွင်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်သည်။

"သူတို့က ဘော်လုံးပွဲလုပ်မယ်ဆိုပြီး ပြောတယ်။ ကျနော်တို့က လူ (၂၀၀) လောက်လာမယ်ထင်တယ်။ (၇) ထောင်လောက်လာမည်လို့မထင်ဘူး" ဟု ရဲသင်တန်းကျောင်း၏ လက်ထောက်ညွှန်ကြားရေးမှူးကပြောသည်။

ရိုးရာအခမ်းအနားသို့ တက်ရောက်လာသော လူအုပ်ကြီးကြောင့် အနီးအနားရှိ ထိုင်းလူထုမှာ ထိတ်ထိတ်ပြာပြာဖြစ်ခဲ့ပြီး ရဲဆီ ဖုန်းဆက်တိုင်းတန်းမှုများရှိခဲ့သည်ဟု ရဲများကဆိုသည်။

သို့သော် လူမျိုးစုအခွင့်အရေးလှုပ်ရှားနေသော ထိုင်းလူမျိုးတဦးဖြစ်သူ Surapong Kongchantuk က ရဲများသည် လွန်လွန်ကျူးကျူးတုံ့ပြန်ခဲ့သည်ဟု ဝေဖန်သည်။

"ဒါစိတ်လိုက်မာန်ပါလုပ်လိုက်တာပဲ။ ကရင်အမျိုးသားတွေကို သူတို့အထွတ်အမြတ်ထားတဲ့ ရိုးရာပွဲလုပ်နေတုန်းမှာ ဖမ်းလိုက်တာဟာ မွတ်စလင်တွေကို ဟာဒ် (Haj) ပွဲတော်မှာ ဖမ်းတာနဲ့အတူတူပဲ" ဟု သူက ပြောသည်။


ရဲများဖမ်းဆီးထားစဉ်

# ဩစတြေးလျလူ့မသိကျွန်းရောက် မြန်မာများနိုင်ငံရေး ခိုလှုံခွင့်တောင်းခံ

အင်ဒိုနီးရှားနှင့် ဩစတြေးလျအကြား အိန္ဒိယသမုဒ္ဒရာထဲမှ လူသူမရှိသည့်ကျောက်တန်းများကြားတွင် တွေ့ရှိရသည့် မြန်မာနိုင်ငံသား (၈) ဦးတို့ကို ဩစတြေးလျဖမ်းဆီးထားရာ ၎င်းတို့က နိုင်ငံရေးခိုလှုံခွင့်တောင်းခံခဲ့ကြောင်းသိရှိရသည်။

လူကုန်ကူးသူများ၏စွန့်ပစ်ခြင်းကိုခံခဲ့ရသည့် မြန်မာနိုင်ငံသား (၈) ဦးတို့ကို အဆိုပါကျောက်တန်းများအကြားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျအရာရှိတို့က ပြောဆိုပြီး ၎င်းတို့ကို ဩစတြေးလျထိန်းသိမ်းစခန်းတခုတွင် ချုပ်နှောင်ထားခဲ့သည်ဟုဆိုသည်။

ယင်းတို့၏အမှုအတွက် ဩစတြေးလျနိုင်ငံတွင် ထင်ရှားသည့်ရှေ့နေတယောက်က အကျိုးဆောင်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်နေပြီး မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ခဲ့ပါက လူ့အခွင့်အရေးချိုးဖောက်မှုများခံနိုင်ရသည့်အတွက် ဩစတြေးလျတွင် နိုင်ငံရေးခိုလှုံခွင့်ရရှိရန် အစိုးရထံမေတ္တာရပ်ခံထားသည်ဟု အဆိုပါရှေ့နေကပြောသည်။

မြန်မာနိုင်ငံသားများကိုတွေ့ရှိရာ Ashdown ကျောက်တန်းသည် ဩစတြေးလျနိုင်ငံ၏ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ထားရာနေရာဖြစ်ပြီး လူကုန်ကူးသူများက ယင်းတို့ (၈) ဦးကို စွန့်ပစ်ခြင်းကိုခံခဲ့ရသည်ဟုဆိုသည်။ ဩစတြေးလျ၏ ဥပဒေအရ ဩစတြေးလျပိုင်ကျွန်းများတွင် ရောက်ရှိလာသူ ပြည်ပနိုင်ငံသားများသည် ဩစတြေးလျ၏တရားရေးစနစ်အရ ကာကွယ်စောင့်ရှောက်ခြင်းကိုမခံကြရဘဲ၊ ဩစတြေးလျ၏ အထောက်အပံ့ခံအနီးအနားတိုင်းပြည်များမှ ဒုက္ခသည်စခန်းများသို့သာ ပို့လေ့ရှိကြောင်းလည်း သိရသည်။

# ကယန်းပြည်သစ် ဥက္ကဋ္ဌ ကွယ်လွန်ခြင်း အောက်မေ့ဖွယ်အခမ်းအနားကျင်းပ

ဩဂုတ် (၂၁) နေ့က လွိုင်ကော်မြို့ နေအိမ်တွင် ကယန်းပြည်သစ်ပါတီဥက္ကဋ္ဌ ငိန်းကယန်းထန် (ဦးရွှေအေး) ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းနားတရပ်ကို ပြီးခဲ့သည့်တနင်္ဂနွေနေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပခဲ့သည်။

ငိန်းကယန်းထန်နှင့် ကျောင်းနေဘက်၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တဦးဖြစ်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ သဘာပတိအဖွဲ့ဝင်တဦးဖြစ်သူ ခွန်မားကိုဘန်း၏နေအိမ်တွင်ကျင်းပသော အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး ငိန်းကယန်ထန်းကွယ်လွန်ခြင်းအတွက် ဝမ်းနည်းစကားများအသီးသီးပြောကြားခဲ့ကြသည်။

ကယန်းပြည်သစ်ပါတီ ဥက္ကဋ္ဌသည် (၁၉၆၂) ခုနှစ် တက္ကသိုလ်ကျောင်းသားအရေးအခင်းတွင် တက်ကြွပါဝင်ခဲ့ပြီးနောက် (၁၉၆၃) တွင် တောခိုခဲ့သည်။ (၁၉၆၄) ခု ဇွန်လ (၄) ရက်နေ့တွင် ရရာလက်နက်ဖြင့် ကယန်းလူမျိုးတော်လှန်စတင်ချိန်တွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။

ထို့နောက် (၁၉၆၄) ခု ဩဂုတ်လ (၈) ရက်နေ့တွင် စတင်ဖွဲ့စည်းသော ကယန်းပြည်သစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် (၆၅) နှစ်ရှိပြီးဖြစ်သည်။

ဝမ်းနည်းဖွယ်အခမ်းအနားတွင် ဖယ်ခုံမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော ခွန်မားကိုဘမ်းက ငိန်းကယန်းထန်ကွယ်လွန်ခြင်းသည် ကယန်းပြည်သစ်နှင့်တကွ ကယန်းလူထုအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ကြောင်းပြောကြားခဲ့ပြီး ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေး၊ ကယန်းတစုတစည်းတည်း စုစည်းရေးစသော ဥက္ကဋ္ဌ ငိန်ကယန်းထန် ယုံကြည်ချီတက်ခဲ့သော မပြီးဆုံးသေးသည့်နိုင်ငံရေးတာဝန်ကို ဆက်လက်ကိုင်စွဲချီတက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

❖



ဦးရွှေအေးနှင့်ကျောင်းနေဘက် ခွန်မားကိုဘမ်း၏ အမှတ်တရစကား

# ထိုင်းရဲများက မှားယွင်းဖမ်းဆီးထားသော ကရင်အမျိုးသားတဦးပြန်လည်လွတ်မြောက်

ထိုင်း–မြန်မာနယ်စပ် ရပ်ချ်ဘူရီခရိုင်တွင် (၂၀၀၂) ခုနှစ်က ကျောင်းကားတစီးကိုပစ်ခတ်မှုဖြင့် ဖမ်းဆီးခံထားရသူ ကရင်အမျိုးသားတဦး ဩဂုတ်လ (၁၅) ရက်နေ့က ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ကျောင်းသားငယ်လေး (၃) ဦးသေဆုံးပြီး (၁၂) ဦးဒဏ်ရာရရှိခဲ့သည့် ထိုပစ်ခတ်မှုတွင် ဒေသခံထိုင်းရဲအဖွဲ့က ၎င်းကို မသင်္ကာသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ပထမတွင် သူကအပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟုဆိုသည်။

ဂျိုဘီအမည်ရှိ အဆိုပါ ကရင်အမျိုးသားက အမှုစတင်စစ်ဆေးစဉ် ပစ်ခတ်မှုကို ကျူးလွန်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် သူ မကျူးလွန်ခဲ့ကြောင်းပြန်လည်ထွက်ဆိုခဲ့သည်။

ဂျိုဘီက အမှုတွင် တရားခံအဖြစ် ဝန်ခံပြောဆိုရန် ရှားပါးတိရိစ္ဆာန်မှောင်ခိုအရောင်းအဝယ်လုပ်နေသည့် ဂိုဏ်းတဂိုဏ်းက ဖိအားပေးခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ အကယ်၍ ထိုသို့မထွက်ဆိုပါက ၎င်း၏ဇနီးနှင့် ကလေးများကိုသတ်ပစ်မည်ဟု ထိုအဖွဲ့က ပြောဆိုခဲ့ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ကလည်း ကျောင်းကားကိုပစ်ခတ်ခဲ့ကြောင်း ဝန်ခံပြောဆိုပါက ပြန်လွှတ်ပေးမည်ဟု ကတိပေးခဲ့သည့်အတွက် သူ့အနေဖြင့် ကနဦးစစ်ချက်တွင် ပစ်ခတ်မှုကျူးလွန်သူအဖြစ် ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့သည်။

ဂျိုဘီသည် ထိုအမှုကြောင့် တနှစ်ကျော်ခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် (၂၀၀၄) ခု မတ်လတွင် ရပ်ချ်ဘူရီခရိုင်တရားရုံးက ၎င်းတွင် အပြစ်မရှိကြောင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းကို ထိုင်းနိုင်ငံတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုဖြင့် ကန်ချနဘူရီလူဝင်မှုရုံးသို့ ပြောင်းရွှေ့ထိန်းသိမ်းထားခဲ့သည်။

သူသည် အထိန်းသိမ်းခံနေရစဉ် အဆိပ်ခတ်လုပ်ကြံခံခဲ့ရဟန်ရှိပြီး မကျန်းမာဖြစ်ခဲ့ရသည်။ ထိုအကြောင်းကို ထိုင်းမိဖုရားကြီးကြားသိခဲ့သည့်အတွက် မိဖုရားကြီး၏အစီအစဉ်ဖြင့် ဆီရီရတ်ဆေးရုံတွင် ဆေးကုသခွင့်ရရှိခဲ့သည်။

ယခုလို တရားခံအစစ်မဟုတ်ဘဲ ဖမ်းဆီးခြင်းခံထားခဲ့ရာမှ ဩဂုတ်လ (၁၅) ရက်နေ့တွင် တရားရုံး၏ဆုံးဖြတ်ချက်နှင့် ပြန်လည်လွတ်မြောက်လာသည့်အပေါ် ၎င်း၏ရှေ့နေက အမှုတခုကို စုံစမ်းဖော်ထုတ်ရာတွင် ဂျိုဘီဖြစ်စဉ်ကိုကြည့်၍ သင်ခန်းစာယူသင့်ကြောင်းပြောဆိုသည်။

ယခုအခါ အဆိုပါ ကရင်အမျိုးသား ဂျိုဘီသည် ၎င်း၏မိသားစုနှင့်အတူ ပတ်ချာဘူရီခရိုင်တွင်နေထိုင်လျက်ရှိပြီး ထိုင်းနိုင်ငံသားအဖြစ် ခံယူခွင့်ရရန် ထိုင်းရှေ့နေအသင်းက ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

# နိုင်ငံတကာ

## သတင်းတိုများ

### နီပေါတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မော်ဝါဒီသူပုန်များကခြိမ်းခြောက်

ဗြိတိသျှအစိုးရက နီပေါနိုင်ငံ၏အနောက်မြောက်ဖက်တောင်တန်းဒေသရှိ ခရိုင်များတွင် လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို မော်ဝါဒီများ၏ခြိမ်းခြောက်မှုကြောင့် ရပ်ဆိုင်းထားမည်ဟုပြောသည်။ မော်ဝါဒီသူပုန်များက နိုင်ငံတကာဖွံ့ဖြိုးရေးဌာန၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ထံတွင်မှတ်ပုံတင်ရန် (သို့မဟုတ်) ပါဘက်ခရိုင်တွင်လုပ်ဆောင်နေမှုများကိုရပ်ဆိုင်းရန် အလိုရှိသည်ဟုပြောသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးဌာနမှ မစ္စတာစမစ်က"အခြေခံလုပ်ငန်းမူဝါဒလမ်းညွှန်တွေအရ အကူအညီပေးရေးအေဂျင်စီတွေဟာ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်တော့ ပါဘက်ခရိုင်မှာလုပ်ဆောင်နေမှုတွေကို ကျနော်တို့ဝမ်းနည်းစွာပဲရပ်ဆိုင်းရပါလိမ့်မယ်"ဟု အေပီသတင်းဌာနသို့ ပြောကြားသည်။ (၁၀) နှစ်ကျော်သူပုန်ထမှုကို အဆုံးသတ်ရန်ရည်ရွယ်၍ မော်ဝါဒီသူပုန်များနှင့်နီပေါအစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများကို လောလောဆယ်တွင်ကျင်းပလျက်ရှိသည်။

### ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတပ်စွဲထားရန်ကို ဆူဒန်ကငြင်းပယ်

ဆူဒန်နိုင်ငံက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ ဒါဖောဒေသ၏အနောက်ဖက်ဒေသတွင်တပ်စွဲထားရန် တောင်းဆိုမှုကိုငြင်းပယ်လိုက်သည်။ ဆူဒန်သမတ အိုမာအယ်ဘာရှာကသူ၏ နိုင်ငံအချုပ်အခြာကိုနှောက်ယှက်သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို သဘောတူညီလိမ့်မည်မဟုတ်ဟု ပြောသည်။ ဒါဖောတွင် ကုလသမဂ္ဂတပ်သားတသောင်းခုနှစ်ထောင်ကို အာဖရိကယူနီယံငြိမ်းချမ်းရေးထိန်းသိန်းမှုအဖွဲ့များ၏နေရာတွင် အစားထိုးရန် အစောပိုင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူလက်ခံထားခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ ဒါဖောသို့မလာခင် ဆူဒန်နိုင်ငံက သဘောတူညီမှုပေးရန် ကုလသမဂ္ဂက နောက်ဆုံးဆုံးဖြတ်ချက်ချထားသည်။

### တရုတ်ပြည်တွင် လူကုန်ကူးမှုကြီးထွားလာ

တရုပ်ပြည်တွင် လူကုန်ကူးမှုသည် ခြိမ်းခြောက်မှုတခုအဖြစ် ကြီးထွားလာနေသော်လည်း အာဏာပိုင်များက ထိုအခြေအနေကိုဝန်ခံရန် နှောင့်နှေးလျက်ရှိသည်။ ယူနန်ပြည်နယ်မှ အမျိုးသမီးငယ်များသည် ဇနီးမယားအဖြစ်ရောင်းစားခံရခြင်း၊ ထိုင်းနိုင်ငံရှိ ဇိမ်ခန်းများ၊ လုပ်ခနည်းအရောင်းဆိုင်များသို့ ရောင်းစားခြင်းများခံနေရသည်။

လူကုန်ကူးမှုကို သုတေသနပြုနေသူ လောင်ဟိုင်ယူက သူမ အလွန်ပင်စိုးရိမ်မိကြောင်း "အခု လူကုန်ကူးတဲ့ပုံစံကပြောင်းနေတယ်။ လူကုန်ကူးတဲ့သူတွေက ပိုပြီးငယ်တဲ့မိန်းကလေးတွေကိုပစ်မှတ်ထားလာတယ်"ဟု ပြောသည်။

မြန်မာပြည်နယ်စပ်နှင့်နီးကပ်သော ယူနန်ပြည်နယ်ရှိ ကျေးရွာများ၏အခြေအနေသည် စီးပွားရေးတိုးတက်ပွင့်လန်းနေသောတရုပ်ပြည်၏ အခြားအစိတ်အပိုင်းများနှင့် လွန်စွာကွဲပြားခြားနားလျက်ရှိသည်။ ဒေသခံများ၏ပြောဆိုချက်အရ မြန်မာပြည်နှင့်နယ်စပ်ကုန်သွယ်ရေးမှာ ကျဆင်းလျက်ရှိပြီး ခရီးသွားလုပ်ငန်းမှာလည်း အလားတူပင်ဖြစ်သည်ဟု သိရသည်။ လခကောင်းသောအလုပ်အကိုင်ရရှိနိုင်ရန် ထောင်နှင့်ချီသောလူများသည် နှစ်စဉ် မြန်မာပြည်ကိုဖြတ်၍ ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကြသည်။

### မြောက်ကိုးရီးယားသမတ၏ တရုတ်ပြည်အလည်အပတ်ခရီး

မြောက်ကိုးရီးယားသမတ ကင်ဂျုံအီးခရီးသွားလျှင် ပို့ဆောင်နေကျပုံစံအတိုင်း မြောက်ကိုးရီးယားအထူးရထားများ တရုတ်နယ်စပ်ကိုဝင်ရောက်လာသည်ကို ဂိုလ်တုများမှတဆင့် တွေ့ရှိခဲ့သည်ဟု တောင်ကိုးရီးယားမီဒီယာများ၏အဆိုအရ သိရသည်။ အကယ်၍ ထိုသတင်းခိုင်လုံလျှင် မစ္စတာကင်၏ယခုခရီးစဉ်သည် တနှစ်အတွင်းတရုတ်ပြည်သို့ ဒုတိယအကြိမ်ခရီးစဉ်ပင်ဖြစ်သည်။

"မြောက်ကိုးရီးယားဒုံးကျဉ်စမ်းသပ်မှုပြီးကတည်းက အမေရိကန်ရဲ့ပြိုယမ်းကို စီးပွားရေးပိတ်ဆို့မှုကို တရုတ်ကသွယ်ဝိုက်ပြီးတော့ထောက်ခံနေခဲ့တယ်။ တကယ်လို့ အလည်အပတ်ခရီးစဉ်သေချာရင် ကင်မ်ဂျုံအီးကဒီကိစ္စကို စောဒကတက်ဖို့ပဲဖြစ်မယ်"ဟု ဘီဂျင်းရှိရန်မင်တက္ကသိုလ်မှ ရှီရင်ဟောင်ကပြောသည်။ တချိန်က နုတ်ခမ်းနှင့်သွားကဲ့သို့ပင် နီးစပ်သည်ဟုဖော်ပြခဲ့ကြသော တရုတ်နှင့်မြောက်ကိုးရီးယားနှစ်နိုင်ငံအကြား ယမန်နှစ်ကစတင်၍ စိတ်ဝမ်းကွဲပြားမှုလက္ခဏာများတွေ့လာရသည်။

"တရုပ်ခေါင်းဆောင်တွေက အခုအချိန်မှာ ဒေသတွင်းတည်ငြိမ်မှုကိုလိုလားနေတယ်။ မြောက်ကိုးရီးယားက ဒီတည်ငြိမ်မှုကိုခြိမ်းခြောက်နေတယ်။ တာဝန်မဲ့တွေလုပ်နေတဲ့ မြောက်ကိုးရီးယားကိုထောက်ပံ့မှုတွေထပ်မလုပ်နိုင်တော့ဘူးလို့ တရုတ်ခေါင်းဆောင်တွေ ဘယ်အချိန်မှစပြီး တွေးမလဲကျနော်မသိပါဘူး"ဟု နိုင်ငံတကာပဋိပက္ခဖြေရှင်းရေးအဖွဲ့မှ မြောက်ကိုးရီးယားအရေးကျွမ်းကျင်သူ ပီတာဘက်ကပြောသည်။

## အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်အား စကားစစ်ထိုးရန် အီရန်သမတစိန်ခေါ်

အီရန်နိုင်ငံ၏သဘောထားတင်းမာသော သမတ မိုဟာမက်အာမက်ဒီနီဂျက်က အမေရိကန်သမတဘုရှ်အား တယ်လီဗီးရှင်းမှစကားစစ်ထိုးရန် ဩဂုတ် (၂၉) ရက်နေ့က စိန်ခေါ်လိုက်သည်။



အီရန်သမတ

အီရန်၏ နယူကလီယားအစီအစဉ်ကို ရပ်တန့်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သတ်မှတ်ပေးထားသော နောက်ဆုံးရက် မတိုင်ခင်နှစ်ရက်အလိုတွင် မစ္စတာအာမက်ဒီနီဂျက်ကယခုကဲ့သို့စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

အာမက်ဒီနီဂျက်က ငြိမ်းချမ်းသောနယူကလီယားပရိုဂရမ်ဟုသူခေါ်ဆိုသည့် နယူကလီယားအစီအစဉ်ကို မည်သူမှတားဆီး၍ရနိုင်မည်မဟုတ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးကို ဖီအာနန်ပင်လျှင် တားဆီးနိုင်လိမ့်မည်မဟုတ်ဟုပြောသည်။

"မစ္စတာအာနန်လည်း နိုင်ငံတကာစည်းမျဉ်းဆိုတဲ့ဘောင်ထဲကနေ အလုပ်လုပ်ရမှာပါပဲ။ ဘယ်သူ့မှ အထူးအခွင့်အရေးမရှိပါဘူး" ဟု သူကပြောသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဩဂုတ် (၃၁) ရက်ကို အီရန်၏ယူရေနီယမ်တိုးပွားရေးအစီအစဉ်ရပ်ဆိုင်းရန် နောက်ဆုံးရက်အဖြစ်သတ်မှတ်ထားသည်။ အီရန်ကနယူကလီယားအစီအစဉ်ကိုချက်ခြင်းရပ် ဆိုင်းပစ်ရန်ဆိုသည့်အချက်ကိုပယ်ချခဲ့ပြီးထိုသတ်မှတ်သည့် နောက်ဆုံးရက်ကို တရားမဝင်ဟုဆိုသည်။

"အမေရိကန်နဲ့ ဗြိတိန်ဟာတင်းမာမှုဖြစ်ရတာတွေရဲ့ဇစ်မြစ်ပဲ။ လုံခြုံရေးကောင်စီမှာ သူတို့လုံခြုံရေးကိုကာကွယ်ရမယ်။ ဒါပေမယ့် သူတို့ကဗီတိုကိုအသုံးချရတာသဘောကျတယ်။ တယောက်ယောက်က သူတို့ကိုဆန့်ကျင်လာရင် စောဒကပြန်တက်ဖို့နေရာမရှိဘူး။ ဗီတိုအာဏာဟာ ကမ္ဘာ့ပြဿနာတွေရဲ့ ရင်းမြစ်ပဲ။ ဗီတိုဟာဂုဏ်သိက္ခာ၊ လွတ်လပ်မှုနဲ့တိုင်းနိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို စော်ကားမှုတခုပဲ"ဟုအီရန်သမတကဝေဖန်ခဲ့သည်။

ဘုရှ်အားစိန်ခေါ်မှုတွင် အာမက်ဒီနီဂျက်က စကားစစ်ထိုးရာတွင်ကမ္ဘာ့ပြဿနာများနှင့်နိုင်ငံတကာမိသားစု၏ ပြဿနာများကိုဖြေရှင်းမည့်နည်းလမ်းများကိုအာရုံထား၍ ပြောဆိုကြမည်ဟုဆိုသည်။ ထိုပြောဆိုမှုကို ဆင်ဆာဖြတ်တောက်မှုမလုပ်ဘဲ တိုက်ရိုက်ထုတ်လွှင့်ရန်သူက တောင်းဆိုသည်။

"ငြိမ်းချမ်းတဲ့နယူကလီယားစွမ်းအင်ဆိုတာ အီရန်နိုင်ငံရဲ့အခွင့်အရေးပဲ။ အီရန်နိုင်ငံဟာ နိုင်ငံတကာစည်းမျဉ်းတွေကို အခြေတည်ပြီး ဒီအစီအစဉ်ကိုရွေးချယ်ခဲ့တယ်။ အီရန်ဟာ နယူကလီယားကို အသုံးပြုချင်တယ်။ ဘယ်သူမှ ဒါကိုတားဆီးလို့မရဘူး"ဟု အီရန်သမတက သတင်းကွန်ဖရင့်တွင်ပြောခဲ့သည်။

မစ္စတာ အာမက်ဒီနီဂျက်၏ သမတဘုရှ်အားစိန်ခေါ်မှုကို အိမ်ဖြူတော်က ပယ်ချခဲ့သည်။ အီရန်သည် ထိုသတ်မှတ်နောက်ဆုံးရက်ကို မလိုက်နာလျှင် ကုန်သွယ်ရေးပိတ်ဆို့ရန် ဝါရှင်တန်ကအဆိုပြုထားသည်။

## ပဒေသာဗုံးသုံးစွဲခဲ့မှုအပေါ် အမေရိကန်က အစ္စရေးကိုစုံစမ်းစစ်ဆေးမည်



ကလပ်စတာပဒေသာဗုံး

အစ္စရေးသည် လက်ဘနွန်အရပ်သားများနေထိုင်သောနေရာများတွင် အမေရိကန်လုပ် ကလပ်စတာဗုံး (ပဒေသာဗုံး) များ သုံးစွဲခဲ့ခြင်းရှိ၊ မရှိဆိုသည်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စုံစမ်းမှုများပြုလုပ်မည်ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုက ထိုလက်နက်များကို အသုံးပြုခဲ့ခြင်းရှိ၊မရှိ။ အသုံးပြုခဲ့လျှင်မည်သို့မည်ပုံအသုံးပြုခဲ့သလဲဆိုသည်ကို စုံစမ်းမည်ဖြစ်ပြီး အမေရိကန်နှင့်လျှို့ဝှက်သဘောတူညီထားချက်များကိုချိုးဖောက်၍ ကလပ်စတာဗုံးကို အစ္စရေးကသုံးစွဲခဲ့သလားဆိုသည့်အချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

ကုလသမဂ္ဂက မပေါက်ကွဲသေးသည့် ကလပ်စတာဗုံးများကို လက်ဘနွန်တောင်ပိုင်းရှိအိမ်များ၊ ပန်းခြံများနှင့်လမ်းမများပေါ်တွင် တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ ကုလသမဂ္ဂက အစ္စရေးသည် ဟစ်ဇဘိုလာနှင့်ဖြစ်ပွားသော စစ်ပွဲနောက်ဆုံးအချိန်တွင် ကလပ်စတာဗုံးများကိုသုံးစွဲခဲ့ပြီး မပေါက်ကွဲသည့် ဗုံးငယ်ပေါင်းတသိန်းခန့် လက်ဘနွန်နယ်မြေတလျှောက်ကျဲချခဲ့သည်ဟု စွပ်စွဲခဲ့သည်။

အစ္စရေးသည် ကလပ်စတာဗုံးများ



ဗုံးငယ်လေးများပြန့်ကျဲသွားပုံ

အသုံးပြုတိုက်ခိုက်မှု (၉၀) ရာနှုန်းကို တိုက်ပွဲ၏နောက်ဆုံးအချိန် (၇၂) နာရီ၊ ကုလသမဂ္ဂက တိုက်ပွဲကိုအဆုံးသတ်ရမည်ဟု ဆုံးဖြတ်ချက်ချမည်ကို ရှင်းရှင်းလင်းလင်း သိရချိန်တွင် သုံးစွဲခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ၏ကျွမ်းကျင်သူများကဆိုသည်။ ထိုဗုံးများကို ရှင်းလင်းရန် အချိန်တနှစ်ကျော်ခန့် ကြာမည်ဖြစ်သည်။

အစ္စရေးစစ်တပ်ကမူ ၎င်းတို့သုံးစွဲခဲ့သမျှလက်နက်များသည် နိုင်ငံတကာဥပဒေ၏အောက်တွင်တရားဝင်ဖြစ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သုံးစွဲခဲ့ခြင်းဖြစ်သည်ဟုပြောသည်။

ကလပ်စတာဗုံးကို တင့်ကားနှင့်သံမဏိများကိုဖောက်ခွဲရန်သုံးစွဲလေ့ရှိသည်။ ကလပ်စတာဗုံးသည် ဗုံးဆန်အကြီးထဲတွင် ဗုံးငယ်လေးများစွာထည့်ထားပြီး ပေါက်ကွဲချိန်တွင် ထိုဗုံးငယ်လေးများသည် နေရာအနှံ့သို့ ပျံ့ကျဲ သွားသည်။ လက်ဘနွန်နှင့် ပဋိပက္ခတွင် ထိုဗုံးများကို ဟစ်ဇဘိုလာတို့ ပုန်းအောင်းနေမည်ဟုယူဆသောမြို့ပြနှင့် ကျေးလက်ဧရိယာများတွင်ပါ ကျဲချခဲ့သည်။ ဗုံးအတော်များများသည် မြေပြင်နှင့်ကျောက်ပြားခင်းလမ်းများပေါ်ကျရောက်၍ ပေါက်ကွဲခဲ့ခြင်းမရှိပေ။



ဗုံးငယ်လေးများ

# နိုင်ငံတကာ

## ထိုင်းဝန်ကြီးချုပ်တက်ခ်ဆင်ကို ဖုံးခွဲလုပ်ကြံရန် ကြိုးပမ်းမှုမအောင်မြင်


ထိုင်းဝန်ကြီးချုပ် တပ်ခ်ဆင်

ထိုင်းဝန်ကြီးချုပ် တက်ခ်ဆင်က ၎င်း၏ အိမ်အနီးတွင် အားပြင်းဗုံးတလုံးကို ရဲတပ်ဖွဲ့ကတွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ စစ်တပ်မှအရာရှိအုပ်စုတခုက ၎င်းအား လုပ်ကြံရန်ကြံစည်မှုတခုဖြစ်သည်ဟု စွပ်စွဲလိုက်သည်။

''ကားပေါ်မှာ တီအင်န်တီငါးပေါင်၊ ဂက်စ်နဲ့ရောထားတဲ့ ဓာတ်မြေဩဇာ (၁၀) အိတ်၊ စီ-(၄) ဖောက်ခွဲရေးစနက်တံ သုံးခုတွေ့ခဲ့တယ်''ဟု ရဲတပ်ဖွဲ့ဗိုလ်မှူးကြီး ဆက်သွန်းဆိုင်ဆွန်ဘွန်းက အေအက်ဖ်ပီသို့ပြောသည်။

ဗုံးတွေ့ရှိပြီး မကြာခင်တွင် စစ်တပ်မှအရာရှိတဦးကိုဖမ်းဆီးလိုက်ပြီး ဖေါက်ခွဲရေးပစ္စည်းများ တရားမဝင်ပိုင်ဆိုင်မှုဖြင့် တရားစွဲဆိုထားသည်။ ထိုင်းနိုင်ငံတောင်ပိုင်း အစ္စလာမ်စစ်သွေးကြွများကိုထောက်လှမ်းရန် မကြာခင်ကခန့်ထားသော အသက် (၄၃) နှစ်အရွယ် ဒု-ဗိုလ်သာဝက်ချိုင်းကလင်ချနာကို စစ်ဆေးမှုများပြုလုပ်နေပြီဟု ရဲတပ်ဖွဲ့က ပြောသည်။

ထိုလက်ဖတင်နင်က စွပ်စွဲချက်များကို အစောပိုင်းကငြင်းဆိုခဲ့သော်လည်း သူသည် ဖောက်ခွဲရေးပစ္စည်းများကို တရားမဝင်သယ်ဆောင်ခဲ့သည်မှာ မှန်ကြောင်း သို့သော် တက်ခ်ဆင်ကို လုပ်ကြံရန်မဟုတ်ဟု နောက်ပိုင်းတွင်ဝန်ခံခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။ တရားရင်ဆိုင်ရန်စောင့်ဆိုင်းနေစဉ် သူ့အား ဘန်ကောက်ရှိ စစ်တပ်အခြေစိုက်စခန်းတခုတွင် ထိန်းသိမ်းထားသည်။

''ဒီလုပ်ကြံမှုကိုစီစဉ်တာမှာ စစ်တပ်ကခဲ့သည်။

ဗုံးတွေ့ရှိမှုဖြင့် လူထုကိုအထိတ်တလန့်ဖြစ်စေမှုသည် နိုင်ငံရေးစတန့်ထွင်မှုတရပ်ဖြစ်နိုင်သည်ဟု ထိုင်းမီဒီယာများ၌ဖော်ပြနေမှုများကိုပယ်ဖျက်နိုင်ရန် တက်ခ်ဆင်နှင့်အခြားထိပ်တန်းခေါင်းဆောင်များက ကြိုးပမ်း လျက်ရှိသည်။

လူသိများသည့် ခေါင်းဆောင်များကို အမည်မသိတပ်ဖွဲ့တခုက လုပ်ကြံရန်အစီအစဉ်ရှိကြောင်း လုံခြုံရေးအရာရှိများက ဇွန်လကတည်းက သတိပေးခဲ့ပြီးဖြစ်သည်။

ထိုဗုံးကို ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်မဲဆန္ဒပေးပွဲဖြစ်သည့် အောက်တိုဘာ (၁၅) ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် စည်းရုံးမှုများတရားဝင်စတင်သည့်အချိန်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အသက် (၅၇) နှစ်ရှိပြီဖြစ်သည့် တက်ခ်

> တကယ်လို့ ကျုပ်ဒါကိုလုပ်ခဲ့ရင်ဝန်ကြီးချုပ် တက်ခ်ဆင်အသက်မရှိတော့ဘူးဆိုတာကို ကျုပ်အာမခံတယ်

အရာရှိသုံးဦးကနေ လေးဦးအထိပါတယ်။ အဲဒီအထဲကတချို့က အငြိမ်းစားအရာရှိတွေဖြစ်တယ်''ဟု တက်ခ်ဆင်ကပြောသည်။ ''ဒီဗုံးကို ဘယ်အုပ်စုကလုပ်သလဲ ကျနော်တို့သိတယ်။ သံသယဖြစ်တဲ့သူတွေကို ထပ်ဖမ်းမယ်။ ဒီလိုအဖြစ်အပျက်မျိုး ထိုင်းနိုင်ငံမှာဖြစ်မယ်လို့ ဘယ်တုန်းကမှမထင်ခဲ့ဘူး။ ကျနော်ဘယ်သူ့အပေါ်မှာမှ ကောက်ကျစ်တဲ့ရည်ရွယ်ချက်မရှိဘူး''ဟု သူကပြောသည်။

ဘီလျံနာဝန်ကြီးချုပ်က ဗုံးခွဲရန်ကြံစည်မှုနှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး ချမ်လောင်းဆရီမောင်အကြား ဆက်စပ်မှုတစုံတရာမရှိဟုပြောသည်။ ဗိုလ်ချုပ်ကြီးချမ်လောင်းသည် ယခုနှစ်အစောပိုင်းက ဘန်ကောက်တွင်ဖြစ်ပွားခဲ့သော တက်ခ်ဆင်ဆန့်ကျင်ရေးတွင် ဦးစီးဦးရွက်ပြုကူညီပေးခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်ကြီး ပန်လေ့ာပင်မနီး (ဒုတိယပြည်တွင်းလုံခြုံရေးအကြီးအကဲ) က ထိုလုပ်ကြံရန်စီစဉ်မှုတွင် သူ မပါဝင်ကြောင်း ''တကယ်လို့ ကျုပ်ဒါကိုလုပ်ခဲ့ရင်ဝန်ကြီးချုပ်အသက်မရှိတော့ဘူးဆိုတာကို ကျုပ်အာမခံတယ်'' ဟု သတင်းထောက်များကိုပြောဆင်သည် ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်ရန်လမ်းပေါ်ထွက်ဆန္ဒပြ၊ ကန့်ကွက်မှုများကို ယခုနှစ်အစောပိုင်းက ရင်ဆိုင်ခဲ့ရသည်။ ဧပြီလရွေးကောက်ပွဲတွင် သူ၏ထိုင်းရတ်ထိုင်းပါတီကအနိုင်ရခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်ကိုတရားရုံးကပယ်ဖျက်လိုက်ပြီးအောက်တိုဘာတွင် ရွေးကောက်ပွဲအသစ်ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထိုင်းနိုင်ငံသားများက ထပ်မံကျင်းပမည့်မဲပေးပွဲသည် နိုင်ငံရေးဗရုတ်သုကဠဖြစ်မှုများကိုအဆုံးသတ်သွားစေမည်ဟု မျှော်လင့်နေကြသည်။ ရွေးကောက်ပွဲကော်မရှင်အရာရှိတဦးသေဆုံး၍ တဦးမှာ ရာထူးမှအနားယူခဲ့ပြီး ရွေးကောက်ပွဲတွင်မမျှမတလုပ်ဆောင်ခဲ့မှုကြောင့် (၃) ဦးမှာ ဖမ်းဆီးခံထားရသည်။ ထိုလစ်လပ်သွားသောရွေးကောက်ပွဲကော်မရှင်အရာရှိငါးဦးနေရာတွင် ပြန်လည်အစားထိုးခန့်ထားခြင်းမရှိသေးပေ။

မစ္စတာတက်ခ်ဆင်က အကယ်၍ ၎င်း၏ပါတီကအနိုင်ရခဲ့လျှင် အစိုးရသစ်တွင် ဝန်ကြီးချုပ်အဖြစ် လုပ်ဆောင်ရန်ကိုလည်း အတည်ပြုပြောကြားခြင်းမရှိသေးပေ။

## သူ့အားလိင်တူချစ်သူတဦးအဖြစ်ပုံဖော်ထားသော ကာတွန်းကားကို ဆက်ဒမ်အား အစမ့်ကြည့်ရှုခိုင်း



ယခင် အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်အား စော်ကားသိက္ခာမဲ့စေသောပုံစံဖြင့် ဖန်တီးထားသောကာတွန်းရုပ်ရှင်ဖြစ်သည့် တောင်ပိုင်းပန်းခြံဇာတ်ကား

*South Park: Bigger, Longer and Uncut* ကို ဆက်ဒမ်ဟူစိန်အား အမေရိကန်ရေတပ်သားများက အတင်းအစမ့်ကြည့်ရှုစေခဲ့သည်ဟု ဗြိတိသျှသတင်းစာ *The Sun* တွင်ဖော်ပြသည်။

အမေရိကန်ရေတပ်အစောင့်များသည် ဆက်ဒမ်အား ထိုရုပ်ရှင်ကိုထပ်ခါထပ်ခါ ကြည့်ရှုစေခဲ့သည်ဟု တောင်ပိုင်းပန်းခြံ ဇာတ်လမ်းကိုဖန်တီးသူများဖြစ်ကြသော ထရေးပါကာနှင့်မက်စတုံးတို့၏ထုတ်ဖော်ပြောဆိုချက်အရ သိရှိရသည်။

ဆက်ဒမ်ကို လိင်တူဆက်ဆံသူတယောက်အဖြစ် ပုံဖော်ထားသော တောင်ပိုင်းပန်းခြံကာတွန်းဇာတ်လမ်းတွဲကို (၁၉၉၉) တွင် စတင်ထုတ်လုပ်ခဲ့ပြီး အီရတ်၌ ထိုဇာတ်ကားကိုတားမြစ်ပိတ်ပင်ခဲ့သည်။ ထိုဇာတ်လမ်းတွင် ဆက်ဒမ်အား မကောင်းဆိုးရွား၏ လိင်တူချစ်သူတဦးအဖြစ် ပုံဖော်ဖန်တီးထားပြီး မကောင်းဆိုးဝါးစေတန်နှင့်ပူးပေါင်း၍ ကမ္ဘာ ကြီးကိုတိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားသူတဦးအဖြစ် ရိုက်ကူးတင်ဆက်ထားသည်။

ဆက်ဒမ်အား အီရတ်တွင် အမေရိကန်စစ်သားအစောင့်များ၏ စောင့်ကြပ်မှုအောက်တွင်ထားရှိပြီး စစ်ရာဇဝတ်မှု၊ (၁၉၈၂) ခုနှစ်က ဒူဂျေးမြို့တွင် ရှီအိုက် (၁၄၈) ယောက်ကိုသတ်ဖြတ်ခဲ့မှု၊ ကာ့ဒ်လူမျိုးထောင်နှင့်ချီ၍ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတို့ဖြင့် တရားစွဲဆိုထားသည်။

အကယ်၍ ဒူဂျေးအစုလိုက်လူသတ်မှုကို ပြစ်ဒဏ်စီရင်ချက်ချလျှင် ဆက်ဒမ်အား သေဒဏ်ချမှတ်ရန် ဆွဲချရှေ့နေများကတောင်းဆိုကြသည်။ ရုံးတင်စစ်ဆေးမှုကို ဇူလိုင်လကုန်ခန့်ကအဆုံးသတ်ခဲ့ပြီး အောက်တိုဘာလခန့်တွင် စီရင်ချက်ချမည်ဟုယူဆရသည်။

❖

## စစ်ပွဲဖြစ်မည်ကိုသိခဲ့လျှင် အစ္စရေးစစ်သားနှစ်ဦးကို ဖမ်းရန်အမိန့်ပေးခဲ့လိမ့်မည်မဟုတ် ဟစ်ဇဘိုလာခေါင်းဆောင်ပြော

ဟစ်ဇဘိုလာခေါင်းဆောင် ရှိတ်ဟတ်ဆန်က အကယ်၍ အစ္စရေးနှင့်စစ်ပွဲဖြစ်ပွားမည့်အခြေအနေကိုသိရှိခဲ့လျှင် အစ္စရေးစစ်သားနှစ်ဦးကိုဖမ်းဆီးရန် သူအမိန့်ပေးခဲ့လိမ့်မည်မဟုတ်ဟု တီဗွီအင်တာဗျူးတခုတွင်ပြောခဲ့သည်။

''ဒီဖမ်းဆီးမှုဟာ စစ်ပွဲတခုဆီဦးတည်သွားစေမယ်လို့ (၁) ရာခိုင်နှုန်းတောင် အဲဒီအချိန်ကမစဉ်းစားခဲ့ဘူး။ တကယ်လို့များ ဇူလိုင် (၁၁) ရက်နေ့မှာ ဒီကိစ္စဟာ ဒီလိုစစ်ပွဲဖြစ်ဖို့ဦးတည်သွားလိမ့်မယ်။ ခင်ဗျားလုပ်မလားလို့မေးခဲ့ရင် ကျနော်မလုပ်ဘူးလို့ဖြေမယ်။ တကယ်လုံးဝကိုမလုပ်ဘူး'' ဟု လက်ဘနွန်တီဗွီနှင့်အင်တာဗျူးတွင် ပြောသွားခဲ့သည်။

ဇူလိုင် (၁၂) ရက်နေ့က ဟစ်ဇဘိုလာပျောက်ကျားများက အစ္စရေးစစ်သားသုံးဦးကိုသတ်ဖြတ်ခဲ့၍ နှစ်ဦးကိုဖမ်းဆီးသွားပြီး အစ္စရေးတို့ဖမ်းဆီးထားသည့် ဟစ်ဇဘိုလာများနှင့်လဲလှယ်ရန် တောင်းဆိုခဲ့သည်။

ဟစ်ဇဘိုလာခေါင်းဆောင်က သူ၏အဖွဲ့နှင့် အစ္စရေးအကြား အကျဉ်းသားလဲလှယ်ရေးအတွက် ဆက်သွယ်မှုများစတင်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် အီတလီသည် အစ္စရေးနှင့်လက်ဘနွန် အကျဉ်းသားလဲလှယ်ရေးကြားဝင်ဖြန်ဖြေရန် ဆက်သွယ်မှုများပြုလုပ်နေပြီဟုပြောသည်။ အစ္စရေးအရာရှိများကမူ အကျဉ်းသားလဲလှယ်ရေးအလားအလာနှင့်ပတ်သက်၍ တစုံတရာဝေဖန်ချက်ပေးရန်ငြင်းဆိုသည်။ စစ်တပ်အရာရှိများ၏ ယခုလ အစောပိုင်းပြောဆိုချက်အရ အစ္စရေးသည် ဟစ်ဇဘိုလာ (၁၃) ဦးကိုဖမ်းဆီးထားပြီး ပျောက်ကျားတို့ရုပ်အလောင်း ဒါဇင်ပေါင်းများစွာရှိသည်ဟု သိရသည်။


ဟစ်ဇဘိုလာခေါင်းဆောင်
ရှိတ်ဟတ်ဆင်

အစ္စရေး-လက်ဘနွန်စစ်ပွဲစတင်သည့် ပထမနေ့မှစ၍ နာစရာလာသည် ပုန်းအောင်းနေခဲ့ပြီး သူဘယ်တွင်ရှိသည်ကိုမသိရပေ။ ယခု သူပုန်းအောင်းနေသည့်နေရာကို အစ္စရေးတို့သိရှိလျှင် သူ့အားသတ်ရန် လက်နှေးလိမ့်မည်မဟုတ်ဆိုသည်ကို သူသံသယမရှိကြောင်း အင်တာဗျူးတခုတွင်ပြောသည်။

နာစရာလာက အစ္စရေးနှင့်လက်ဘနွန်ကြား ဒုတိယအကြိမ်တိုက်ပွဲများဖြစ်ပွားဦးမည်ကိုသူ မယုံကြည်ကြောင်း ''လက်ရှိအစ္စရေးရဲ့အခြေအနေနဲ့ ရရှိတဲ့အချက်အလက်တွေအရ နောက်ထပ်စစ်ပွဲဖြစ်မယ့်အနေအထားမရှိပါဘူး'' ဟု ပြောသည်။ အစ္စရေး-လက်ဘနွန် (၃၄) ရက်ကြာစစ်ပွဲတွင် လက်ဘနွန် (၁၁၀၀) ကျော်သေဆုံးခဲ့ရပြီးအစ္စရေးဖက်တွင်စစ်သား (၁၁၆) ဦးနှင့် အရပ်သား (၄၃) ဦးသေဆုံးခဲ့ရသည်ဟုသိရသည်။

> ''ဒီဖမ်းဆီးမှုဟာ စစ်ပွဲတခုဆီဦးတည်သွားစေမယ်လို့ (၁) ရာခိုင်နှုန်းတောင် အဲဒီအချိန်ကမစဉ်းစားခဲ့ဘူး။ တကယ်လို့များ ဇူလိုင် (၁၁) ရက်နေ့မှာ ဒီကိစ္စဟာ ဒီလိုစစ်ပွဲဖြစ်ဖို့ ဦးတည်သွားလိမ့်မယ်။ ခင်ဗျားလုပ်မလားလို့မေးခဲ့ရင် ကျနော်မလုပ်ဘူးလို့ဖြေမယ်။ တကယ်လုံးဝကိုမလုပ်ဘူး''

❖

# သမိုင်းသင်ခန်းစာများနဲ့ စစ်အုပ်စုမင်းဆက်



ဗသြ

တိုင်းပြည်မှာ ဆန်ပြတ်နေပြီ။ ဗိုလ်ချုပ်တွေက ကြပ်ပြေးမှာရွှေတိဂုံနဲ့တတန်းတည်း စေတီကြီးတည်ဖို့ပြင်ဆင်နေတယ်။

အနယ်နယ်အရပ်ရပ်မှာ ရေကြီးလို့ ရေဘေးဒုက္ခသည်တွေ နေစရာမရှိဖြစ်နေတယ်။ ဗိုလ်ချုပ်ကြီးတွေက ကြပ်ပြေးမှာ ရုံးသစ်၊ တိုက်သစ်တွေဆောက်နေတယ်။

ကျောင်းသားတွေက လောင်စာဆီဈေးတက်လို့ ကျောင်းကိုခြေလျင်လျှောက်ပြီးဆန္ဒပြနေကြချိန်မှာ ဗိုလ်ချုပ်တွေက လောင်စာဓာတ်ငွေ့တွေ ပြည်ပကိုရောင်းဖို့အတွက် ဥဒဟိုခရီးထွက်နေကြတယ်။

နအဖဟာ ဘုရားကုရော၊ စစ်ကုရောနဲ့ ကိုယ့်အာဏာကာကွယ်ရေးကို ပြင်ဆင်နေတယ်။ တကယ်တော့ သူတို့ဟာ တပ်မတော်ရဲ့ဖခင်အရင်း (ဗိုလ်ချုပ်အောင်ဆန်း) ကိုလည်း ပုန်ကန်ခဲ့ပြီးပြီ။ မွေးစားဖခင် (ဗိုလ်နေဝင်း) ကိုလည်း ပစ်ပယ်လိုက်ပြီ။ ဗိုလ်စောမောင်တို့၊ ဗိုလ်ခင်ညွန့်တို့လိုဟာတွေကတော့ အမှိုက်ခြင်းထဲမှာ။ များမှများ။ ဒီနောက်–ရန်ကုန်မြို့တော်ကိုလည်း စွန့်ပစ်လိုက်ပြီ။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးတို့တတွေ ရေဗူးပေါက်နဲ့ပဲ ရေပါအောင်သယ်မယ်လို့ သန္နိဋ္ဌာန်ချထားကြတာ ရှင်းနေတယ်။ ဘနဖူးသိုက်တူးသလို ရန်ကုန်က သမိုင်းဝင်အဆောက်အဦတွေကိုလည်း တခုပြီးတခုရောင်းစားနေကြတယ်။ သမိုင်းနဲ့ သေခန်းပြတ်ဖြတ်ချင်ကြသလား မသိဘူး။ ပြီးခဲ့တဲ့ သမိုင်းကြွေးတွေထဲက သူတို့ဘယ်လိုပဲ လွတ်အောင်ကြိုးစား၊ ကြိုးစား၊ သမိုင်းသစ်ကလည်း သူတို့ကိုလုံးဝညှာတာမှာ မဟုတ်ဘူး။

စစ်အစိုးရဟာ တိုင်းပြည်မှာ (၂၄) နာရီလျှပ်စစ်မီးရအောင်လုပ်နိုင်ရင် တနိုင်ငံလုံးစီးပွားရေးကို ထိုးတက်လာစေမယ်ဆိုတာ မသိတာမဟုတ်ဘူး။ သိတယ်။ ဒါပေမယ့် သူတို့ဟာ တိုင်းပြည်ကိုမှောင်ချထားပြီး ငြိမ်နေ၊ ဝပ်နေ၊ ပိနေ၊ ပြားနေအောင်ပဲလုပ်နေကြတယ်။ လမ်းတံတားတွေဆောက်တယ်၊ အားလုံးဟာ စစ်ရေးအတွက်၊ ဒါမှမဟုတ် ယတြာချေဖို့အတွက်သာဖြစ်တယ်။ အဲဒီအလုပ်တွေနဲ့ကပ်လျက်က သူတို့နဲ့သူတို့သားသမီးတွေ၊ အပေါင်းအသင်းတွေ စားပေါက်ရဖို့။ လူထုကိုကျတော့ ဂျပန်ခေတ်တုန်းက ဂျပန်တွေပဲဗန်းကို မှောက်ချလိုက်၊ ပြန်ကောက်ခိုင်းလိုက်နဲ့ လူထုကို အလုပ်ပေးထားသလို နအဖကလည်း လူထုကို ကြက်ဆူပင်နဲ့ပဲ လုံးချာလိုက်နေအောင်ခိုင်းထားတယ်။

သူတို့ဟာ "လူထုကို စည်းကမ်းရှိတဲ့လူထုဖြစ်အောင်" ပုံသွင်းတယ်။ အနုရော အကြမ်းရော၊ နည်းပေါင်းစုံပဲ။ ဒါ ဂျပန်ဖက်ဆစ်တွေရဲ့ တွေးတောစဉ်းစားနည်းနဲ့ လုပ်နည်းပဲ။ နောက်ဆုံးတော့ ဂျပန်ကို တော်လှန်ရေးနည်းနဲ့ပဲ ဖြေရှင်းပစ်လိုက်ရတယ်။ နအဖစစ်အုပ်စုရော။

ဗမာပြည်မှာ ဂန္ထဝင်သမိုင်းကို ကုလားကျမင်းနဲ့ စဖော်ပြလေ့ရှိတယ်။ ကိုယ့်အဖေကိုသတ်ပြီး နန်းတက်ဘုရားတည်တဲ့မင်းပဲ။ မင်းဆရာ ပုံ့သကူဆရာတော်ကတောင် စိတ်မကြည်လို့ သီဟိုဠ်ကိုကြွသွားတယ်။ နောက်ကျတော့ ဒီမင်းဟာ ကုလားလုပ်ကြံခံရပြီး သေတာပဲ။ ကုလားကျဆိုတဲ့ အင်မတန်ကြက်သရေမရှိတဲ့ နာမည်နဲ့သမိုင်းတွင်ရတယ်။

နရသီဟပတေ့ကတော့ တမျိုး။ သူက မင်းစည်းစိမ်ခံတယ် (ဟင်းပွဲသုံးရာ ပွဲတော်တည်တယ်ဆိုတဲ့မင်းလေ)၊ ပညာရှိတွေကိုနှိပ်ကွပ်တယ် (ရာဇသင်္ကြန်အမတ်ကိစ္စကြည့်ပါ)။ သူက အိမ်နီးနားချင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မစပ်စု၊ မသိ၊ တံခါးပိတ်၊ နားပိတ်နေတဲ့ဘုရင်။ တရုတ်ပြည်တွင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူမသိဘူး။ ပြင်ဆင်မှုမရှိဘူး။ ဂျင်ဂျစ်ခန်တို့ မွန်ဂိုတွေက တရုတ်တပြည်လုံးကို အရှိန်အဟုန်နဲ့သိမ်းပိုက်နေတာ။ အဲဒီကနေ အဖျားခတ်ပြီး "တရုတ်လာသည် ဖြိုင်ဖြိုင်လော" ဆိုသလို ပုဂံကိုရောက်ချလာတယ်။ ပြေးရတာပဲ။ လာပြန်ပြီနောက်တယောက်– တရုတ်ပြေးမင်းတဲ့။ သမိုင်းရိုင်းပါဘိ။

ဘုရင့်နောင်သားတွေလည်း သမိုင်းမကောင်းဘူး။ အင်းဝ၊ ပင်းယ၊ စစ်ကိုင်းဆိုပြီး သုံးပြည်ထောင်ဖြစ်ကုန်ခဲ့တယ်။ တိုင်းပြည်တကွဲတပြားဖြစ်ကုန်တာ။ သမိုင်းမှာ တောင်ငူမင်းဆက်၊ တောင်ငူခေတ်ဆိုတာလည်း ပြတ်သွားရတယ်။

ကုန်းဘောင်ဆက် နောက်ပိုင်းလည်း စိတ်ပျက်စရာကောင်းတာပဲ။ အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲရှုံးတဲ့အခါမှာ နန်းလုကြတယ်။ မြို့တော်ပြောင်းတယ်။ ဗန္ဓုလမရှိတော့လို့ မယ်နုဂိုဏ်းကဩဇာကျတယ်။ သာယာဝတီမင်းသားတို့က နန်းလုရဲ့တာ။ အင်္ဂလိပ်က ကိုယ့်နယ်မြေသိမ်းတာ အရေးမကြီးဘူး၊ ဗန္ဓုလသေတာ ကိုယ့်အတွက်အချက်ပဲဆိုတဲ့ အတွေးအခေါ်က လာတာဖြစ်တယ်။

မင်းတုန်းကလည်း နေပြည်တော်သစ်တည်တယ်။ မဟာမြတ်မုနိကိုယ်တော်ကြီးကို နေရာရွှေ့ယူတယ်။ ဒီအချိန်မှာ ဒုတိယ အင်္ဂလိပ်–ဗမာစစ်ပွဲမှာ အလွယ်နဲ့အောင်နိုင်လိုက်တဲ့အင်္ဂလိပ်ဟာ တပြည်လုံးကို သိမ်းဖို့ကြံနေသလို နန်းပြင်က လူထုကြားမှာလည်း တိုင်းပြည်ပျက်သလို ဖြစ်ချင်တိုင်းဖြစ်နေတယ်။ "မြမန်းဂီရိသေလာတောင်" ကို နားထောင်လိုက်ရင်တော့ နန်းတွင်းမှာ အစစအရာရာ ချောမောပြေပြစ်နေတာပဲ။ တကယ် ကပြောင်းပြန်။ မင်းတုန်းမင်းလည်း သေရော နန်းတွင်းမှာ သွေးချင်းသားချင်းတွေကို သတ်ဖြတ်ကုန်ကြတော့တာပဲမဟုတ်လား။ တချို့လည်း အမျိုးသားရန်သူတွေဖြစ်တဲ့ အင်္ဂလိပ်နဲ့ပြင်သစ်ဆီပြေးဝင်တယ်။ ဒီနေ့စကားနဲ့ဆိုရင် နိုင်ငံရေးခိုလှုံတယ်ပေါ့။ နောက်ဆုံးတော့ အင်္ဂလိပ်က ခပ်လွယ်လွယ်ပဲ တပြည်လုံးကိုရသွားတယ်။ တပြည်လုံးကျွန်ဖြစ်တာကို အနှစ် (၆၀) ကျော် ပြန်တိုက်ကြမှာ သူ့ကျွန်ဘဝက လွတ်မြောက်တယ်။

ဗိုလ်သန်းရွှေတို့ စစ်ဗိုလ်ချုပ်တွေ အခုလုပ်နေပုံတွေဟာ အဲဒီသမိုင်းမှာ တရားခံလိုဖြစ်ခဲ့တဲ့ ဘုရင်တွေထဲက ဘယ်သူနဲ့တူသလဲ။ ကုလားကျမင်းလား၊ သာယာဝတီမင်းလား၊ မင်းတုန်းမင်းလား။

ဗိုလ်နေဝင်းကတော့ တရုတ်ပြေးမင်းတုန်းက ရှင်ဒိသာပါမောက်လုပ်တဲ့ အလုပ်မျိုးကို သူကိုယ်တိုင်လုပ်ခဲ့တယ်။ နအဖကလည်း ရှင်ဒိသာပါမောက်အများအပြားကို ချောင်းပေါက်မတတ်လွှတ်နေတယ်။ ဒါပေမယ့် မကယ်နိုင်ခဲ့ဘူး။ အရာဝတ္ထု၊ ဒါမှမဟုတ် အရာကိစ္စများရဲ့ပဋိပက္ခကို အဆုံးအဖြတ်ပေးတာဟာ အတွင်းပိုင်းအကြောင်းရင်းတွေဖြစ်တယ်။ အပြင်ပိုင်း အကြောင်းရင်းမဟုတ်ဘူး။ အပြင်ပိုင်း အကြောင်းရင်းဟာ သာမညအခန်းပဲပါတယ်။

ကြပ်ပြေးကို နေပြည်တော်တည်တဲ့ ဗိုလ်သန်းရွှေရော။ သူ့ကံကြမ္မာဟာ ကုလားကျမင်း၊ ဒါမှမဟုတ် သာယာဝတီမင်း၊ ဒါမှမဟုတ် မင်းတုန်းမင်း– ဘယ်မင်းရဲ့ကံကြမ္မာမျိုးဆိုက်ရမယ်ဆိုတာ မကြာခင်မှာတွေ့ရတော့မယ်။

ဒါပေမယ့် အဲဒီမင်းတွေလုပ်ခဲ့သလို သူတို့ကျတာနဲ့ တိုင်းပြည်တကွဲတပြားဖြစ်တာ၊ သူ့ကျွန်ဖြစ်တာတို့ကိုတော့ အဖြစ်ခံလို့မရဘူး။ ဒါကို ဒီနေ့အခါမှာ အနာဂတ်ကိုမျှော်ပြီး လှုပ်ရှားနေသူပါတယ်ဆိုသူတွေ သေချာသတိထားရမယ်။ နို့မို့ရင် ကိုယ်ပါရောပြီး သမိုင်းတရားခံဖြစ်သွားမှာ။

ဗသြ

# ကျိုး ပဲ့နေသောပန်းကန်တစ်ချပ်



သား က ကျောင်း ဆရာ လုပ် တော့
အ မေ က အ မွေ ဖြတ် တယ်
အ ဖေ က မြင်း လှည်း မောင်း တော့
သား က ဗျာ ရေး တယ်
လွတ်လပ်စွာကွဲလွဲပြီး
ကွဲလွဲ ရင်း က ပေါင်း စပ် နိုင် ဖို့
ငါတို့မှာ လျှပ်စစ်မီး မရှိသေး ဘူး ။

သမီး ကသီချင်း ဆို တော့
အ ဖေ က အ မွေ ဖြတ် တယ်
အ မေ က မင်း သမီး လုပ် တော့
သား က ဂျာ နယ် လစ် တဲ့
ကွဲလွဲ ရင်း ပေါင်း စည်း ဖို့
ငါတို့မှာ မျက်လုံး မပွင့် သေး ဘူး ။

သား သမီး က သီချင်း ရေး တော့
မိဘ က လမ်း ကြောင်း ပေး တယ်
မိဘ က အသည်း ကွဲ နေ လေ တော့
သား သမီး တွေ ရေး ရ မှာ
"အသည်း ကွဲ နေ သော လမ်း ကြောင်း သစ်"
သီချင်း တဲ့ လား
စောင်း ဆရာ ဖြစ် ရ တာ ငြီး နေ ပေါ့၊

ထူးသာဦး

# နိုင်ငံရေးအကျဉ်းသူတဦး ထောင်တွင်း၌သေဆုံး

ရှစ်လေးလုံးအရေးတော်ပုံတွင် ပါဝင်မှုကြောင့် တသက်တကျွန်း ထောင်ဒဏ်ချမှတ်ခံထားရသော နိုင်ငံရေးအကျဉ်းသူ ဒေါ်ညွန့်ရင်သည် ပြီးခဲ့သည့်လအတွင်းက အင်းစိန်ထောင်၌ သွေးအန်သေဆုံးသွားကြောင်းသိရသည်။ အသက် (၆၀) အရွယ် ဒေါ်ညွန့်ရင်ကို ထောင်ဝင်စာတွေ့ခွင့်ပိတ်ထားသဖြင့် သေဆုံးသွားသောနေ့ရက်ကို အတိအကျမသိရဘဲ (၁၇) ရက်နေ့က သဂြိုလ်လိုက်ကြောင်းသာ သိလိုက်ရကြောင်း ထောင်သတင်းရက်ကွက်ကိုကိုးကား၍ ဒီဗွီဘီ သတင်းကဆိုသည်။

ဒေါ်ညွန့်ရင်သည် (၁၉၈၈) ခုနှစ်က ပုဒ်မ (၁၂၂–၁) ဖြင့် သေဒဏ်ချမှတ်ခံခဲ့ရပြီး နောက်ပိုင်းတွင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် တသက်တကျွန်းထောင်ဒဏ်သို့ပြောင်းလဲသတ်မှတ်ခံခဲ့ရသည်။ ၎င်းကို လွန်ခဲ့သော တလက ကျန်းမာရေးမကောင်း၍ ထောင်ဆေးရုံတင်လိုက်ရပြီး ယခုကဲ့သို့သွေးအန်သေဆုံးသွားခြင်းဖြစ်သည်။❖

[redacted]

သွားတယ်။ အဲဒီလို တည်ငြိမ်တဲ့ အိန္ဒြေမျိုး၊ ပြောင်မြောက်တဲ့သတ္တိမျိုးနဲ့ အလုပ်လုပ်နိုင်တဲ့ပုဂ္ဂိုလ်တွေ ကျနော်တို့ပြည်သူတွေထဲက အလ္ဘာမရွေး လူတန်းစားမရွေးထဲက များများပေါ်လာဖို့လိုတယ်လို့ ကျနော်ယူဆတယ်။ အဲဒီလို အပြိုင်းအရိုင်းကြီးထွားလာကြမယ်ဆိုလို့ရှိရင် ကျနော်တို့တွေရဲ့လှုပ်ရှားမှုတွေဟာ လူတစုရဲ့လှုပ်ရှားမှုလို့လည်း ပြောလို့မရဘူး။ နိုင်ငံရေးသမားတွေချည်းလုပ်နေတဲ့ကိစ္စပါလို့လည်း ပြောလို့မရတော့ဘူး။ ပြည်သူလူထုတရပ်လုံးရဲ့လှုပ်ရှားမှုဖြစ်သွားပြီ။

ပြည်သူလူထုတရပ်လုံးရဲ့ လှုပ်ရှားမှုဖြစ်သွားပြီဆိုတဲ့အခါမှာ ကျနော်တို့ မြတ်မြတ်နိုးနိုးတောင့်တနေတဲ့ တိုင်းပြည်အပြောင်းအလဲ စနစ်အပြောင်းအလဲကိုရလာမယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ရောက်သွားပါလိမ့်မယ်။''

ပြီးတော့ John Humphrey Freedom ဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ Jean Louis Roy ကလည်း အခုလို မှတ်ချက်ပေးထားပြန်ပါတယ်။

'' ဒီအမျိုးသမီးဟာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံစစ်အစိုးရကို သူမရဲ့ သတ္တိ၊ ဇွဲတ္တိရှိမှုကိုပြတ်ပြတ်သားသား ပြသလိုက်တဲ့အတွက်ပါပဲ။ ဒီနှစ်ရွေးရတာ ရွေးစရာကောင်းတဲ့အရာတွေအများကြီးထဲက ရွေးရတာဖြစ်ပါတယ်။ အာဖရိက၊ တောင်အမေရိက နောက်ပြီး ကမ္ဘာတဝှမ်းကပေါ်လာတဲ့ ရွေးစရာဖြစ်စဉ်ကောင်းတွေအများကြီးရှိပါတယ်။ အဲဒီကြားကပဲ မစုစုနွေးကို အားလုံးကရွေးချယ်လိုက်ကြတာပါ။''

(၈)

အားလုံးက ဆုရွေးချယ်ရေးအဖွဲ့က နိုင်ငံတကာက အဲဒီလိုမြင်နေကြတဲ့အခိုက်မှာ သူမကိုယ်တိုင်ရဲ့ အမြင်ကိုလည်း ကျနော်အကဲခတ်ကြည့်မိတယ်။

''ကျမတို့ မြန်မာလူမျိုးတွေအချင်းချင်း နှိပ်ကွပ်ပြီးတော့ အနိုင်ကျင့်နေတာအားလုံးကို ကျမအနေနဲ့ပေါ့နော် အနိုင်ကျင့်နေတာကို အနိုင်ကျင့်နေပါတယ်လို့ ထောက်ပြတာ၊ မှားတာကို မှားတယ်လို့ ထောက်ပြတာ ဘယ်သူကိုမှ စော်ကားတာမဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ ပုတ်ခတ်တာလည်းမဟုတ်ပါဘူး။ ကျမတို့ ဒါလေးပြောလို့ ဒါလေးလုပ်လို့ ကျမတို့ကိုဖမ်းတာ၊ ကျမတို့ကို ထောင်ချတာ။

ကျမတို့ကို သူတို့ထောင်ချရင် ကျမတို့ရဲ့ခန္ဓာကိုယ်ကိုပဲ ထောင်ချလို့ရမယ်၊ ကျမတို့ရဲ့စိတ်ဓာတ်နဲ့အားမန်ကို ထောင်ချလို့မရဘူး၊ မြန်မာပြည်သူပြည်သားတွေရဲ့ နိုင်ငံရေးစိတ်ဓာတ်ကိန်းအောင်းနေတဲ့ အဲဒီစိတ်ဓာတ်နဲ့ အားမန်တွေကို သူတို့ ရိုက်ချိုးလို့လည်း မရပါဘူး။ ညှင်းပန်းနှိပ်စက်လို့လည်း မရပါဘူး။''

(၉)

သူမ ပြောသလိုပါပဲ။

ကိုယ့်အခွင့်အရေးကို ကိုယ်ကိုယ်တိုင်ပဲ တိုက်ယူကြရမှာပါ။

ကျနော်တို့ ကြောက်နေကြတယ်ဆိုရင်တောင် သူမပြောသလို မျက်စိမှိတ်ပြီး မကြောက်ကြပဲ၊ မျက်စိဖွင့်ပြီး ကြောက်ကြရပါလိမ့်မယ်။ ပြီးတော့ အဲဒီကြောက်စရာကောင်းလောက်အောင် မဲမှောင်နေတဲ့ အခြေအနေအောက်ကပဲ ကိုယ့်ကိုယ်ကိုယ်အားကိုးပြီး ဖောက်ထွက်ကြရမှာပါ။

မျက်စိစုံမှိတ်ပြီး ခေါင်းငုံ့ခံနေသူများအဖို့တော့ ကယ်တင်ရှင်ဆိုတာ ပေါ်လာလိမ့်မယ်မဟုတ်ဘူး။

ကယ်တင်ရှင်ဟာ ကိုယ်ကိုယ်တိုင်ပဲဖြစ်တယ်ဆိုတဲ့တရားကို မစုစုနွေးက ရဲရင့်တည်ကြည်စွာပဲ ရှေ့တန်းကနေ ထူဆောက်ပြနေပါပြီ။ အခု သူမရရှိလိုက်တဲ့ John Humphrey Freedom ဆုဟာ သူမ ချီတက်ရာလမ်းကြောင်းမှာ သူမနဲ့ သူမချစ်တဲ့ မြန်မာပြည်သူတွေအတွက် တောင်ဝှေးတချောင်း၊ မီးတိုင်တခု အမှန်ဖြစ်ပါလိမ့်မယ်။

ဇွန်မိုင်း
၂၀၀၆–၀၉–၀၂

# မာဒါကာဖလားတွင် မြန်မာအသင်းဗိုလ်စွဲ



(၃၈) ကြိမ်မြောက် မာဒါကာဖလား၊ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာက အင်ဒိုနီးရှားကို (၂–၁) ဖြင့် အနိုင်ရကာ (၃၅) နှစ်ကြာဆုံးရှုံးနေသော မာဒါကာဖလားကို ယမန်နေ့က ပြန်လည်ရှိလိုက်ပြီဖြစ်သည်။

မြန်မာအသင်းသည် (၁၉၇၁) ခုနှစ်ကလည်း အင်ဒိုနီးရှားကို (၁–၀) ဖြင့် အနိုင်ယူခဲ့သည်။

ကမ္ဘာ့ဘောလုံးအသင်း (ဖီဖာ)၏ ဘောလုံးအဆင့်သတ်မှတ်ချက်တွင် နံပါတ် (၁၆၄) ဖြစ်သော မြန်မာသည် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းများကိုဖြတ်ကျော်၍ မာဒါကာဖလားကို ယခုကဲ့သို့ ပြန်လည်ရရှိလိုက်ခြင်းဖြစ်သည်။

ကွာလာလမ်ပူမြို့ ရှာအလမ်အားကစားကွင်း၌ မြန်မာစံတော်ချိန်ညနေ (၇–၃၀) တွင်စတင်သော အကြိတ်အနယ်ပြိုင်ပွဲတွင် ပထမပိုင်းတွင် မည်သူ့မည်သူမှ ဂိုးမသင်းနိုင်ဘဲဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် (၆၁) မိနစ်၌ ပထမဂိုးကို ကျော်သူရက ညာဘက်ထောင့်ကန်မှတဆင့် သွင်းယူခဲ့သည်။ ထို့နောက် (၈၅) မိနစ်တွင် စိုးမြတ်မင်းက နောက်ထပ်တဂိုးခေါင်းတိုက်သွင်းယူခဲ့သဖြင့် မြန်မာက (၂) ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ပွဲမပြီးခင် (၃) မိနစ်အလိုတွင် အင်ဒိုနီးရှား အသင်းက ချေပဂိုးတဂိုပြန်လည်သင်းယူခဲ့သဖြင့် မြန်မာက (၂–၁) ဖြင့် အင်ဒိုနီးရှားကိုအနိုင်ယူခဲ့ကာ မာဒါကာဖလားကို အရယူလိုက်ခြင်းဖြစ်သည်။

(၁၉၆၁၊ ၁၉၆၂၊ ၁၉၆၉) ခုနှစ်တို့တွင် မာဒါကာဖလားချန်ပီယံဖြစ်ဖူးသော အင်ဒိုနီးရှားအသင်း၏ဖီဖာဘောလုံးအဆင့် (၁၄၆) ဖြစ်သည်။ နောက်ဆုံး လေးသင်းပတ်လည်ပွဲတွင် အင်ဒိုနီးရှားသည် မလေးရှားကို (၁–၁) သရေကစားခဲ့ပြီး၊ နာမည်ကြီးထိုင်းအသင်းကို (၁–၀) ဖြင့် အနိုင်ယူခဲ့သော အသင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို (၂–၁) ထိုင်းကို (၂–၂) သရေနှင့် အင်ဒိုနီးရှားကို ဂိုးမရှိသရေကစားခဲ့သည်။

ဗိုလ်စွဲသွားသော မြန်မာအသင်းသည် အမေရိကန်ဒေါ်လာတသောင်းဖြင့် မျက်နှာပန်းလှမည်ဖြစ်ပြီး၊ အင်ဒိုနီးရှားက ဒေါ်လာ (၅) ထောင်ဖြင့် အိမ်ပြန်ရမည်ဖြစ်သည်။ မြန်မာသည် (၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁) ခုနှစ်တွင် မာဒါကာဖလားသုံးကြိမ်ရဖူးသော မြန်မာသည် ယခုအကြိမ်နှင့်ဆိုလျှင် (၄) ကြိမ်ရှိသွားပြီးဖြစ်သည်။

မာဒါကာဖလားကို မလေးရှားနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် မလေးရှားက အိမ်ရှင်နိုင်ငံအဖြစ် နှစ်စဉ်လက်ခံကျင်းပခြင်းဖြစ်သည်။❖

# မြန်မာအလုပ်သမားများ မှတ်ပုံတင်ပြန်ယူရန် မလွယ်ကူ ထိုင်းအစိုးရ၏အစီအစဉ်သစ် လက်တွေ့တွင်အခက်အခဲရှိ

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားထက်ဝက်ကျော်တွင် မြန်မာနိုင်ငံသားမှတ်ပုံတင်ကတ်မရှိသည့်အတွက် ထိုင်းတွင် တရားဝင်အလုပ်သမားဖြစ်ရန် သက်ဆိုင်ရာမိခင်နိုင်ငံမှ ထောက်ခံချက်ယူခိုင်းသည့်ထိုင်းအစိုးရ၏ အစီအစဉ်ကို မြန်မာအလုပ်သမားများလိုက်နာရန် အခက်အခဲများရှိကြောင်း ထိုင်း–မြန်မာနယ်စပ်ရှိ အလုပ်သမားများအရေး ကူညီဆောင်ရွက်နေသည့် ရောင်ခြည်ဦး အလုပ်သမားအဖွဲ့က ပြောကြားသည်။

အမျိုးသားမှတ်ပုံတင်မရှိသေးသည့် မြန်မာအလုပ်သမားများက အစိုးရထံမှ ထောက်ခံချက်ယူရမည်ဆိုပါက မှတ်ပုံတင်လိုအပ်ကြောင်း၊ ထို့ပြင် မြန်မာအာဏာပိုင်များသည် မှတ်ပုံတင်ထုတ်လုပ်ပေးရာတွင် အလွန်ပင်နှေးသောကြောင့် အလုပ်သမားများ၏ငွေကြေးနှင့် အချိန်ကိုများစွာထိခိုက်ကြောင်း ရောင်ခြည်ဦးရုံးတာဝန်ခံဦးချက်ကြီးက ပြောသည်။

ထိုင်းအစိုးရက အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော တရားမဝင်အလုပ်သမားများကိုတားဆီးနိုင်ရန် ယင်းအလုပ်သမားများ၏ နိုင်ငံအစိုးရများထံမှ နိုင်ငံသားဖြစ်ကြောင်း ထောက်ခံချက်ကိုရယူစေကာ တရားဝင်အလုပ်သမားများဖြစ်ရန် စီစဉ်ပေးခြင်းဖြစ်သည်။

ထိုင်းနှင့်နအဖစစ်အုပ်စုတို့၏ သဘောတူညီမှုအရ မြန်မာအာဏာပိုင်များက ၎င်းတို့၏နိုင်ငံသားအလုပ်သမားများအတွက် စီစစ်ထောက်ခံသည့်စခန်းကို မွန်ပြည်နယ် မော်လမြိုင်တွင်ဖွင့်လှစ်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရသည့် အလုပ်သမားများသည် ၎င်းတို့၏ အလုပ်သမားကတ်ကို သက်တမ်းတိုးရန် နှစ်စဉ်တဦးလျှင် ဘတ် (၁၈၀၀) နှင့် ဗီဇာခအတွက် ဘတ် (၅၀၀) ပေးဆောင်ရမည်ဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာခရီးသွားခွင့်အပါအဝင် ထိုင်းအလုပ်သမားများနှင့် တန်းတူအခွင့်အရေးများရရှိမည်ဖြစ်ကြောင်း ယခင်လ ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံတွင် လာအိုအလုပ်သမား (၁၃,၈၃၀) နှင့် ကမ္ဘောဒီးယားအလုပ်သမား (၁၂,၆၉၄) ဦးတို့သည် နိုင်ငံသားဖြစ်ကြောင်း ထောက်ခံချက်ဖြင့် တရားဝင်အလုပ်သမားများဖြစ်လာခဲ့သည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

❖

# ဒုက္ခသည်များ စက်တင်ဘာ (၁၆) ရက်နေ့မှစတင် စခန်းဝင်ရမည်

ဒုက္ခသည်များ စခန်းဝင်ရေးအတွက် ဇူလိုင်လအတွင်းကစတင်သော ထိုင်းအစိုးရ၏နောက်ဆက်တွဲအစီအစဉ်ကို ယနေ့ ဩဂုတ် (၃၀) နေ့တွင် ထပ်မံကြေညာလိုက်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ သက်ဆိုင်သူများသို့ အီးမေးဖြင့် အကြောင်းကြားစာပေးပို့ရာတွင် ဒုက္ခသည်များကို စက်တင်ဘာ (၁၆) ရက်နေ့မှ (၃၀) အတွင်း နေ့စဉ်အသုတ်လိုက်စခန်းသွင်းတော့မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒုက္ခသည် အားလုံးကို နို့ဖိုးနှင့်အုန်းဖျန် ဒုက္ခသည်စခန်း (၂) ခုတွင် နေရာချထားမည်ဖြစ်ကြောင်း ဖော်ပြထားသောအကြောင်းကြားစာတွင် အသုတ်လိုက်ထွက်ခွာရမည့်နေ့ရက်များနှင့် NI နံပါတ်များကို မဲဆောက်ရှိ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဆက်လက်ကြေညာပေးသွားမည်ဟုဆိုသည်။

ယခုအစီအစဉ်အားလုံးကို တက်ခရိုင်အာဏာပိုင်များက စီစဉ်ခြင်းဖြစ်ပြီး ကျန်းမာရေးမကောင်း၍ UNHCR သို့အကြောင်းကြားထားသူများနှင့် စခန်းဝင်မည့်သူများအတွက် လိုအပ်သောညွှန်ကြားချက်များကို အမြန်ဆုံးထပ်မံ အကြောင်းကြားသွားမည်ဟု ဆိုသည်။

စခန်းဝင်ကြရမည့်သူများသည် မဲဆောက်ခရိုင်ရုံးမှ စတင်ထွက်ခွာရမည်ဖြစ်ပြီး စခန်းအတွင်းသို့သယ်ယူခွင့်ပြုမည့်ပစ္စည်းအသုံးအဆောင်များနှင့်ပတ်သက်၍လည်း ဆက်လက်ညွှန်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝင်းဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး
သတင်းစဉ်သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဖွဲ့အစည်း၊ ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ညီလာခံပြီးစီး
# ပြည်တွင်းပြည်ပနိုင်ငံရေးလှုပ်ရှားမှုများအရှိန်မြှင့်ရန်ဆုံးဖြတ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ (၈) ကြိမ်မြောက်ညီလာခံကို ဩဂုတ်လ (၁၄) ရက်နေ့မှ (၁၇) ရက်နေ့အထိ လွတ်မြောက်နယ်မြေတနေရာတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ အမျိုးသားကောင်စီ၏ပင်မအဖွဲ့အစည်း (၄) ဖွဲ့ဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်စုစုပေါင်း (၇၀) နှင့် အခြားဖိတ်ကြားထားသူများတက်ရောက်ခဲ့သည်။

ထူးခြားချက်အဖြစ် ညီလာခံသက်တမ်းကို ယခင်က (၂) နှစ်သတ်မှတ်ထားရာမှ (၃) နှစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

၎င်းအပြင် ပြည်ပလှုပ်ရှားမှုများပိုမိုထိရောက်ရေးရည်မှန်းချက်ဖြင့် ဥရောပတွင် အမျိုးသားကောင်စီ၏ ရုံးခန်းဖွင့်ရေးအပါအဝင် ပြည်တွင်း၌လူထုလှုပ်ရှားမှုများအရှိန်မြှင့်လုပ်ဆောင်ရန် ညီလာခံကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။

အမျိုးသားကောင်စီ၏ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး တာမလာဘောနှင့် အထွေထွေအတွင်းရေးမှူးအဖြစ် ဦးမောင်မောင်တို့ကို ညီလာခံမှပြန်လည်ရွေးချယ်ခဲ့သည်။ ထူးခြားမှုအဖြစ် ယခင်ကတွဲဖက်အတွင်းရေးမှူး (၃) ဦးရှိခဲ့ရာမှ တွဲဘက်အထွေထွေအတွင်းရေးမှူး (၄) ဦးသို့ တိုးမြှင့်ရွေးချယ်ခြင်းအပြင် အမျိုးသားကောင်စီအတွင်းရေးမှူးအဖွဲ့၏ ပထမဆုံးအမျိုးသမီးအဖွဲ့ဝင်အဖြစ် မိဆူးပွင့် (အေဘီအက်စ်ဒီအက်ဖ်) ကို ခန့်အပ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီကို (၁၉၉၂) ခုနှစ်၊ အောက်တိုဘာ (၂၂) ရက်နေ့တွင် ပင်မအဖွဲ့ကြီး (၄) ဖွဲ့၊ အဖွဲ့ဝင်အဖွဲ့အစည်း (၄၀) ခန့်ဖြင့် မာနယ်ပလောဒေသတွင် စတင်ဖွဲ့စည်းခဲ့ပြီး စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် စစ်အုပ်စုသူများကို ဆန့်ကျင်တိုက်ပွဲဝင်လျက်ရှိသည်။ ❖



ညီလာခံကိုယ်စားလှယ်များအား အတူတကွတွေ့မြင်ရစဉ်

## အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေမှ မြန်မာ့အရေးကြိုးပမ်းသော အာဆီယံအမတ်များထံစာပေးပို့

သို့
မစ္စတာဇာအစ်အီဗရာဟင်
ဥက္ကဋ္ဌ
မြန်မာ့အရေးကြိုးပမ်းသောအာဆီယံပါလီမန်အမတ်များအဖွဲ့

နေ့စွဲ ဩဂုတ်လ ၂၃၊ ၂၀၀၆ခုနှစ်။

မြန်မာပြည်တွင် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီတည်ဆောက်ရေးအတွက် လူကြီးမင်း၏ကြိုးပမ်းအားထုတ်မှုများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ကိုယ်စား ကျွန်ုပ်အနေဖြင့်ဖော်ပြလိုပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လူကြီးမင်းတို့ အာဆီယံပါလီမန်အမတ်များဖွဲ့၏ မြန်မာ့အရေးကူညီပေးမှုကြောင့် အလွန်ပင်အားတက်ရပါသည်။

လောလောဆယ် လူကြီးမင်းတို့အဖွဲ့၏ အားစိုက်လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအထိရောက်စေပြီး အကျိုးကျေးဇူးများလှပါသည်။ လူကြီးမင်းတို့၏ကြိုးပမ်းမှုအတွက် ကျွန်ုပ်တို့၏ရိုးသားစွာကျေးဇူးတင်ရှိမှုကို ထပ်မံဖော်ပြရပါသည်။

မကြာသောအနာဂတ်တွင် ကျွန်ုပ်တို့ကြိုးပမ်းမှု၏ အသီးအပွင့်များဖြစ်ထွန်းလာလိမ့်မည်ဟု ကျွန်ုပ်တို့ခိုင်မာစွာယုံကြည်ပါသည်။ (AIPMC) အနေဖြင့် မြန်မာပြည်သူလူထုကို ဆက်လက်ကူညီသွားလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

လေးစားစွာဖြင့်
အောင်ရွှေ
(ဥက္ကဋ္ဌ)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## မစုစုနွေးကို ကနေဒါနိုင်ငံက လူ့အခွင့်အရေးဆုချီးမြှင့်


ဂျွန်ဟန်းဖရေးလူ့အခွင့်အရေးဆုရှင် မစုစုနွေး

ကနေဒါနိုင်ငံကချီးမြှင့်သော ဂျွန်ဟန်းဖရေးလူ့အခွင့်အရေးဆု John Humphrey Freedom ကို မြန်မာနိုင်ငံမှ မစုစုနွေးကိုချီးမြှင့်လိုက်ကြောင်း ကနေဒါနိုင်ငံ မွန်ထရီရယ်အခြေစိုက် အခွင့်အရေးရပိုင်ခွင့်နှင့် ဒီမိုကရေစီအဖွဲ့ကြီးက ယခုလ (၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ယခုနှစ် ဂျွန်ဟန်းဖရေးဆုအတွက် ကမ္ဘာတဝှမ်းမှ လူ့အခွင့်အရေးတိုက်ပွဲဝင်နေသူတရာကျော် အမည်စာရင်းတင်သွင်းခဲ့ရာတွင် ထန်းမနိုင်ရွာသူ မစုစုနွေးကို ဆုချီးမြှင့်ရေးအဖွဲ့က ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဆုရွေးချယ်ရေးအဖွဲ့၏ ကြေညာချက်တွင် လူ့အခွင့်အရေးအတွက် မစုစုနွေး၏ ရှုန်းကန်တိုက်ပွဲဝင်မှုနှင့် မတရားမှုကိုခေါင်းငုံမခံတတ်သည့် စိတ်ဓာတ်သည် မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိသင်္ကေတကိုဖော်ညွှန်းပြသနေသည်ဟု ဖော်ပြထားသည်။

(၁၉၉၂) ခုနှစ်က စတင်ချီးမြှင့်ခဲ့သောဆုကို (၁၉၉၉) ခုနှစ်က ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် ဒေါက်တာစင်သီယာမောင်တို့ ပူးတွဲချီးမြှင့်ခံခဲ့ရသည်။

John Humphrey Freedom ဆုသည် လူ့အခွင့်အရေး ကြေညာစာတမ်းမူကြမ်းကို ပထမဦးဆုံးစတင်ရေးသားပြုစုခဲ့သူ ဥပဒေပါမောက္ခ John Humphery ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတဝှမ်းမှ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် အကြမ်းမဖက်တိုက်ပွဲဝင်နေသူများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

မစုစုနွေးက ယခုဆုသည် မြန်မာပြည်သူပြည်အားလုံးကိုချီးမြှင့်သောဆုအဖြစ် နားလည်ကြောင်း၊ မြန်မာပြည်သူလူထု၏ လူ့အခွင့်အရေးနှင် အမှန်တရားအတွက် လုပ်ဆောင်ချက်များကို ကမ္ဘာကအသိအမှတ်ပြုထောက်ခံအားပေးကြောင်း သိရသည့်အတွက် မြန်မာပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှဝမ်းသာကြောင်းနှင့် မြန်မာပြည်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တတ်စွမ်းသရွေ့ ဆက်လက်ကြိုးပမ်းသွားမည့်ကြောင်း ပြောကြားသည်။

ဂျွန်ဟန်းဖရေးဆုပေးအပ်ပွဲကို နိုဝင်ဘာလတွင် ကနေဒါနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး ဒေါ်လာ (၂) သောင်းခွဲ ချီးမြှင့်မည်ဖြစ်သည်။

**အရှေ့မျက်နှာဖုံးသတင်းမှ ...**

ခင်ကမှ ထောင်မှလွတ်မြောက်လာသူ မစုစုနွေးလည်း ကော့မှူးမြို့နယ်၊ ထန်းမနိုင်ရွာမှ အခမ်းအနားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်။ မစုစုနွေးက ရှစ်လေးလုံးတွင်ကျဆုံးသွားသော ရဟန်းရှင်လူကျောင်းသားပြည်သူများကို လွမ်းဆွတ်သတိရနေကြောင်းနှင့် စစ်သေနတ်ပြောင်းဝတွင် အသက်ရှင်နေရသောပြည်သူများ၏ အကြောက်တရားကို သူ့အနေဖြင့် စာနာကြောင်းပြောသည်။ သို့သော် မစုစုနွေးက "မျက်စေ့ဖွင့်ပြီး ကြောက်ကြပါ၊ မျက်စေ့မှိတ်ပြီး မကြောက်ကြပါနဲ့" ဟု စစ်အုပ်စိုးသူလက်အောက်တွင် ဖိနှိပ်ခံနေရသော ဘဝတူပြည်သူလူထုအား တိုက်တွန်းခဲ့သည်။❖